**ငါ့မှာ အပတ်တိုင်း အလုပ်အသစ်ရှိတယ်**

**ဘာသာပြန် စာရေးသူ - ထွန်းလင်းအောင်**

**အခန်း (၅၅၆)**
**ငါမင်းကို ခံစားကြည့်ခိုင်းမယ်**

ကျောက်ဝန် သူမကိုယ်ကို ဘေးသို့ အနည်းငယ် ကြွလိုက်ပြီး လျန်ရူရှယ်အတွက် ထိုင်ခုံနေရာ ပေးလိုက်လေသည်။

"မြို့တော်ဝန်လျန်ကလည်း မစ္စတာလင်းကို လာတွေ့တာပဲလား..."

"အင်း.. ဆိုပါတော့..."လျန်ရူရှယ် ခေါင်းညိမ့်လိုက်ပြီး "ခု လူတွေ အများကြီးက ခွဲစိတ်ခန်းထဲရောက်နေတဲ့ ကလေးကို အာရုံစိုက်နေကြတာလေ.. ဒါကြောင့်မို့

ကျွန်မလည်း အခြေအနေကို တစ်ချက်
လာကြည့်ကြည့်တာ...."

လှိုဇီဟောက်၏ ဖျားနာမှုမှာ အကြောင်းပြချက်၏
သေးငယ်သော အစိတ်အပိုင်းလေးတစ်ခုမျှသာဖြစ်ပြီး
ပို၍ အရေးကြီးသည်ကတော့ သူမ လင်းရှီအပေါ်
သက်ရောက်နေသည့် မကောင်းသတင်းများကြောင့်
ဤနေရာသို့ ရောက်လာခဲ့ခြင်းပင်။

အွန်လိုင်းပေါ်တွင် အဆိုပါ မကောင်းသည့်
သတင်းဆောင်းပါးများမှာ ကူးစက်ရောဂါ သဖွယ်
ပျံ့နှံ့နေပြီး ခေါင်းအေးအေးထား၍ စဉ်းစားနိုင်ရန်
လျှန်ရှုရွှယ်လည်း သူမအလုပ်ကိုပင် စောစီး
နားလိုက်လေသည်။

တစ်ချိန်တည်းတွင် လင်းရီ ခွဲစိတ်ခန်းထဲမှ မြန်မြန် ထွက်လာပါစေဟုလည်း ဆုတောင်းနေမိ၏။ မဟုတ်ပါက အွန်လိုင်းပေါ် ရှိ အခြေအနေများမှာ အချိန်ကြာလာသည်နှင့်အမျှ တစ်စနှင့်တစ်စ ရှုပ်ထွေးလာနိုင်လေသည်။

သို့သော်လည်း လက်ရှိအခြေအနေပေါ် သုံးသပ်ကြည့်ရသလောက်တော့ လင်းရီမှာ အချိန်တစ်ခု ကြာသည်အထိ ထွက်လာလိမ့်ဦးမည် မဟုတ်ပေ။

သူမတတ်နိုင်သည်ကတော့ ထိုင်စောင့်နေဖို့ရာပင်။

သူမအမေနား အကူအညီတောင်းကြည့်ပါသော်လည်း ထူးမခြားနားစွာဖြင့် လင်းရီ ကိုယ်ဘာသာကိုယ် ဖြေရှင်းပါစေဟူသော တုံ့ပြန်ချက်ကိုသာ ရရှိလိုက်သည်။

ယခုဆို Didi ၏ ရှယ်ယာဈေးနှုန်းများမှာ အကန့်အသတ်သို့ ထိုးကျနေပြီး အကယ်၍ အခြေအနေကိုသာ ပြန်လည်ထိန်းချုပ်ရန် နည်းလမ်းမရှိထားပါက မနက်ဖြန် ရောက်သည်နှင့် ရှယ်ယာဈေးနှုန်းများ တစ်ဝက်တိတိ ထိုးကျသွားသည့် အန္တရာယ်ကို တွေ့ကြုံရနိုင်လေသည်။

ချလပ်

ထိုအခိုက်အတန့်တွင် ခွဲစိတ်ခန်း တံခါး ပွင့်လာပြီး ချောင်ရှင်း အလောသုံးဆယ်ဖြင့် ထိုအထဲမှ ထွက်လာခဲ့သည်။ သူမကို မြင်တော့ ခွဲစိတ်ခန်း အပေါက်ဝနားရှိ ထိုင်စောင့်နေသူများမှာ သူမထံ ဝိုင်းအုံလာကြတော့၏။

"အခြေအနေ ဘယ်လိုရှိလဲ ဒေါက်တာ...."

"ခွဲစိတ်မှုက အခုချိန်ထိတော့ ချောချောမွေ့မွေ့ပဲ..
ဒါရိုက်တာလီနဲ့ ဒါရိုက်တာလင်းတို့ နှစ်ယောက်လုံး
ရှိနေမှတော့ ရှင်တို့ ဘာမှ စိတ်ပူနေစရာ
မလိုဘူး..."ချောင်ရှင်း ပြောလိုက်ပြီး
"တစ်စိတ်လောက်... ကျွန်မ ထွက်သွားဖို့
လိုနေသေးတယ်နော်..."

"ဟုတ် ဟုတ် ကျေးဇူးပါဒေါက်တာ...."

လျိုမိသားစုမှ ချောင်ရှင်းအတွက်
လမ်းဖယ်ပေးလိုက်ကြ၏။ ထိုအချိန်တွင်ပဲ လျန်ရူရွယ်
ရှေ့တက်လာပြီး "ဟယ်လို.. အထဲက ခွဲစိတ်မှုက
ဘယ်လောက်ထိ ကြာဦးမလဲဆိုတာ သိလို့ရမလား...."

လျန်ရူရွယ်ကို မြင်တော့ ချောင်ရှင်း သူမ၏
အမူအရာကို တည်တံ့လိုက်ပြီး

"ဒါရိုက်တာလင်းပြောတာတော့ နောက်ထပ် အနည်းဆုံး ငါးနာရီလောက် ကြာဦးမယ်လို့ ပြောတာပဲ...
တကယ်လို့ ဒါရိုက်တာလင်းကို ပြောစရာ ရှိတယ်ဆိုရင် ကျွန်မကနေပြီးတော့ ကိုယ်စား ပြောပေးလို့ ရတယ်...."

လျန်ရူရှယ် တစ်ခဏမျှ တွေးတောပြီးနောက် "ဒါဆို ကျေးဇူးပြုပြီး ဒါရိုက်တာလင်းကို သူ့ကုမ္ပဏီမှာ တစ်ခုခုဖြစ်နေတယ်လို့ ပြောပေးပါလား...."

"အဲ့တာပဲလား...."

"အင်း... အဲ့တာပဲ ပြောပေး..."

"ကောင်းပြီလေ..."

ပြောစရာရှိတာ ပြောဆိုပြီးနောက် လျန်ရူရှယ် လှည့်ထွက်လာခဲ့လိုက်သည်။ သူမ

ထွက်မသွားချင်ပါသော်လည်း သူမ၏ အဆင့်အတန်းက ကျောက်ဝန်နှင့် အတူထိုင်ရန် မသင့်တော်ပေ။

ထိပ်ဆုံး၌ အထီးကျန်ခြင်းက သာမန်သာဖြစ်၏။

အကယ်၍ တစ်စုံတစ်ခုဆိုပါက သူမဘက်မှ မလိုလားအပ်သည့် ယုံမှားသံသယများကို ရှောင်ကြဉ်နိုင်ရန် လိုအပ်လေသည်။

သို့သော်လည်း လျှန်ရှူရှယ် အမှန်တကယ် မထွက်သွားခဲ့ပေ။ ထိုအစား သူမကားထဲသို့ ပြန်၍ စောင့်နေလိုက်၏။

နေမှာ အရှေ့အရပ်မှ ထွက်လာပြီး အနောက်အရပ်သို့ ဝင်သွားကာ များပြားသည့် လူအုပ်ကြီးမှာလည်း လှိုင်းဒီရေကဲ့သို့ တခဏမျှသာ ရောက်လာပြီး ပြန်လည် ဆုတ်ခွာသွားခဲ့ကြသည်။ သုသာန်ကဲ့သို့

တိတ်ဆိတ်နေသည့် ဆေးရုံ၏ ရင်ပြင်တွင် ချမ်းစိမ့်စိမ့် လမင်းကြီးက မိုးကောင်းကင်ထက်တွင် အလင်းပေးနေလေသည်။

အချို့အသိမိတ်ဆွေများ၏ ဖုန်းခေါ်ဆိုမှုများမှလွဲ၍ လျှန်ရှူရှယ်၏ ဖုန်းမှတ်တမ်းမှာလည်း ဗလာကျင်းနေလေသည်။ သူမ မျှော်လင့်နေခဲ့သည့် လင်းရီ၏ ဖုန်းခေါ်ဆိုမှုမှာတော့ ယခုတိုင် ရောက်မလာသေးချေ။

ထိုအခါ သူမ ပို၍ စိုးရိမ်ကြောင့်ကြလာခဲ့သည်။

ဦးစွာ သူမ လင်းရီ၏ ကုမ္ပဏီအတွက် ပူပန်မိသည်။ ထို့ပြင် မနက်ကိုးနာရီမှစ၍ ခွဲစိတ်ခန်းထဲတွင် ဆယ့်နှစ်နာရီနီးပါး ကြာမြင့်နေသည့် လင်းရီအတွက်လည်း သူမ စိတ်ပူပန်နေမိပြန်သည်။

လင်းရီ လင်းရီ... နင် အဲ့လောက် ကြာမြင့်တဲ့ ခွဲစိတ်မှုကို တောင့်ခံနိုင်ပါ့မလား...

ထိုအကြောင်း တွေးတောမိသောအခါ သူမ၏ စိုးရိမ်ပူပန်မှုများမှာ တစ်ပူပေါ် တစ်ပူဆင့်သွားခဲ့တော့၏။

သို့သော်လည်း ယခုက လင်းရီ၏ နောက်ဆုံး ခွဲစိတ်မှုဖြစ်ကြောင်း လင်းရီ ပြောခဲ့ဖူးသည်ကို သူမ  အမှတ်ရသွားခဲ့၏။ အကယ်၍ ခွဲစိတ်မှုသာ အောင်မြင်သွားမည်ဆိုပါက အဆုံးသတ်မှာ လှပသွားပေလိမ့်မည်။ ထိုသို့ဆိုလျှင်တောင် လင်းရီကဲ့သို့ ထူးချွန်သည့် ခွဲစိတ်ဆရာဝန်တစ်လက် နှုတ်ထွက်သွားမှုက လူတိုင်းအတွက် ဆုံးရှုံးမှုကြီးအဖြစ် တွင်ကျန်နေရစ်ခဲ့မည်မှာ အသေအချာပင်။

လျှန်ရူရှယ် သူမ နာရီကို တစ်ချက်ကြည့်လိုက်သောအခါ ည ရှစ်နာရီ မိနစ်ငါးဆယ် ထိုးနေပြီး ချောင်ရှင်း၏ ပြောစကားများအရ လင်းရီ မကြာခင် ခွဲစိတ်ခန်းထဲမှ  ထွက်လာခဲ့ပေတော့မည်။အဝတ်အစား များကို သန့်ပြန့်အောင် ပြုလုပ်လိုက်ပြီး အတွင်းလူနာဆောင်၏ ရှစ်လွှာဆီသို့ ရောက်လာခဲ့၏။

ခွဲစိတ်ခန်း အပေါက်ဝရှိ မြင်ကွင်းမှာတော့ သူမ နေ့လည် လာခဲ့စဉ်တုန်းကနှင့်  အတူတူပင်။

ကျောက်ဝန်မှာလည်း ထိုင်ခုံပေါ်၌ တစ်ချိန်လုံး ထိုင်စောင့်နေပြီး သူမ လမ်းတစ်ဝက်လောက်မှ လာစောင့်နေသည်လားဆိုတာကိုတော့ လျှန်ရူရှယ် မပြောပြတတ်သော်လည်း ယခုလို စောင့်ဆိုင်းနေသည်ကပင် သူမ လင်းရီနှင့် တွေ့ဆုံပြီး

အရေးကြီးကိစ္စ ဆွေးနွေးချင်နေကြောင်း သက်သေပြရန် လုံလောက်လေသည်။

ထိုအခိုက်အတန့်တွင် လျှိုဇီဟောက်၏ မိဘဆွေမျိုးများမှာ ခွဲစိတ်ခန်း အပေါက်ဝ ရှေ့တွင် စကြံလျှောက်နေပြီး မနေနိုင်မထိုင်နိုင်ဖြင့် ခေါင်းမီးတောက်နေကြ၏။

"ခွဲစိတ်ခန်းမီး ပိတ်သွားခဲ့ပြီ..."

လေထုအခြေအနေ လေးလံသိပ်သည်းနေစဉ် လျှိုဇီဟောက်ခဖင်၏ ရေရွတ်သံက လူတိုင်းကို ရင်တစ်ချက် ထိတ်သွားစေခဲ့သည်။

သူတို့အားလုံး တံခါးရှေ့တွင် စုဝေးနေကြပြီး တံခါးပွင့်လာမည့် အခိုက်အတန့်ကို စောင့်ဆိုင်းနေကြလေသည်။

သို့သော်လည်း ပထမဆုံး ထွက်လာသူက လင်းရီနှင့် လီချူးဟန် မဟုတ်ပဲ ချောင်ရှင်းနှင့် နာစ့်အချို့သာ ဖြစ်၏။သူမတို့အားလုံး ဆေးကိရိယာများ တပ်ဆင်ထားသည့် လျိုဇီဟောက်ကို တွန်းလှည်းဖြင့် တင်ဆောင်လာခဲ့ကြသည်။

"ဒေါက်တာ အခြေအနေဘယ်လိုရှိလဲ.. ခွဲစိတ်မှုက အောင်မြင်တာလားဟင်..."လျိုဇီဟောက်၏ မိခင်မှာ ရင်ဘက်ကို တင်းကြပ်စွာဖိရင်း မေးမြန်းလိုက်၏။

"ခွဲစိတ်မှုက အောင်မြင်တယ်....ရှင်တို့ လမ်းပိတ်ရပ်မနေကြနဲ့.. ကလေးကို

အထူးကြပ်မတ်ဆောင်ဆီ အရင်
ခေါ်သွားလိုက်ဦးမယ်...."

"ဟုတ် ဟုတ် ဟုတ်ကဲ့ ကောင်းပါပြီ ခင်ဗျ...
ကျေးဇူးပါ.. ကျေးဇူးတင်ပါတယ်ဒေါက်တာ..."

တစ်ချိန်တည်းတွင် လျှန်ရှူရှယ်နှင့် ကျောက်ဝန်လည်း
ပြိုင်တူရောက်ရှိလာပြီး "လင်းရီကကော....သူ
ထွက်မလာသေးဘူးလား..."လျှန်ရှူရှယ်မှ
မေးမြန်းလိုက်၏။

"ဒါရိုက်တာလင်းက ခွဲစိတ်ခန်းထဲမှာ... သူ
ပင်ပန်းလွန်းလို့ ရွှေ့တောင်
မရွှေ့နိုင်တော့ဘူး..."ချောင်ရှင်း ပြောလိုက်လေသည်။

"ပင် ပင်ပန်းလွန်းလို့ ရွှေ့တောင် မရွှေ့နိုင်တော့ဘူး...."

အမြဲတစေ ခွန်အားပြည့်နှက်နေသည့် လင်းရီမှာ ယခုလို မောပန်းသည့်နေ့မျိုး ရှိလာလိမ့်ဦးမည်လို့ သူမ ထင်မထားခဲ့ချေ။

"ဒါရိုက်တာလင်းက အရမ်းလေးစားဖို့ကောင်းတာ...ခွဲစိတ်မှုက အရမ်းကို ပြင်းထန်တယ်... တကယ်လို့ သာမန် ဒေါက်တာသာဆိုရင် သုံးလေးနာရီတောင် ခံနိုင်ရည်ရှိမှာ မဟုတ်ဘူး..."ချောင်ရှင်း ပြောလိုက်ပြီး "ပြီးတော့ ဒါရိုက်တာလင်းက တစ်နေ့လုံး ဘာမှလည်း မစားဘူး.. ရေတောင် နည်းနည်းလေးပဲ သောက်တာ... သူ ဒီလောက်ထိ ချိနဲ့သွားတာလည်း ဆန်းတော့ မဆန်းပါဘူး..."

"ကျွန်မ အထဲဝင်ပြီး ကြည့်လို့ရမလား..."

ထိုသို့ တောင်းဆိုလိုက်သည်က အနည်းငယ်
လွန်ကဲကြောင်း လျန်ရှူရွယ် နားလည်သောကြောင့်
တောင်းဆိုနေသည့် လေသံဖြင့် ပြောလိုက်၏။

"ရတယ်လေ...." ချောင်ရှင်း စက္ကန့်အနည်းငယ်ကြာ
တုံ့ဆိုင်းနေပြီးနောက် သဘောတူလိုက်သည်။
မည်သို့ပင်ဆိုစေ ခွဲစိတ်မှုမှာလည်း
ပြီးမြောက်နေပြီး  လျန်ရှူရွယ်၏
ရာထူးအဆင့်အတန်းနှင့်ဆိုပါက မေးခွန်းထုတ်နေရန်ပင်
မလိုအပ်ချေ။

"ကျေးဇူးပါ..."

လျန်ရှူရွယ် ခွဲစိတ်ခန်းတံခါးဖွင့်ပြီး သူမ၏
ဒေါက်မြင့်ဖိနပ်သံနှင့်အတူ
သော့သော့လေးပြေးဝင်သွားတော့၏။

သူမ လင်းရီကို တွေ့သောအခါ  မျက်လုံးတို့ မှိတ်လျက်
ကြမ်းပြင်တွင် အသက်ဖျော့တော့စွာ
ရှူသွင်းနေကြောင်း သတိထားမိလိုက်လေသည်။

လင်းရီ၏ ခွဲစိတ်ခန်း ဝတ်စုံမှာ ချွေးတို့ဖြင့် ရွှဲနစ်နေပြီး
မတ်တပ်ပင် မရပ်နိုင်တော့လောက်အောင်
ပင်ပန်းချိနဲ့နေခဲ့၏။

လီချူးဟာန်နှင့် ကျိန်းပင်းကျန်းတို့ကတော့
ထောင်တစ်နေရာတွင် ခွေလျက်သား
အိပ်မောကျနေလေပြီ။

ခြေသံများကို ကြားတော့ လင်းရီ ခက်ခဲစွာ
မျက်လုံးဖွင့်ကြည့်လိုက်ပြီး "မင်း… ဘာလို့
ဒီရောက်လာခဲ့တာ…."

"နင့်ကို စိတ်ပူလို့ပေါ့ဟဲ့..."လျှန်ရှုရှယ် လင်းရီအနား ထိုင်လိုက်ပြီး နဖူးထက်ရှိ ချွေးစေးများကို အိတ်ထဲရှိ တစ်သျှူးဖြင့် သုတ်ပေးလိုက်၏။ သူမ၏ မျက်ဝန်းများမှာတော့ နူးညံ့ညှင်သာနေလေသည်။

"နင် အရမ်းပင်ပန်းသွားမှာပေါ့နော်..."

"အင်း....ငါ အမျိုးသမီး တစ်ရာနဲ့ ကုတင်ပေါ်မှာ တိုက်ပွဲပြင်းထန်ရမယ်ဆိုရင်တောင် ဘယ်လိုမှ နေမှာ မဟုတ်ဘူး.. ခု ဒီလိုပုံစံဖြစ်သွားတယ်ဆိုတော့ ခွဲစိတ်တာက သေချာပေါက် လူတွေလုပ်သင့်တဲ့ အလုပ်မဟုတ်ဘူး...."

"ပေါက်တတ်ကရတွေ လျှောက်ပြောမနေစမ်းနဲ့.. ဒီနေရာက နားရမယ့် နေရာမဟုတ်ဘူး.. ထ....ငါနင့်ကို ကူထုတ်သွားပေးမယ်.."

"ငါ လမ်းလျှောက်နိုင်ဦးမယ်လို့ ထင်လား..."လင်းရီ ဖျော့တော့စွာပြုံးလိုက်ပြီး "ခြေထောက်တွေလည်း ပျော့ခွေနေပြီ..."

"ဟင် အဲ့လောက်တောင် ဆိုးလား..."

"ငါ ပြန်သက်သာလာတဲ့ အချိန်ကိုစောင့်... အဲ့ခါကျ ခြေထောက်တွေ မမြှောက်နိုင်တာက ဘယ်လိုမျိုးလဲဆိုတာ မင်းကို ခံစားခိုင်းမယ်..."

"ဟွန့်...နင်ကတော့ ညစ်တီးညစ်ပတ်တာတွေ လျှောက်ပြောနေပြန်ပြီ..."လျန်ရူရွှယ် ကြိမ်းမောင်းလိုက်ပြီး "သွားစို့.. ငါနင့်ကို တွဲသွားပေးမယ်.. ကြမ်းပြင်ပေါ် ဒီလိုကြီးထိုင်နေရင် အအေးမိသွားမှာပေါ့...."

သို့နှင့် လျှန်ရှူရှယ် လင်းရီ၏ လက်မောင်းကို တွဲပြီး ခွဲစိတ်ခန်းပြင်ပသို့ ရောက်ရှိလာလေသည်။

လီချူးဟန်နှင့် ကျိန်းပင်းကျန်း တို့ကတော့ အခြားနာ့စ်များ၏ အကူအညီဖြင့် အပြင်သို့ ရောက်နေခဲ့ပြီးဖြစ်၏။

ခွဲစိတ်ခန်းထဲမှ ထွက်လာခဲ့ပြီးနောက် လင်းရီ မနီးမဝေးရှိ ကျောက်ဝန်ကို မြင်သွားပြီး နှုတ်မှအလိုလို ထွက်သွားခဲ့သည်။ "အားလုံး အဆင်ပြေတယ်မလား..."

"အကုန် အဆင်ပြေတယ်... ရှင် ဖြစ်ချင်တဲ့အတိုင်းပဲ..."

"ကောင်းပြီလေ.. ဒါဆိုလည်း လက်မှတ်ထိုးကြတာပေါ့..."

သုံးယောက်သား လူနာမရှိသည့် အခန်းထဲသို့ ရောက်လာခဲ့ပြီး လင်းရီ မနေနိုင်စွာဖြင့် ကုတင်ပင် လဲလျောင်းလိုက်တော့၏။ တစ်ချိန်တည်းတွင် နာ့စ်များမှ လင်းရီ အားပြန်ပြည့်လာစေရန် ကွဲရိုင်းအချို့ ယူလာပေးလေသည်။

"ဒီထဲမှာ အားလုံးပါတယ်..."ကျောက်ဝန် စာချုပ်ကို ကမ်းပေးလိုက်ပြီး "ပြဿနာ ရှိလားလို့ တစ်ချက် စစ်ကြည့်ကြည့်လိုက်ဦး..."

"မင်းကို ယုံပါတယ်.. မစစ်တော့ပါဘူး..."

"ကောင်းပြီလေ.. ဒါဆိုလည်း ကျွန်မ ဟိုတယ်ဆီပြန်တော့မယ်... ရှင် လက်မှတ်ထိုးပြီးတာနဲ့ ကျွန်မဆီ ပြန်ပို့လိုက်..."

"အိုကေ..."

ကျောက်ဝန် လင်းရီနှင့် လျန်ရူရှယ်တို့၏ ကိစ္စကို မနှောင့်နှေးစေပဲ သူမအလုပ်ကိစ္စ ပြီးမြောက်သည်နှင့် တစ်ခါတည်း ထွက်ခွာသွားတော့၏။

လက်ထဲရှိ စာရွက်စာတမ်းများကို ကိုင်ရင်း လင်းရီလျန်ရူရှယ်ထံ ကမ်းပေးလိုက်သည်။

"လက်မှတ်ထိုးလိုက်…”

**အခန်း (၅၅၇)**
**ငါကတော့ စိတ်မရှိပါဘူး.. မင်း ရှက်သွားမှာကိုပဲ စိုးတာ..**

"ဒါက ဘာကြီးလဲ..."

လျှန်ရှူရှယ် အနည်းငယ် အံ့အားသင့်သွားခဲ့သည်။

ဒါက သူမနဲ့ ဘာမှ မဆိုင်ဘူး မဟုတ်လား

"Pfizer နဲ့ အဓိက ဆေးကုမ္ပဏီခြောက်ခုက ငါနဲ့ ပူးပေါင်းပြီး ကမ္ဘာ့ထိပ်တန်း ဆေးဝါးသုတေသန စင်တာကြီးတစ်ခု ဆောက်လုပ်ချင်နေတာ.. ငါလည်း သူတို့နဲ့ အပြိုင်ပြင်းခုန်ပြီး ဆောက်မယ့် တည်နေရာကို ကျိုးဟိုင်မှာ သတ်မှတ်ခိုင်းလိုက်တယ်လေ...."

လင်းရီ ကျွဲရိုင်းတစ်ဘူးသောက်ပြီး ကုတင်ကိုမှီ၍ စကားပြောနေသော်လည်း သူ၏ လေသံမှာ အနည်းငယ် အားနည်းနေသေးသည်။

"အနာဂတ်ကျရင် အဲ့ဒီ သုတေသန စင်တာက ထုတ်လုပ်တဲ့ ဆေးတွေရဲ့တန်ဖိုးက ဟွာရှမှာ

ထုတ်လုပ်မှု ကုန်ကျစရိတ်ရဲ့၅၀ ရာခိုင်နှုန်းကို ကျော်မှာ မဟုတ်ဘူး.... "

"နောက်ပြီး ငါမင်းအစား Nosinogen Sodium နဲ့ Zolgensmaအပါအဝင် တခြားဆေးတွေကိုလည်း သုံးပုံနှစ်ပုံလောက် လျှော့ချပေးဖို့ စျေးကူစစ်ထားပေးသေးတယ်... မင်းလက်မှတ်ထိုးလိုက်တာနဲ့ အဲ့ဒီ အကျိုးခံစားခွင့်တွေက ချက်ချင်း သက်ရောက်လာမှာပဲ..."

လျှန်ရှူရှယ် သူမ မိုးကြိုးအပစ်ခံထားရသကဲ့သို့ နေရာတွင် ငူငူငိုင်ငိုင်ကြီး ရပ်နေမိလေသည်။

အရှုံးတစ်ယောက်ကဲ့သို့ သူမ၏ စိတ်က
အမိန့်ပေးနေသော်လည်း ခန္ဓာကိုယ်က
မလိုက်နာနိုင်တော့ချေ။

ကမ္ဘာ့ထိပ်တန်း ဆေးဝါးသုတေသန စင်တာကို
ကျိုးဟိုင်၌ တည်ဆောက်နိုင်သည်ကပင် ဧရာမ
အောင်မြင်မှုကြီးဖြစ်၏။

ထိုမျှမကသေး။ ထုတ်လုပ်သည့် ဆေးဝါးမှန်သမျှ
ၑင်းတို့၏ ကျသင့်တန်ဖိုးမှာ ကုန်ကျစရိတ်၏
ငါးဆယ်ရာခိုင်နှုန်းကို
ကျော်လွန်လိမ့်မယ်မဟုတ်သောကြောင့်
ဆေးဝါးဖြန့်ဖြူးရေးကုမ္ပဏီတစ်ခုအတွက်တော့
ယင်းဈေးနှုန်းက အတော်လေး နိမ့်ပါးသည့်
ဈေးနှုန်းတစ်ခု ဖြစ်နေလေပြီ။

အရေးကြီးဆုံးကတော့ လင်းရီမှာ ဗဟိုအစိုးရ ဆေးဝါးကွပ်ကဲရေးဌာန၏ နှစ်ပေါင်းများစွာ ကြိုးပမ်းအားထုတ်နေသော်လည်း မအောင်မြင်ခဲ့သည့် တာဝန်တစ်ရပ်ကို တစ်ကိုယ်တော် ပြီးမြောက်နိုင်ခဲ့ခြင်းပင်။

သူ.. သူ ဘယ်လိုမျိုး လုပ်လိုက်တာလဲ...

မည်သူကမျှတော့ အကျိုးအမြတ်မရှိသည့် သဘောတူညီမှုမျိုးကို လုပ်ဆောင်လိမ့်မည် မဟုတ်ချေ။

Pfizer နဲ့ အဓိက ဆေးကုမ္ပဏီခြောက်ခုက ဒီရဲ့ အခြေအနေတွေကို သဘောတူအောင် သူဘာတွေများ လုပ်လိုက်တာပါလိမ့်...

"နင်ဘာလို့ ငါ့ကို လာပေးနေတာ..."လျှန်ရှူရှယ် မေးမြန်းလိုက်ပြီး "နင်ကြိုးပမ်းထားတဲ့ ရလဒ်ကို ငါ အပေါ်က နှမ်းဖြူးသလိုမျိုး မလုပ်ချင်ဘူး..."

"ငါအရင်က ပြောခဲ့ဖူးတယ်မလား.. ငါ မင်းကို နှစ်နှစ်အတွင်း ရာထူးတိုးအောင် လုပ်ပေးမယ်ဆိုတာလေ.. ခု ဖိုတိုလီတိုဂရပ်ဖီစက် အောင်မြင်တဲ့ အထိ စောင့်နေစရာ မလိုတော့ဘူး.. ဒီရဲ့ စာချုပ်နဲ့တင် မင်းရာထူးတိုးဖို့ ကျိန်းသေတယ်..."

"ငါ့အတွက်က အဲ့တာတွေ အရေးမကြီးပါဘူး လင်းရှီရယ်.. ငါက ဒီတိုင်း နင် ခက်ခက်ခဲခဲနဲ့ ကြိုးပမ်းထားတာတွေကို ငါ့ရာထူးတိုးဖို့အတွက် အနင်းခံ ကျောက်တုံး မလုပ်ချင်လို့ပါ..."

"ဒါပေမယ့် ငါ့အတွက် သိမ်းထားလည်း အလကားပဲလေ.. မင်းက ငါ့ကို နိုင်ငံရေးထဲ ဝင်စေချင်နေတာလား.. အဲ့တာက လုံးဝ မဖြစ်နိုင်ဘူး..."လင်းရီ ပြုံးလိုက်ပြီး "တကယ်လို့ မင်းသာ ရာထူးတိုးသွားမယ်ဆိုရင် မင်းက ကျိုးဟိုင်ရဲ့ ဘောစ့်ဖြစ်လာပြီးတော့ ကျိုးဟိုင်တစ်ခုလုံးက ငါတို့မိသားစုအပိုင် ဖြစ်လာမှာလေ....."

"ဟွန့် ငါ့ကို လာစမနေနဲ့..."လျန်ရူရှယ် ပြောလိုက်ပြီး "ခု Muddy Waters က ပြဿနာတွေ စဖန်တီးနေပြီ... ခုဆို နင့်ရဲ့မကောင်းသတင်းတွေက အင်တာနက်ပေါ်မှာ မပြင်တော့မှ အဆုံးပဲ....အခုမှ တကယ်ကြီး ကပ်ဆိုက်တာ..."

ထိုသို့ ပြောပြီးနောက် လျန်ရူရှယ် သူ့အနား ရောက်ရှိလာပြီး "လဲလိုက်.. ငါနင့်ကို နှိပ်ပေးမယ်...."

"မင်းက နှိပ်တတ်တယ်ပေါ့..."

"အိမ်မှာဆို အဖေ့ကို နှိပ်ပေးနေကြပါနော်.. ငါက နင်ထင်ထားတာထက် အများကြီး ပိုကျွမ်းတယ်..."

လင်းရီ ကိုယ်နေဟန်ထားကို ပြောင်းလဲလိုက်ပြီး ခုတင်ပေါ် ဝမ်းလျားမှောက်ကာ လျှန်ရှုရှယ်၏ အပြုအစုကို ပြုံးရွှင်စွာဖြင့် နှစ်သက်ခံစားနေလေသည်။

"Muddy waters ဘက်က လှုပ်ရှားလာမယ်ဆိုတာ ငါ ဟိုးအရင်ကတည်းကနေ ခန့်မှန်းပြီးသား... ဒါပေမယ့် ငါ့ကံလေးက နည်းနည်းလေးခေနေတော့ တကယ့် အရေးကြီးတဲ့ ခွဲစိတ်မှု ပေါ်လာပြီးတော့မှ ပြန်တိုက်ခိုက်ရမယ့် အခွင့်အရေးကို ဆုံးရှုံးလိုက်ရတယ်...."

"ဒါပေမယ့် သူတို့ ရေးထားတဲ့
မကောင်းသတင်းတွေကတော့ နှင်
စိတ်ကူးကြည့်လို့ရမှာတောင် မဟုတ်ဘူးနော်..."

လျှန်ရှူရှယ် ဖုန်းကို လင်းရီထံ ကမ်းပေးလိုက်ပြီး "ငါ
နှင့်ကိုယ်စား အရေးကြီးသတင်းတွေကို
စစ်ထုတ်ထားပေးတယ်.. နှင် တစ်ချက်ကြည့်လိုက်တာနဲ့
နားလည်မှာပါ..."

လျှန်ရှူရှယ်၏ ဖုန်းကို ယူကြည့်လိုက်သောအခါ လင်းရီ
ခန္ဓာကိုယ် မသိမသာ တုန်ယင်သွားပြီး စိတ်ထဲတွင်
ပေါက်ကွဲမှုကြီးတစ်ခု ဖြစ်ပေါ်လာလေသည်။

"လင်းယွမ်အုပ်စုရဲ့ဥက္ကဌ လင်းရီက အမျိုးသမီးတွေ
အများကြီးနဲ့ ဇာတ်လမ်းရှုပ်နေပါတယ်...."

အဆိုပါ ရေပန်းစားနေသည့် သတင်းက လင်းရှီ၏ အမူအရာကို အေးစက်သွားစေပြီး လျန်ရူရှယ်ကို မအီမသာ ဖြစ်စေလေသည်။

သူက စိတ်တိုနေရင် ပုံမှန် ပေါ့တီပေါ့ပျက်စတိုင်နဲ့ ဘာမှကို မဆိုင်တာပဲ...

"ခု Didi ရဲ့ရှယ်ယာတွေက အကန့်အသတ်ရောက်အောင်ကို ထိုးကျနေပြီ.. နင် အစောပိုင်း ဝယ်ထားခဲ့တဲ့ တစ်ရာ ဘီလီယမ်ကလည်း သဲထဲရေသွန်ပဲ...."လျန်ရူရှယ် နှိပ်နယ်ပေးရင်း ပြောဆိုလိုက်ပြီး "ကျောက်မိုတောင်မှ အကျိုးရလဒ်က ဒီလောက်ထိ ကောင်းမွန်လိမ့်မယ်လို့ ထင်ထားမှာ မဟုတ်လောက်ဘူး.. PR ဌာနတွေကလည်း တတ်နိုင်သလောက် အစွမ်းကုန်

ဖြေရှင်းထားတယ်ဆိုပေမယ့် ရှယ်ယာတန်ဖိုး ကျဆင်းတာကိုတော့ ဘယ်လိုမှ တားမြစ်လို့ မရဘူး..."

"နောက်ပြီး ဥက္ကဌကြီးကလည်း ဒီကိစ္စကို သတိထားမိလောက်တယ်... နင်တို့ နှစ်ယောက်ရဲ့ ဆက်ဆံရေးကို အချိန်မှီ ပြုပြင်လိုက်တာ ပိုကောင်းမယ်နော.... "

လင်းရီ ဘာမျှ မပြောပဲ သူ့အိတ်ကပ်ကို စမ်းလိုက်သောအခါ ခွဲစိတ်ဝတ်စုံ ဝတ်ဆင်ထားကြောင်း သတိပြုမိလိုက်၏။ သူ၏ ဖုန်းမှာ ဗီဒိုထဲတွင် ကျန်နေခဲ့လေပြီ။

လျှန်ရှူရွှယ်ကို ကျေးဇူးတင်ပြီးနောက် ချောင်ရှင်းကို သူ၏ အဝတ်အစားများနှင့် ဖုန်းယူလာခဲ့ပေးဖို့ ပြောလိုက်သည်။

ထိုအခါ သူ၏ ဖုန်းထဲတွင် လွဲချော်သွားသည့် ဖုန်းခေါ်ဆိုမှုပေါင်း တစ်ဒါဇင်ကျော် ရှိနေကြောင်း မြင်တွေ့လိုက်ရပြီး ဟော်ယွမ်ယွမ် ၊ ချီရှန်းကျောက် ၊ချင်းဟာန် ၊ လျန်ကျင်းမင်၊ ကောင်းကျုံးယွမ်နှင့် သူ၏ မေမေဝမ်ပင် ဖုန်းခေါ်ထားသေး၏။

အကျဉ်းချုပ်လိုက်လျှင်တော့ ထိုသူများအားလုံးမှာ သူ့ထံ ဖုန်းဆက်လာသင့်သည့်သူများပင်။ သို့သော်လည်း ထိုအထဲတွင် ကျီချင်းရန်ကတော့ ဖုန်းမခေါ်လာခဲ့ချေ။

သူ့ဖုန်းကို ကိုင်ရင်း လင်းရီ ဟော်ယွမ်ယွမ်ထံ ဖုန်းဆက်လိုက်၏။

"ဘော့စ်.. နောက်ဆုံးတော့ ဖုန်းဆက်လာပြီပေါ့လေ..."

ဟော်ယွမ်ယွမ် အားနည်းနေသည့် လေသံဖြင့် "ကျွန်မတို့လည်း PR ပြဿနာတွေကို

အကောင်းဆုံးဖြေရှင်းဖို့ ကြိုးစားခဲ့တာပဲ.. ဒါပေမယ့် အလုပ်မှ မဖြစ်တာ... မြန်မြန်လေး ဘာဆက်လုပ်ရမလဲဆိုတာ ကျွန်မတို့ကို ပြောဦး..."

"မနက်ဖြန် မနက် ဆယ်နာရီကျရင် ငါတို့ဘက်က သတင်းစာ ရှင်းလင်းပွဲ လုပ်မယ်လို့ မီဒီယာတွေကို အသိပေးထားလိုက်..."

"နားလည်ပြီ.. ဒါပဲလား..."

စက္ကန့်အနည်းငယ်ကြာအောင် တိတ်ဆိတ် ငြိမ်သက်ပြီးနောက် လင်းရီ ပြောလာခဲ့သည်။

"မင်းရဲ့အစ်မကျီကော..."

"အစ်မကျီ... သူလား.. မနက်တုန်းကတည်းက ထွက်သွားပြီးတော့ ကုမ္ပဏီမှာ PR ကိစ္စတွေ ကိုင်တွယ်မယ်လို့ ပြောသွားတာပဲ...."

"အဲ့ဒါပြီးတော့ကော.. မင်းဆီ ဆက်သွယ်လာသေးလား...."

"ဟင့်အင်း...."ဟော်ယွမ်ယွမ် ပြောလိုက်ပြီး "ကျွန်မလည်း ဖုန်းမခေါ် ရဲဘူး... ဒါပေမယ့် အစ်မကျီကတော့ ဘော့စ်ကို ဖုန်းဆက်ပြီး ဒီအကြောင်းတွေ ပြောပြလိမ့်မယ်လို့တော့ ထင်တာပဲ..."

"မင်းတောင် အတော်လေးပြောင်းလဲသွားပြီ.. ငါ့ကို အရင်လို မကောင်းတဲ့ကောင်လို့ မခေါ်တော့ပါလား...."

"ဘာလို့လဲဆိုတော့
ဖြစ်နိုင်ချေမရှိလို့လေ..."ဟော်ယွမ်ယွမ် ပြောလိုက်ပြီး
"လီချူးဟန်ဆိုတဲ့ အမျိုးသမီးက အစ်မကျီလောက်မှ
မလှပဲဟာကို.. ယုတ္တိကျကျ ပြောရရင် ဘော့စ်က
ဒုတိယလူအနေနဲ့တောင် ရွေးချယ်မှာ
မဟုတ်ဘူးမလား... "

"ငါတို့ကြားထဲမှာ ဘာမှ မဖြစ်ထားဘူး ဆိုပေမယ့်
မင်းလို စဉ်းစားတွေးခေါ်တတ်တဲ့ လက်အောက်
ဝန်ထမ်းတွေကို ငါ အရမ်းသဘောကျတာပဲ သိလား..."

"ထားပါ.. ကျွန်မနဲ့ ဘော့စ်ကြားထဲမှာ အဲ့လိုတွေ ပြောဖို့
မလိုပါဘူး.... လစာလေး နည်းနည်းလောက်
တိုးပေးရင်........တီ တီ တီ ..."

ဟော်ယွမ်ယွမ် "......"

"ဘယ်လိုလဲ.. ဉက္ကဌကြီးဘက်က အခြေအနေ သိပ်မကောင်းဘူးမလား... "လျှန်ရှုရှယ်၏ အမူအရာမှာ အနည်းငယ် သဘာဝ မကျဖြစ်နေပြီး "ခဏလောက် နားပြီးတော့ နင်သူ့ကို သွားရှာပြီး ရှင်းပြလိုက်လေ.. အဲ့တာဆို အဆင်ပြေပြေနဲ့ ပြီးသွားမှာပဲ မဟုတ်ဘူးလား..."

"ငါ မသွားဘူး...."

"နင် မသွားဘူး..."

"တကယ်လို့ ငါသွားလိုက်မယ်ဆိုရင် ငါတို့ နှစ်ယောက်ကြားထဲမှာ ဇာတ်လမ်းတွေ ရှိခဲ့တယ်ဆိုတဲ့ အဓိပ္ပာယ်မျိုး မသက်ရောက်သွားနိုင်ဘူးလား..."လင်းရီ ပြောလိုက်ပြီး "ပြီးတော့ ငါတို့ နှစ်ယောက်ကြားထဲမှာလည်း တကယ်ကြီး ဘာမှ

မဖြစ်ထားဘူးလေ.. တကယ်လို့ အဲ့တာကိုမှ ရှင်းပြဖို့ ကြိုးစားလိုက်ရင် အခြေအနေတွေက ပိုဆိုးသွားတော့မှာ....."

"အဆင်ပြေပါ့မလားဟယ်...."

"ဘာစိတ်ပူစရာ ရှိလို့... "လင်းရီ ပြောလိုက်ပြီး "တကယ်လို့ ငါသာ စိတ်ပါရင် ဆေးရုံက နာ့စ်တွေတောင် ငါနဲ့ အိပ်ဖို့ သဘောတူမှာပဲ.. ငါ့မှာ တခြား အရေးကြီးကိစ္စတွေ ကိုင်တွယ်ဖို့တောင် အချိန်ရမှာ မဟုတ်ဘူး..."

လျန်ရူရှယ် လင်းရီကို ပြောစရာစကား ကင်းမဲ့စွာဖြင့် ကြည့်လိုက်သည်။

လင်းရီ၏ စကားလုံးများမှာ မောက်မာလှသော်လည်း သူ့တွင် ထိုသို့ မောက်မာရန် အရည်အချင်း ရှိလေသည်။

"ဒါဆို နင်က နင့်ကိုယ်နင် မရှင်းပြတော့ပဲ ဒီတိုင်းအချိန်ဖြုန်းနေတော့မယ်ပေါ့.... "

"မရှင်းပြဘူး... ဒီတိုင်းပဲ အချိန်ဖြုန်းမယ်...."

"အဲ့ဒါဆိုနင်က ဘာလုပ်ချင်နေတာလဲ..."

"ငါ လုပ်ချင်တာက...မင်း ကျွေးတဲ့ အရသာရှိတာတွေ စားချင်တယ်...."

"နင်က နင့်ရဲ့ကောင်မလေးကို ပစ်ထားပြီးတော့ တကယ်ကြီး ငါ့ရဲ့နေရာမှာ စားချင်နေတယ်ပေါ့....ဟုတ်လား...."

ငယ်ရွယ်စဉ်ကတည်းက ညစ်ညမ်းဟာသများနှင့် နေသားကျလာခဲ့သည့် လျှန်ရှူရွယ်မှာ သဘာဝ အလျောက် လင်းရီ၏ ဆိုလိုရင်းကို သဘောပေါက်လေသည်။

သို့သော်လည်း  ရိုးရှင်းစွာဖြင့် နားမလည်ချင် ယောင် ဆောင်နေလိုက်၏။

"ဘာဖြစ်ရဦးမှာ... မင်းက ငါ့ကို ရှေ့တန်းထွက်ခိုင်းပြီး အာဇာနည်ကြီး ဖြစ်စေချင်နေတာလား... "လင်းရီ မတ်တပ်ရပ်လိုက်ပြီး"ခဏလောက် အပြင်ထွက်ပေး.. ငါ အဝတ်အစားလဲချင်လို့..."

"နင် ဆန္ဒရှိသလို လဲလို့ရတယ်... နင်က ငါ့ကို အလေးအနက် မထားမှတော့ ငါလည်း မျက်နှာ မရှက်ပါဘူး...."

"ငါက စိတ်မရှိဘူး... မင်း ရှက်နေမှာ စိုးလို့ပြောနေရတာ..."

လျန်ရူရှယ် လင်းရီကို မျက်လုံးလှိမ့်လိုက်ပြီး "ငါ့ကို ဆယ်ကျော်သက် ကောင်မလေးတစ်ယောက်လို မဆက်ဆံစမ်းပါနဲ့.. ငါက စစ်ဒေသမှာ ကြီးပြင်းခဲ့တာနော်...."

"ပြီးတာပဲလေ...."

လင်းရီ သူ၏ ခွဲစိတ်ခန်းဝတ်စုံကို ချွတ်ချလိုက်ပြီး စတင် အဝတ်အစားလဲတော့၏။

အား.....

လျန်ရူရှယ် မျက်နှာကို လက်နှစ်ဖက်ဖြင့် အုပ်၍ အသားကုန် အော်ဟစ်လိုက်လေသည်။

"ကောင်စုတ်.. နင်ဘာလို့ အောက်က ဘာမှ မခံထားတာလဲ....."

## အခန်း (၅၅၈)
## မေမေ ကျိုးဟိုင်ကို ရောက်နေပြီ...

"အစ်မကြီး... နင် နည်းနည်းလေး အသိတရား ရှိပါဦးလား...."လင်းရီ ပြောလိုက်ပြီး "ဒေါက်တာတွေက ခွဲစိတ်ခန်းဝင်ရင် ခွဲစိတ်ခန်းဝတ်စုံကလွဲရင် တခြား ဘာမှ ဝတ်လို့မရဘူး... မဟုတ်ရင် ပူကပူ ချွေးတွေရွဲနေတဲ့ ဒဏ်ကို ဘယ်သူက ခံနိုင်မှာ..."

"အဓိပ္ပာယ်မရှိတာ.. အမျိုးသမီး ဒေါက်တာတွေတောင် ခံနိုင်ရည်ရှိရင် နင်တို့ အမျိုးသားတွေလည်း ခံနိုင်ရန် ရှိရမှာပေါ့...."

"အမျိုးသမီး ဒေါက်တာတွေလည်း အတူတူပဲလေ..."လင်းရီ ပြောလိုက်ပြီး "လီချူးဟန်လည်း သူ့အောက်မှာ ဘာမှ မခံထားဘူး..."

"တကယ်....."

"ဒါပေါ့ကွ..."လင်းရီ ပြောလိုက်ပြီး "မင်းထင်နေတာ ဆရာဝန်ဖြစ်ရတာ လွယ်ကူတယ်များ အောက်မေ့နေတာလား... "

"ဒါဆို နင်ဘာမှ မဝတ်ထားတော့ကျ အောက်က တုံ့ပြန်လာမှာ နင်မကြောက်ဘူးလား... အဲ့လိုဆို ဘယ်လောက်တောင် ကိုးရိုးကားယား နိုင်လိုက်မလဲ...."

"ခွဲစိတ်ခန်းထဲလို နေရာမျိုးက
သွေးတွေနဲ့ဖုံးလွှမ်းနေမှာလေ... မင်းခေါင်းထဲမှာ
အမှိုက်တွေနဲ့ ပြည့်နှက်နေတာလား..."

"အဲ့တာ ပုံမှန် အတွေးပဲမဟုတ်လား..."

"ငါ့ဖင်ကြီးကိုပဲ ပုံမှန်နေလိုက်..."

သို့နှင့် လင်းရီ လျှန်ရူရွှယ်၏ တင်ပါးကို
တုန်ဆတ်သွားအောင် ရိုက်လိုက်ပြီး "သွားစို့.. ငါ
အဝတ်လဲပြီးသွားပြီ..."

လျှန်ရူရွှယ် လင်းရီကို နောက်မှနေ၍
မကျေမနပ်ကြည့်လိုက်ပြီး
"ဟွန့်...မကောင်းတဲ့ကောင်ကြီး..."

ဆေးရုံမှ ထွက်လာခဲ့ပြီးနောက် နှစ်ယောက်သား
ပါကင်ထိုးသည့် နေရာသို့ ရောက်လာလေသည်။
လင်းရီမှာ အနည်းငယ်
အားပြန်ပြည့်လာပြီးဖြစ်သော်လည်း
ပင်ပန်းနေဆဲဖြစ်၏။

အပြည့်အဝ အာရုံစူးစိုက်ထားရသည့် ခွဲစိတ်မှုမှာ
သာမန်လူများ ခံနိုင်ရည်ရှိသည့် အရာတစ်ခု
မဟုတ်ခဲ့ပေ။

လီချူးဟန်နှင့် ကျိန်းပင်းကျန်းတို့တောင်မှ
တစ်ဝက်မျှနှင့် လဲပြိုသွားခဲ့ရလေသည်။

မကြာမီ လျန်ရှူရွှယ် လင်းရီကို သူမအိမ်သို့
ခေါ်လာခဲ့၏။

"နင် ဆိုဖာပေါ်မှာ ခဏလောက် သွားလှဲနေလိုက်.. ငါ အဝတ်အစား လဲပြီးရင် စားဖို့ တစ်ခုခု လုပ်ပေးမယ်....."

"ငါ ဝတ်ဖို့ ညအိပ်ဝတ်စုံလေး ဘာလေးများ မရှိဘူးလား...."

"နင် တကယ်ကြီး အတည်မေးနေတာလား... ငါက တစ်ကိုယ်တည်း နေတဲ့ အမျိုးသမီးနော်... ငါ့အိမ်မှာ အမျိုးသား ညအိပ်ဝတ်ရှိတာက ပုံမှန်ပဲလို့ နင် ထင်နေတာလား...."
လျှန်ရူရှယ် မကျေမနပ် စောဒက တက်လိုက်တော့၏။

"မသိဘူး...ပင်ပန်းတာပဲ သိတယ်... ဒီညတော့ အိမ်ပြန်ဖို့ အဆင်မပြေတော့ဘူး......"လင်းရီ သမ်းဝေလိုက်ပြီး "ဒီလိုဆို ညကျ ကိုယ်လုံးတီးနဲ့ပဲ အိပ်ရတော့မယ်နဲ့ တူတယ်...."

အားပါးတရ သမ်းဝေနေသည့် လင်းရီကို မြင်တော့ လျှန်ရူရှယ် အထင်ကြီး လေးစားသွားခဲ့ရသည်။

သူ၏ ချစ်သူကောင်မလေးမှာ စိတ်ဆိုးနေပါသော်လည်း ထိုကောင်စုတ်မှာ မတောင်းပန်သည့် အပြင် တတိယအမျိုးသမီးတစ်ယောက်၏ နေအိမ်တွင် တစ်ည ကုန်ဆုံးချင်နေပြန်သည်။

ဟွာရှတစ်ခွင်တွင် လင်းရီနှင့် ယှဉ်နိုင်မည့် အမျိုးသားဦးရေမှာ များစွာရှိလိမ့်မည် မဟုတ်ဟု လျှန်ရူရှယ် တထစ်ချ ယုံကြည်သွားတော့၏။

"ဒီမှာအိပ်နေလိုက်.. ငါ အားတဲ့အချိန်ကျရင် နင့်အတွက် တစ်စုံသွားဝယ်ထားပေးမယ်..."လျှန်ရူရှယ် သူမ၏ တင်ပါးအထိသာ ဖုံးလွှမ်းထားသော ညအိပ်ဝတ်စုံကို ဝတ်ပြီး လမ်းလျှောက်လာခဲ့၏။ အများအမြင်တွင်တော့

သူမ၏ အောက်ပိုင်း၌ ဘာမှမခံထားဟု အထင်မှားသွားစေနိုင်သည်။

တင်ရင်းအောက်ရှိ ဖြူဖွေးသည့် ပေါင်တံတစ်စုံမှာ အကြည့်မခွာရက်လောက်အောင် ဖြစ်ပေါ်စေပြီး အကန့်အသတ်မဲ့ ညစ်ညမ်းသည့် အတွေးတို့ကို လှုံ့ဆော်ပေးနိုင်၏။

"ဖြစ်သလိုပဲ လုပ်လိုက်.. တအား ဒုက္ခ ခံမနေနဲ့..."

"နင်က ဒီလောက် ပင်ပန်းထားတာကို ဖြစ်သလို လုပ်ပေးလိုက်ရင် ဘယ်လိုလုပ်ပြီး အားပြန်ပြည့်နိုင်တော့မှာ..." လျှန်ရှုရှယ်ပြောလိုက်ပြီး "ဘာမှ မပူနဲ့ ..ရေခဲသေတ္တာထဲမှာ အမဲစတိတ်ခ်တွေလည်း ကျန်သေးတယ်... ပြီးတော့ နင့်အတွက် ကြက်ဥလည်း ကြော်ပေးမယ်...

အဲ့တာတွေနဲ့ဆို နင် မြန်မြန် ဆန်ဆန်
အားပြန်ပြည့်လာလောက်တယ်...."

"အဲ့တာဆိုလည်း အဆင်ပြေသလိုသာ
ကြည့်လုပ်လိုက်ကွာ...မြန်မြန်လေးသာ လုပ်ပေး..."

လျှန်ရှူရှယ် လင်းရီကို မကျေမချမ်း
မျက်စောင်းထိုးလိုက်သည်။

ဒါက သူမရဲ့အိမ်လေ... ဘာလို့ သူမက အိမ်ဖော်လို့
ခံစားနေရပါလိမ့်...

လျှန်ရှူရှယ် အိုးအသေးဖြင့်
ဆန်ပြုတ်တစ်ခွက်ပြုတ်လိုက်ပြီး စတိတ်ခ်နှစ်ခုကို
ကြော်လိုက်သည်။ ထို့နောက် ကြက်ဥလေးလုံးပြုတ်၍
နွားနို့ ပူပူလေး တစ်ခွက်နှင့်အတူ ကော်ဖီစားပွဲပေါ်သို့
ယူလာခဲ့ပေးလေသည်။

"ဒီမှာပဲစားလိုက်.. ဘယ်မှ မရွှေ့နဲ့တော့..."

"အလှလေးလျှန်က တကယ်မဆိုးဘူးပဲ.. သူများတွေကို ဘယ်လိုဂရုစိုက်ရမလဲ ဆိုတာ အရမ်း နားလည်တယ်..."

"ငါ့ကို စမနေနဲ့.. ပူတုန်းစားလိုက်..."

ဆာလောင်မွတ်သိပ်နေသောကြောင့် လင်းရီလည်း ဟန်ဆောင် ပန်ဆောင် လုပ်မနေတော့ပဲ ဆန်ပြုတ်နှင့် အသားများကို ပါးစပ်ထဲသို့ အတင်းသွပ်ထည့်တော့သည်။

"ဖြည်းဖြည်းစားလေ.. ဘယ်သူမှ နင့်နား လုမစားဘူး... အဲ့လောက် အမြန်ကြီး စားနေရင် ဗိုက်က အစာချေနိုင်မှာ မဟုတ်ဘူး..."

လင်းရီ ခေါင်းညိမ့်လိုက်ပြီး သူစားသည့် အရှိန်ကို လျှော့လိုက်လေသည်။

"ခု Muddy waters က လှုပ်ရှားလာပြီဆိုတော့ နင်သူတို့ကို ဘယ်လိုတုံ့ပြန်ဖို့ စဉ်းစားထားလဲ...."

လင်းရီ ခေါင်းခါရမ်းလိုက်ပြီး "ခွဲစိတ်ပြီးတော့ မင်းက ငါ့ကို ဒီဆွဲခေါ်လာတာလေ.. တခြား ဘာကိုမှ မစဉ်းစားရသေးဘူး..."

"နင့်မှာ စဉ်းစားထားတာ မရှိဘူးဆို ဘာလို့ မနက်ဖြန် သတင်းစာ ရှင်းလင်းပွဲ လုပ်မယ်လို့ ပြောလိုက်တာလဲ..."

"လွယ်ပါတယ်.. မအိပ်ခင် စဉ်းစားလို့ရတယ်လေ.. ငါ အမြဲတမ်း အဲ့လိုလုပ်နေကြပဲ... ပြီးတော့ ဒီကိစ္စက

အသေးအမွှား ပြဿနာလေးပါ... သေချာပေါက် ပြန်ထဖို့ အခွင့်အရေးရှိပါသေးတယ်.... "

"Didi ရဲ့ ရှယ်ယာတွေက ဟိုး အဝီစိရောက်တော့မှာကို နင်က ပြဿနာကြီး မဟုတ်ဘူးလို့ ပြောနေသေးတယ်ပေါ့လေ... "

"ခု ကိစ္စတွေက ဒီလိုတွေ ဖြစ်လာပြီဆိုမှတော့ ခေါင်းအေးအေးထားပြီး စဉ်းစားရမှာပေါ့ဟ... တွေးပူနေလို့ ဘာရမှာ..."လင်းရီ ပြောလိုက်ပြီး "တကယ်လို့ စဉ်းစားမထွက်ခဲ့ရင်တောင် မနက်ဖြန် သတင်းစာရှင်းလင်းပွဲကို လုပ်ဖြစ်အောင် လုပ်မှာပဲ... ငါ့ရဲ့ ရပ်တည်ချက်ကို လူတိုင်းသိအောင် ကြေညာရမယ်.... "

"ငါ့အလိုသာ ဆိုလို့ကတော့ ခုချက်ချင်း အခြေအနေတွေကို ထိန်းချုပ်ပြီးတော့ စျေးကွက်ကို တည်ငြိမ်အောင် လုပ်လိုက်တယ်... "လျှန်ရှူရှယ် တွေးဆဟန်ဖြင့် ပြောလိုက်သည်။

"မဟုတ်ဘူး...."လင်းရီ ခေါင်းရမ်းလိုက်ပြီး "ငါ့ဘက်က ပြန်ပြီး တုံ့ပြန်တိုက်ခိုက်မယ့် အစီအစဉ် မဆွဲရသေးတာကို စျေးကွက်တည်ငြိမ်အောင် လုပ်လိုက်မယ်ဆိုရင် ရှုံးတဲ့သူက ငါပဲ ဖြစ်သွားမှာ....."

"ဟမ်...."

လျှန်ရှူရှယ်မှာ စီးပွားရေးအကြောင်း သိပ်နားမလည်သောကြောင့် လင်းရီပြောသည့် စကားလုံးများ၏ နောက်ကွယ်မှ အဓိပ္ပာယ်ကို နားမလည်နိုင် ဖြစ်နေလေသည်။

"စဉ်းစားကြည့်ကြည့်... ကျောက်မိုရဲ့ အဓိက ရည်မှန်းချက်က စတော့တန်ဖိုးတွေကို တန်ဖိုးကျအောင် လုပ်ဖို့ပဲ... စတော့တန်ဖိုးတွေ ပိုကျလေ.. သူ့ဘက်က ပိုပြီးတော့ အမြတ်ရလေ... ဆိုတော့ စတော့ ဈေးကွက်သာ ဆက်ကျနေမယ်ဆိုရင် သူ ချက်ခ်တွေကို ငွေသားလဲဦးမှာ မဟုတ်ဘူး...."လင်းရီ ပြောလိုက်ပြီး "တကယ်လို့ ခုချက်ချင်း ဈေးကွက်ကို တည်ငြိမ်အောင် လုပ်လိုက်မယ်ဆိုရင် ကျောက်မိုရဲ့ မြင်နိုင်စွမ်းနဲ့ဆို သူ သေချာပေါက် ချေးထားတဲ့ ရှယ်ယာတွေကို ပြန်ပေးလိုက်မှာပဲ.. အဲ့ဒီကနေပြီးတော့ သူ့ဘက်က အနည်းဆုံး ဘီလီယမ် ၂၀ လောက် အမြတ်ရသွားမှာ.. အဲ့လိုဆို ငါပဲ ရှုံးမှာ မဟုတ်ဘူးလား...."

"ဒါကြောင့်မို့ နင့်ဘက်က အရေးမသာတဲ့ အခြေအနေမျိုး ဖြစ်အောင် ဖန်တီးပြီးတော့

ကျောက်မိုကို သူ့လက်ထဲမှာ ရှယ်ယာတွေ ဆက်ကိုင်ထားအောင် လှည့်စားမလို့ပေါ့နော်...."

"တော်တယ်..."လင်းရီ ပြောလိုက်ပြီး "Muddy waters ကို ကိုင်တွယ်ပြီးသွားရင် ငါ့ဘက်က အကွက်သေးသေးလေး ရွှေ့ပြီးတော့ စတော့ ဈေးနှုန်းတွေကို ပြန်ဆွဲတင်လိုက်မယ်.. အဲ့ခါကျရင် ပွဲသိမ်းပြီ...."

"နင်က ကျောက်မိုကို အဆုံးသတ်ချင်နေတာပဲ..."

"သူ့တစ်ယောက်တည်း အဆုံးသတ်လိုက်ရင် ပျင်းစရာကြီး ဖြစ်နေမှာပေါ့.. နောက်ထက် သုံးယောက်တောင်မှ ကျန်နေသေးတာကို..."လင်းရီ အပြုံးဖြင့် ပြောလိုက်၏။

လျန်ရူရှယ် ရင်တစ်ချက် ထိတ်သွားခဲ့သည်။

သူက ရန်ကျင်းရဲ့သခင်လေး လေးယောက်ကို
တစ်ပြိုင်တည်း အဆုံးသတ်ချင်နေတာလား...

ကျောက်မိုနှင့် ကျန်သူများမှာ အကြီးအကျယ်
ဒုက္ခရောက်တော့မည်ဟု သူမ၏ မသိစိတ်က
ပြောပြနေလေသည်။

ကလင် ကလင်....

ထိုစဉ် လင်းရီ ဖုန်းသံမြည်လာခဲ့၏။ ကော်နင်ရှဲ့မှ
ဖုန်းဆက်လာခဲ့ခြင်းပင်။

"အီးဟီးဟီး...အစ်ကို ငါတော့ နင့်ကို ဒုက္ခပေးမိပြီ.... "

"ဘာလဲဖြစ်လို့.. မင်းက ဘာလို့ ငိုနေရတာ...."

"အစ်ကိုရဲ့ကုမ္ပဏီ တစ်ခုခု ဖြစ်နေတယ်
မဟုတ်ဘူးလား.. ညီမ စိတ်ပူလို့ မေမေ့ကို
ပြောပြလိုက်မိတယ်.... "
ကော်နင်ယွဲ့ ငိုရင်း ပြောလိုက်၏။

"ပြီးတော့......"

"ပြီးတော့ မေမေက နင့် အကြောင်းတွေ
ရှာတွေ့သွားတယ်လေ..."

"ညီမ အခု အခေါင်းမြုပ်ပေးမယ့် နေရာတောင်
ကြိုရှာထားပြီးသွားပြီ... နေရာက တောင်တန်းတွေ
ပင်လယ်တွေနဲ့လည်း နီးတယ်... နေထွက်ချိန်နဲ့
နေဝင်ဆည်းဆာကို သေချာကြည့်လို့ နေရာလေးပေါ့...
ညီမ အချိန်ရရင် ရသလို အစ်ကို့ဆီ
လာလည်ပေးမယ်နော်...."

"အစ်ကို...."ကော်နင်ယွဲ့ ချဲနွဲ့၍ ပြောလိုက်ပြီး "ညီမက တမင်သပ်သပ် လုပ်တာ မဟုတ်ပါဘူးနော်... ပြီးတော့ မေမေက အကြီးအကျယ် ဒေါသထွက်နေတာသိလား... ဖေဖေ့ဆီက ကြားတာတော့ ကျိုးဟိုင်ကို လာဖို့ လေယာဉ်လက်မှတ်တောင် ဖြတ်ထားပြီးပြီဆိုပဲ... ခုချိန်လောက်ဆို ကျိုးဟိုင်ကို ရောက်နေလောက်ပြီ...."

"တကယ်ကြီးလားဟ.. အမေက တကယ်ကြီး ကျိုးဟိုင် လာခဲ့တာလား...."

"အစ်ကို့ဆီ ဖုန်းမဆက်လာဘူးလား..."ကော်နင်ယွဲ့ ပြောလိုက်ပြီး "အဲ့တာဆို မေမေက ယောင်းမလေးဆီ သွားခဲ့တာ နေမှာ..."

" ဒါဆို မင်းလည်း လာခဲ့ပါလား.. အဲ့ဒီသ်ချိုင်းက လှမလှ ကြည့်ကြည့်ကြမယ်လေ...."

"အစ်ကို.... နင် အဲ့လို မလုပ်နဲ့လေ... ညီမက တိတ်လေး လာပြောပြတာကို မေမေ့ဆီ ..... တီ တီ တီ....."

လျှန်ရှူရှယ် တသိမ့်သိမ့်တုန်အောင် ရယ်မောနေလိုက်သည်။

"ကံကောင်းတာပဲဖြစ်ဖြစ် ကံဆိုးတာပဲဖြစ်ဖြစ်.. ဖြစ်ပြီးမှတော့ ထားလိုက်တော့... နင် ဘယ်လို ဖြေရှင်းရမလဲ ဆိုတာကိုပဲ မြန်မြန် စဉ်းစားသင့်တယ်...."

ကော်နင်ယွဲ့ကို  ဖုန်းချလိုက်ပြီးနောက် လင်းရီ သူ၏ ဖုန်းကိုကိုင်ရင်း မျက်မှောင်ကြုတ်နေလေသည်။

"အခြေအနေတော့ မဟန်တော့ဘူး...."

## အခန်း (၅၅၉)

"ဒီလို အသေးမွှား ကိစ္စလေးက နင့်ကို ဘယ်လိုလုပ်ပြီး အကျပ်ရိုက်စေမှာလဲ...."လျန်ရူရှယ် ထေ့ငေါ့လိုက်၏။

"ဘာလို့လဲဆိုတော့ ငါ့အမေက အကျိုးကြောင်း သင့်တာတွေ မသင့်တာတွေ နားမလည်လို့လေ.. သူရောက်လာတာနဲ့ ငါ့ကို ချက်ချင်း တန်းရိုက်တော့မှာ...."

အခြေအနေကို တစ်ချက်နားထောင်ကြည့်ပြီးနောက် လျန်ရူရှယ် ယခုလို ပြောလိုက်၏။ "ကြည့်ရတာ နင့်အမေက ဥက္ကဋ္ဌကျီဘက်က နေဖို့ ဆုံးဖြတ်ပြီးသားထင်တယ်...."

"သိသာနေတာပဲလေ... မဟုတ်ရင် ကျိုးဟိုင်ကို အရေးတကြီး ရောက်လာမှာတဲ့လား... ပြီးတော့

လေယာဉ်လက်မှတ်တောင် ကိုယ့်ဘာကိုယ် ဖြတ်လိုက်သေးတယ်..."

"အမ်... ဒါဆို နင်တို့နှစ်ယောက်ကြားမှာကော ဘာမှ မဖြစ်ထားဘူးလား...."လျှန်ရှုရှယ် မေးမြန်းလိုက်ပြီး "ငါ ဆိုလိုတာက နင်နဲ့ လီချူးဟန် ကြားထဲမှာလေ...."

"ဘာဖြစ်ရမှာ..."လင်းရီ ပြောလိုက်ပြီး "ဒါပေမယ့် ငါ့အမေက လီချူးဟန်နဲ့လည်း ဆုံဖူးပြီးတော့ သူ့အပေါ်မှာလည်း အထင်မြင်ကောင်းတွေရှိတယ်...ဆိုတော့ သူမက ငါ့ကိုယ်စား ပြောပေးလို့ရတယ်....."

"နင့်အမေက သူနဲ့လည်း တွေ့ဖူးတယ်ပေါ့လေ...."

"အင်း .... ငါ နောက်ဆုံးတစ်ခေါက် ရန်ချိန်ကို ပြန်တုန်းက ဂေဟာကို သွားလည်သေးတယ်လေ.... အဲ့မှာ အမေနဲ့ ပေးတွေ့လိုက်တာ....."

ထိုအခါ လျှန်ရှုရှယ် စဉ်းစားလိုက်ပြီး "နင်ပြောပုံအရဆိုရင် နင့်ရဲ့ မွေးစားမိဘတွေနဲ့ အရင်ဆုံးတွေ့တဲ့သူက ကျီချင်းရန် ပြီးမှ ဒုတိယက လီချူးဟန် ဟုတ်တယ်မလား....."

"အင်း.... ဟုတ်တယ်လေ....ဘာလဲဖြစ်လို့... တစ်ခုခု မှားနေလို့လား...."

"ဒီတိုင်းမေးကြည့်တာပါဟယ်...."လျှန်ရှုရှယ် ပြောလိုက်ပြီး "နင် ငါနဲ့ လေပေါနေတာကို ရပ်ပြီးတော့ ဒီကိစ္စ ဘယ်လိုကိုင်တွယ်မလဲဆိုတာကို စဉ်းစားရင်ကောင်းမယ်နော..."

လင်းရီ သူ့ဖုန်းကို အပေါ်အောက် ပွတ်ဆွဲရင်း ရေရွတ်လိုက်၏။ "ဒီကိစ္စမှာ ဂယ်ပေါက်တွေက အများကြီးပါ... ကိုင်တွယ်ရ မခက်ပါဘူး...."

"ဟုတ်လား.... ငါတော့ နင်ဘယ်လိုတွေ ကိုင်တွယ်သွားမလဲဆိုတာ တော်တော်လေး သိချင်နေပြီ....."

“ အမေက သူ ကျိုးဟိုင် ရောက်နေတာကို ငါသိထားပြီးပြီဆိုတာ သိဦးမှာမဟုတ်ဘူး… ငါ့ကိုလည်း အသိမပေးဘူးဆိုတော့ မှန်းဆကြည့်ရသလောက်တော့ ခုလောလောဆယ် ကျီချင်းရန်နား ရောက်နေတာပဲ ဖြစ်ရမယ်…”

“ နင် သိတာနဲ့ မသိတာ ဘာကွာသွားမှာမို့လို့…”

“ အကြီးကြီး ကွာတာပေါ့ဟ… ငါ့ အစီအစဉ်ရဲ့ အဓိကအချက်ကလည်း အဲ့တာပဲ….”

ထိုအကြောင်း တွေးတောရင်း လင်းရီ သူ့ဖုန်းကိုကောက်ကိုင်ပြီး ဝမ်ချွေ့ပင်းကို ခေါ်ရန် ဟန်ပြင်လိုက်၏။

သို့သော်လည်း ထိုအခိုက်အတန့်တွင် သူ၏ ဖုန်းမှာ အသံမြည်လာလေသည်။ မေမေဝမ်ထံမှပင်။

…………………

ယွင်ရှွေမီလာ။

ကျီချင်းရန်၏ မာစီးတီးမှာ တံခါးဝရှေ့တွင် ရပ်တန့်သွားခဲ့၏။

ကြီချင်းရန်နှင့် ဝမ်ချွေ့ပင်းတို့ ကားထဲမှထွက်လာပြီး အနောက်ခုံထဲရှိ ခရီးဆောင်အိတ်များကို ထုတ်လိုက်ကြသည်။

မနက်ခင်းပိုင်းတွင် ကုမ္ပဏီသို့ ပြန်ပြီးနောက် အွန်လိုင်းပေါ် ရှိ မကောင်းသည့် သတင်းဆောင်းပါးများကို ကိုင်တွယ်ပြီးချိန်တွင် ကြီချင်းရန် ကျိုကျုံးဗီလာသို့ ပြန်၍ သူမ၏ အဝတ်အစားများကို ထုပ်ပိုးရန် ထွက်လာခဲ့၏။ သို့သော်လည်း သူမ ထုပ်ပိုးပြီးနောက်  ဝမ်ချွေ့ပင်းထံမှ ဖုန်းခေါ်ဆိုလာမှုကို လက်ခံရရှိလိုက်ပြီး ကျိုးဟိုင်သို့ ရောက်နေပြီးဖြစ်ကြောင်း သိလိုက်ရသည်။ ထို့ကြောင့် သူမ၏ ပစ္စည်းများကို ထုပ်ပိုးပြီးသည်နှင့် တစ်ပြိုင်နက် လေဆိပ်သို့ မောင်းထွက်လာခဲ့လိုက်၏။

“ အန်တီဝမ်… မလုပ်နဲ့… သမီးလုပ်လိုက်မယ်…”

“ အိတ်က အရမ်းလေးတာကို သမီးရဲ့ လက်နုနုလေးတွေ ထိခိုက်ကုန်မှာပေါ့….”

“ ရပါတယ် အန်တီကလည်း … ဒီ အိတ်လေးတောင် မသယ်နိုင်ရင် သမီးက အသုံးမကျတဲ့သူ ဖြစ်သွားမှာပေါ့….”

ကျီချင်းရန် ခေါင်းမာစွာဖြင့် ခရီးဆောင်အိတ်များကို သယ်ဆောင်လိုက်ပြီး ဝမ်ချွေ့ပင်းကို လုံးဝ ပေးမထိချေ။

“ အိုက်ယိုး…. ဒီကောင်မလေးနဲ့တော့လေ….”

သို့နှင့် နှစ်ယောက်သား အိမ်ထဲသို့ ဝင်လာခဲ့ကြ၏။ ဝမ်ချွေ့ပင်းမှာ အိမ်၏ ကြီးကျယ်ခမ်းနားမှုများကို ခံစားကြည့်ရှုနေရန် အာရုံမရှိသေးပဲ ကျီချင်းရန်၏

လက်ကိုကိုင်လျက် စိတ်အားထက်သန်စွာဖြင့် ပြောလာခဲ့၏။

“ ချင်းရန် ….. အန်တီပြောတာကို နားထောင်နော်… အန်တီက အဲ့ကောင်စုတ်လေးဘက်ကနေ ပြောပေးနေတာ မဟုတ်ဘူး…. ဒါပေမယ့် အန်တီက သူ့ကို ကြီးပြင်းလာအောင် စောင့်ရှောက်ပေးခဲ့တာဆိုတော့ ရီလေးက နည်းနည်း ကြောင်တောင်တောင်နိုင်တယ်ဆိုပေမယ့် အဲ့လိုကိစ္စမျိုးတွေတော့ လုပ်ရဲမှာမဟုတ်ဘူး… တကယ်လို့ သူလုပ်ရဲခဲ့ရင်လည်း အန်တီ သူ့ခြေထောက်တွေကို ရိုက်ချိုးပစ်လိုက်မယ်….”

ကျီချင်းရန် သူမ၏ ဆံပင်ကို စည်းနှောင်လိုက်ပြီး အိမ်တွင် သစ်သီးများ မရှိတော့တာကြောင့်

ရေနွေးကြမ်းတစ်အိုးခပ်၍ ဝမ်ချွေ့ပင်းထံ ကမ်းပေးလိုက်သည်။

“ သမီးတို့က ရင်းနှီးတယ်ဆိုပေမယ့် သူငယ်ချင်းတွေ ဖြစ်နေတုန်းပါပဲ အန်တီရယ်….”

“ ဟင် … သမီး…အန်တီ့ကို အဲ့လိုမျိုးကြီး မခြောက်ရဘူးလေ…” ဝမ်ချွေ့ပင်း စိုးရိမ်စွာဖြင့် ကျီချင်းရန်၏ လက်ကို ဆုပ်ကိုင်လိုက်ပြီး “ တကယ်လို့ သမီးလေးသာ ရှီလေးနဲ့ ဆက်ပြီး အတူမရှိနိုင်တော့ဘူးဆိုရင် အန်တီလည်း ဆက်ပြီး အသက်ရှင်နိုင်တော့မှာ မဟုတ်တော့ဘူးနော်…”

“အာ… အဲ့လောက်ကြီးလည်း ဖြစ်စရာမလိုပါဘူး အန်တီရယ်….” ကျီချင်းရန် ငိုရအခက် ရယ်ရအခက် ဖြစ်နေပြီး “ ဒီလိုကိစ္စမျိုးဆိုတာက

ကံတရားအပေါ်မှာလည်း မူတည်နေသေးတာလေ….
အတင်း လုပ်ယူလို့မှ မဖြစ်ပဲဟာကို….”

“ အတင်းလုပ်ယူလို့မရဘူးဆိုတာက ဘာသဘောလဲ…
ဟော့ဒီ တစ်လောကလုံးမှာ သမီးနဲ့
ရီလေးတို့နှစ်ယောက်ကသာ အလိုက်ဖက်ဆုံးပဲ….
ဘာပဲဖြစ်ဖြစ် အန်တီ သမီးကို ပထမဆုံးအကြိမ်
စတွေ့ကတည်းကရင် အန်တီ့ချွေးမလောင်းလေးအဖြစ်
သတ်မှတ်ပြီးသွားပြီ…” ဝမ်ချွေ့ပင်း ပြောလိုက်ပြီး
“ ပြီးတော့ အန်တီ ကုန်ပစ္စည်းတွေ ဝယ်တုန်းက
ရှေ့ဖြစ်ဟော တာအိုဘုန်းကြီးနဲ့လည်း ဆုံခဲ့သေးတယ်…
သမီးရဲ့ဇာတာကို အန်တီပြကြည့်လိုက်တော့
သူဘာပြောလဲ သိလား… သမီးရဲ့ဇာတာက
အမြှာလေးမွေးဖို့ အရမ်းသင့်လျော်တယ်တဲ့…"

"အန်တီဝမ်ကလည်း...."ကြီချင်းရန်၏ မျက်နှာမှာ ရှက်ရွံ့စွာဖြင့် နီရဲသွားခဲ့ပြီး ကိုယ်ကိုကျုံ့ကာ "အဲ့ဒီ ရှေ့ဖြစ်ဟောတဲ့သူတွေ အကုန်လုံးက လူလိမ်တွေ... အန်တီ သူတို့စကားကို ယုံမနေနဲ့..."

"အလိမ်အညာတွေ.... အိုက်ယိုး... သမီးမသိလို့ ဒီစကားတွေ ပြောနေတာနော... အဲ့ဒီ ရှေ့ဖြစ်ဟောကြီးရဲ့စကားတွေက သွေးထွက်အောင်ကို မှန်တာ...."ဝမ်ချွေ့ပင်း ဝမ်းသာအားရစွာဖြင့် ပြောလိုက်ပြီး "ဒါကြောင့်မို့ ရီလေးနဲ့ သမီးက သေချာပေါက် လိုက်ဖက်နဲ့ စုံတွဲတွေပဲ... အွန်လိုင်းပေါ်က သတင်းတွေက အကုန်အတုတွေ... ငါ့သမီး ဂရုစိုက်နေစရာ မလိုဘူး... သူတို့က အန်တီ့သားကို ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထား တိုက်ခိုက်ကြနေတာ...."

"အဲ့တာတွေက မဟုတ်မမှန်တဲ့
သတင်းတွေဆိုရင်တောင် ဓာတ်ပုံတွေနဲ့
သက်သေအတိအကျ ရှိနေတာလေ...."

"အိုက်ယား.. အဲ့အင်တာနက်ပေါ်က ဘာမှန်းမသိတဲ့
ပေါက်ကရပုံတွေကို ဂရုစိုက်မနေနဲ့..."

ဝမ်ချွေ့ပင်း သူမ အိတ်ထဲမှ အနီရောင် အိတ်ရှုံ့လေးကို
ထုတ်ယူလိုက်ပြီး အထဲတွင်
ကျောက်စိမ်းလက်ကောက်တစ်ကွင်း ရှိနေလေသည်။

"အန်တီ့ရဲ့ယောက္ခမက ရီလေးရဲ့အဖေနဲ့
လက်ထပ်တုန်းက အန်တီ့ကို ဒီလက်ကောက်လေး
ပေးလိုက်တာ... သမီးနဲ့ ရီလေးတို့က ခုထိ
လက်မထပ်ရသေးဘူးဆိုပေမယ့် အန်တီကတော့
ချွေးမလောင်းလေးအဖြစ် သတ်မှတ်ပြီးသွားပြီပဲ...

ဒါကြောင့်မို့
အန်တီလည်း သမီးကို ဒီလက်ကောက်လေး
ပေးလိုက်မယ်...."

"အန်တီဝမ်.. အဲ့လိုမလုပ်မဖြစ်ဘူးနော်..."ကျီချင်းရန်
ရှော့ခ်ရသွားခဲ့ပြီး ငြင်းဆန်သည့် အနေဖြင့် သူမလက်ကို
ခါးခါးသီးသီး ခါရမ်းလိုက်သည်။

အဆိုပါ ကျောက်စိမ်းလက်ကောက်မှာ တန်ကြေး
ဘယ်လောက်မျှ မရှိသော်လည်း ပေးအပ်သူ၏
စိတ်ထဲရှိ လေးနက်မှုက အင်မတန်တန်ဖိုး
ကြီးမားလေသည်။ ထို့ကြောင့် သူမ သာမန်ကာလျှံကာ
လက်ခံလိုက်၍ မဖြစ်ပေ။

"ဘာလဲ...အန်တီဝမ်ရဲ့လက်ကောက်က
တန်ကြေးမရှိလို့လား... ဒါမှ မဟုတ် သမီးက ရီလေးရဲ့
နောက်ခံကို အထင်သေးနေတာလား..."

မည်သို့ပင်ဆိုစေ အမေတစ်ဦးအနေဖြင့်
သူမသားဘက်မှ ရပ်တည်ပေးရပေမည်။

ကျီချင်းရန်ကို ထိန်းထားရန်အတွက် ဝမ်ချွေ့ပင်း
သူမတတ်ကျွမ်းသည့် အနုနည်းဖြင့် ခြိမ်းခြောက်သည့်
နည်းလမ်းကို ထုတ်သုံးလိုက်တော့၏။

"အဲ့သဘောမျိုး မဟုတ်ပါဘူး
အန်တီရယ်..."ကျီချင်းရန်မှ ငိုလုငိုခင် ဖြစ်သွားခဲ့၏။

"ဒါဆိုလည်း သိမ်းထားလိုက်တော့... ဘာပဲဆိုဆို
အန်တီက သမီးကို ချွေးမလောင်းလေးအဖြစ်

သဘောတူပြီးသွားပြီလေ... မဟုတ်ရင် ဒီရဲ့ လက်ကောက်လေးကို ပေးမှာ မဟုတ်ဘူး....."

မေးမြန်းခြင်း မရှိပဲ ဝမ်ချွေ့ပင်း ကျောက်စိမ်းလက်ကောက်ကို ကျိချင်းရန် လက်ထဲသို့ အတင်းထိုးထည့်ပေးလိုက်၏။ ကျိချင်းရန် သဘောတူ မတူကိုပင် ဂရုစိုက်နေခြင်း မရှိတော့ချေ။

"အန်တီဝမ်ကလည်း .. ဘာလို့ ဒီလိုမျိုးကြီး လုပ်လိုက်တာ..."ကျိချင်းရန်မှာ ငိုရကောင်းနိုး ရယ်ရကောင်းနိုး ဖြစ်နေလေသည်။ သို့သော်လည်း သူမ ရင်ဘက်ထဲရှိ လင်းရီနှင့် ဆက်စပ်သည့် ကောလဟာလများက အထုံးတစ်ခုအဖြစ် ကျန်ရှိနေဆဲပင်။

"အန်တီ ပြောပြမယ်... အင်တာနက်ပေါ်က
သတင်းတွေက သူများတွေ အန်တီ့သားကို
ရည်ရွယ်ချက်ရှိရှိ သိက္ခာချနေတာ.. အန်တီခုပဲ
ဒီကောင့်ကို ဖုန်းဆက်လိုက်ပြီးတော့
ဘာဖြစ်နေလဲဆိုတာ လှမ်းမေးကြည့်လိုက်မယ်..."

"အန်တီ သူ့ကို ခေါ်တော့ကော ဘာသိရမှာမို့လို့... "

"မတူဘူးလေ.. "ဝမ်ချွေ့ပင်း ပြောလိုက်ပြီး "အန်တီက
ဒီကို ရီလေးမသိအောင် လာခဲ့တာဆိုတော့ အန်တီ
ကျိုးဟိုင် ရောက်နေတယ်ဆိုတာ သူသိဦးမှာ
မဟုတ်ဘူး... သမီးလည်း ဘေးမှာ ရှိနေတယ်ဆိုတာ
သိဖို့ဆို ဝေးရောပေါ့... အန်တီ သူ့နား သတင်းတွေ
နှိုက်ပြီး ချင်းရန်အတွက် မျှတမှုကို ရှာဖွေပေးမယ်...."

ကျီချင်းရန် မည်သည့် စကားတို့မျှ မဆိုချေ။ ထိုအစား ထူးမခြားနားစွာဖြင့် "သမီးကတော့ အဲ့လိုလုပ်ဖို့ အလိုအပ်ဘူးလို့တော့ ထင်တာပဲ..."

"ဘာလို့ မလိုအပ်ရမှာ.. ဒီကိစ္စက သိကိုသိရမှ ဖြစ်မှာ..."ဝမ်ချွေ့ပင်း သူမ ဖုန်းကို ဖွင့်လိုက်ပြီး လူကြီးပီပီ မျက်မှန်တပ်၍ "မပူနဲ့.. သူက အန်တီ့သားဆိုပေမယ့်
အန်တီကတော့  သမီးလေးဘက်ကပဲ....."

သို့နှင့် သူမ လင်းရှီ ဖုန်းနံပါတ်ကို နှိပ်လိုက်ပြီး စပီကာ တန်းဖွင့်လိုက်သည်။

"ဟဲလို အမေ.. ဘာလဲဖြစ်လို့..."

"ငါ့သား ဘာတွေများ လုပ်နေလဲဆိုတာ သိချင်လို့လေ....."ဝမ်ချွေ့ပင်း တည်ငြိမ်ဟန် ဆောင်၍ မေးမြန်းလိုက်သည်။

"ကျွန်တော် ခုလေးတင် ခွဲစိတ်မှုပြီးလို့ ဒါရိုက်တာလီနဲ့ ရှိနေတာ..."

ဝမ်ချွေ့ပင်း ရင်တစ်ချက် ထိတ်သွားခဲ့သည်။ ဖြစ်နိုင်လျှင် သူမ ချက်ချင်း လင်းရီ ထံသို့ သွား၍ စိတ်ရှိလက်ရှိ ကန်ဆောင့်ပစ်ချင်နေလေသည်။

'နင် ဒါ ဘာအချိုးချိုးနေတာ..... ငါ့ချွေးမလေးက ထွက်သွားမယ် တကဲကဲ ဖြစ်နေတာကို နင်က တခြား မိန်းကလေးတစ်ယောက်နဲ့ အရှုးကွက် နင်းနေတယ်ပေါ့လေ....'

ဝမ်ချွေ့ပင်း ကိုးရိုးကားယား ဖြစ်သွားပြီး
လေလျော့သွားသည့် ပူဖောင်းကဲ့သို့
သက်ပြင်းချလိုက်သည်။

မျှော်လင့်ထားသည့် အတိုင်း ရီလေးမှာ သူမ
ကျီချင်းရန်နှင့် အတူရှိနေကြောင်း မသိသေးချေ။
မဟုတ်ပါက  ယခုလို စကားမျိုး ပြောလာလိမ့်မည်
မဟုတ်ကြောင်း သေချာလေသည်။

**အခန်း (၅၆၀)**
**ငါတကယ်ကြီး မျက်နှာများတဲ့ ယောက္ခမ**
**ဖြစ်နေပြီလား..**

ဝမ်ချွေ့ပင်း သူမ၏ အမူအရာကို တည်တံ့လိုက်ပြီး
တစ်ချိန်တည်းတွင် အနည်းငယ်

နှောင်တရနေလေသည်။ အကယ်၍ ယခုလိုဖြစ်မည်မှန်း ကြိုသိပါက သူမ ဖုန်းခေါ်လိမ့်မည် မဟုတ်ချေ။

"ဒီအချိန်ကြီး ဘာလဲ လုပ်နေကြတာ.. အလုပ်များနေတာလား...."

"အလုပ်ကိစ္စတော့ မဟုတ်ပါဘူး.. သားတို့ ဆေးရုံကနေ ကုန်ကျစရိတ် စိုက်ထားတာတွေ ပြန်တောင်းနေတာလေ.."လင်းရီ ပြောလိုက်ပြီး "တလောတုန်းက ကျွန်တော် သူနဲ့ အတူ ရန်ချိန်ရောက်လာတုန်းက သူမလည်း မွေးရပ်မြေကို အလုပ်ခရီး ထွက်လာခဲ့တာ.. ဒါပေမယ့် ပြန်လာတော့ကျ ဟိုတယ်ကနေ ပြေစာတောင်းဖို့ မေ့နေခဲ့တာမို့လို့ ဆေးရုံဆီ စိုက်ထားတာတွေ ပြန်တောင်းဖို့ အခက်တွေ့နေတာလေ..."

"စိုက်ထားတာတွေ...."

"ရန်ချိန်က ခေါင်းဆောင်တွေက သူမလည်း ကျွန်တော်နဲ့လိုက်လာခဲ့မယ်ဆိုတာကို မသိထားဘူးလေ.. ဒါကြောင့်မို့ သူတို့က တစ်ခန်းတည်း ပြင်ထားပေးတာ.. ဒါကြောင့်မို့ ဒါရိုက်တာလီလည်း နေစရာ မရှိတာနဲ့ ဟိုတယ်မှာ သပ်သပ် တစ်ခန်းငှားနေလိုက်ရတာ... ခု ဆေးရုံကနေ အဲ့ဒီ စရိတ်တွေ ပြန်တောင်းနေတာလေ..."

ထိုစကားကိုကြားတော့ ဝမ်ချွေ့ပင်းနှင့် ကျီချင်းရန်၏ အမူအရာမှာ သိသိသာသာ ပြန်လည် ကောင်းမွန်လာခဲ့သည်။

လူပျို အပျို အမျိုးသားနှင့် အမျိုးသမီးမှာ အခြားမြို့သို့ ရောက်ရှိနေပြီး ညအိပ်သည့် အခါ၌လည်း

တစ်ယောက်တစ်ခန်းစီ အနားယူကြသည်။ ယင်းက အကြောင်းအရာအများကြီးကို သူ့အလိုလို ဖြေရှင်းပေးပြီးသားဖြစ်လေသည်။

အကယ်၍ ၎င်းတို့နှစ်ယောက်ကြားထဲတွင် ပြောမပြနိုင်သည့် လျှို့ဝှက်ချက်များရှိနေပါက လုံးဝ အခန်း နှစ်ခန်း ယူကြလိမ့်မည် မဟုတ်ပေ။ ထို့ပြင် မည်သူကမျှလည်း အကြောင်းစုံမသိသောကြောင့် ရမ်းသန်းခန့်မှန်းနေသည်က လုံးဝ လုံးဝကို မလိုအပ်ချေ။

"ဟင်း... သားတို့နှစ်ယောက်က လုပ်ဖော်ကိုင်ဖက်တွေလေ.. ပြီးတော့ သင့်သင့်မြတ်မြတ်လည်း ရှိတယ်ဆိုတော့ ဘာလို့ သူမကို ကူညီပြီးတော့ အခန်းတစ်ခန်း

မယူပေးလိုက်တာ... ဘာလို့ ပိုက်ဆံ
သုံးခိုင်းလိုက်တာလဲ.."

"ပြောတာပဲ .. ဒါပေမယ့် မရဘူး.. ကျွန်တော်တို့ရဲ့ ဒါရိုက်တာလီက အရမ်းကို ဖြောင့်မှန်တာ... သူတစ်ပါးအပေါ် လွယ်လွယ်နဲ့လည်း အခွင့်အရေး မယူတတ်ဘူး..."လင်းရီ ပြောလိုက်ပြီး "ပြီးတော့ အမေလည်းသိတယ်မလား... အဲ့ဒီနေ့တုန်းက သူမရဲ့ ပိုက်ဆံအိတ်ထဲမှာ ယွမ် ၅၀၀ ထက်ပို ရှိနေတယ်လေ.. ဒါကြောင့်မို့ ၄၀၀ လောက် သုံးပြီး ဟိုတယ်မှာ အခန်းတစ်ခန်း ငှားလိုက်တာ... ဒါပေမယ့် အဲ့လိုဆိုရင်တောင် ကျွန်တော် ပိုက်ဆံ ရှင်းမယ် ဆိုတာကို ပေးမရှင်းပါဘူးဆိုနေမှပဲ... ဘယ်လောက်ထိ ခေါင်းမာလဲဆိုတာ အဲ့တာသာကြည့်တော့... ဒါကြောင့်မို့ ကျွန်တော်တို့ ဆေးရုံက ဆရာဝန်တွေ ဒါရိုက်တာလီနဲ့

အလုပ်ခရီးသွားမယ်ဆိုရင် သူတို့ရဲ့ ဇနီးတွေက
အရမ်းစိတ်ချကြတာလေ... "

"ဒါ .. ဒါဆို အဲ့ကလေးမလေးက အတော်လေး
မဆိုးဘူးပဲ..."ဝမ်ချွေ့ပင်း ရုတ်ချည်း ရင်တုန်ပန်းတုန်
ဖြစ်လာခဲ့၏။

ယင်းက ထွေထူး ပြဿနာကြောင့်တော့ မဟုတ်ပဲ
လင်းရှီမှ ယွမ် ၅၀၀ အကြောင်း
ပြောလာသောကြောင့်ပင်။

သူတို့နှစ်ယောက် ရန်ချိန်ရောက်လာစဉ်က သူမ
လီချူးဟာန်ကို ယွမ် ၅၀၀ ဟုန်ပေါင်း
ပေးလိုက်လေသည်။

အကယ်၍ ကျီချင်းရန်သာ ထိုအကြောင်း သိရှိသွားပါက သူမကို မျက်နှာဖြတ်ရိုက်လိုက်သည်နှင့် ဆင်တူသည် မဟုတ်ပါလော။

အကယ်၍များ ထိုသို့ ဖြစ်သွားခဲ့လျှင် သူမ ယခုချက်ချင်းပင် အထုပ်အပိုးများ သိမ်းဆည်းပြီး အိမ်ပေါ်မှ ဆင်းသွားနိုင်လေသည်။

ဝမ်ချွေ့ပင်း သူမ ရင်ထဲတွင် ကိုယ့်ကိုယ်ကို ပြစ်တင် ကျိန်ဆဲလိုက်၏။ ' ငါတကယ်ပဲ မျက်နှာများတဲ့ ယောက္ခမ ဖြစ်နေပြီလားဟင်...'

ယင်းကလည်း လင်းရှီ အကြံအစည်တစ်ခုလုံး၏ အဓိက အညှာပင်။ သူ အဆိုပါ ယွမ် ၅၀၀ ကို အသုံးပြု၍ ဝမ်ချွေ့ပင်းကို ခြိမ်းခြောက်ပြီး တပ်ဆုတ်သွားအောင် ပြုလုပ်လိုက်မည်။ တစ်ချိန်တည်းတွင် ၎င်းက

ထင်မှတ်မထားသည့် ထင်ယောင်ထင်မှား
အတွေးများကိုပါ ဖန်တီးသွားနိုင်လေသည်။ အဆိုပါ
လှုပ်ရှားသည့်အကွက်မှာ ပြီးပြည့်စုံလှပြီး
အကြောင်းအရာတစ်ခုလုံးကို
အသေးစိတ်ဖုံးအုပ်ထားပေးရန် လုံလောက်၏။

ဘေးတွင်ထိုင်နေသည့် ကျီချင်းရန်ကတော့ သားအမိ
နှစ်ယောက်ကြားရှိ ထူးဆန်းသည့် စကားဝိုင်းကို
သတိမထားမိပဲ လည်ချောင်းရှင်း၍
ကားအကြောင်းစုံစမ်းပေးရန်
ဝမ်ချွေ့ပင်းထံ  တိုးတိုးလေး တောင်းဆိုလိုက်သည်။

ကျီချင်းရန်၏ ရင်ဘက်ထဲရှိ အထုံးမှာ
ပြေသွားပြီဖြစ်ကြောင်း သိသာလှသော်လည်း
သူမအမှန်တရားကို သိချင်နေဆဲပင်။

ထိုအချိန်တွင်တော့ ဝမ်ချွေ့ပင်းမှာ ဖုန်းကို တတ်နိုင်သမျှ အလျှင်အမြန် ချပစ်ချင်နေလေသည်။

သူမ လင်းရီ ဟုန်ပေါင်းကိစ္စ စကားစလာမှာကို အတော်လေး စိုးရိမ်နေမိ၏။

သို့သော်လည်း ကျိချင်းရန်မှ တောင်းဆိုလာသောကြောင့် သူမ ကျည်ဆံ အမှန်ခံ၍ ရှေ့သို့ ဆက်လက်ချီတက်ရန်သာ တတ်နိုင်တော့သည်။

"ရီလေး.. သား အဲ့ဒီနေ့ ရန်ချိန် ရောက်လာတုန်းက ကားနဲ့ တစ်နေရာ သွားစရာရှိတယ်လို့ ပြောတယ်နော်.... အဲ့ဒီကားက ဘယ်ကနေ ဘယ်လို ရလာခဲ့တာ...."

ဝမ်ချွေ့ပင်း၏ မေးခွန်းမှာ အင်မတန်ညဏ်များလှပြီး သူမကိုယ်သူမ သံသယအဝင်ခံရနိုင်သည့် အခြေအနေမှ ဖယ်ရှားလိုက်သည်။

သူမကိုယ်တိုင်အတွက် ပြီးပြည့်စုံသည့် အလီဘိုင်ကိုပါ တစ်ခါတည်း ဖန်တီးထားလိုက်လေသည်။

"ကျွန်တော် ရန်ချိန်ကို ရောက်လာတယ်ဆိုတာက လမ်းတွေ တအားဆိုးတဲ့ ပေချောင်မြို့ဆီ သွားမလို့လေ.. ဒါကြောင့်မို့ လမ်းကြမ်းမောင်းလို့ကောင်းမယ့် ကားတစ်စီးဝယ်လိုက်တာ..."လင်းရှီပြောလိုက်ပြီး "ပြီးတော့ ဆေးမတော်တဆဖြစ်တုန်းကလည်း ဒါရိုက်တာလီက ကျွန်တော့်ကို အများကြီး ကူညီပေးထားတာဆိုတော့ ကျေးဇူးပြန်ဆပ်တဲ့ အနေနဲ့ သူ့ကို အဲ့ကား အတင်းလက်ခံခိုင်းလိုက်တာ... "

"ဆိုတော့ ဒီလိုကိုး..."ဝမ်ချွေ့ပင်း ခေါင်းတဆတ်ဆတ် ငြိမ့်လိုက်သည်။ သူမ လင်းရှီ၏ အဖြေကို အလွန်အမင်း ကျေနပ်အားရနေလေသည်။

"တကယ်တမ်းကျတော့ Mercedes Benz G-class က မဆိုးဘူးသိလား.. ကျွန်တော် အမေ့ချွေးမကို တစ်စီးလောက် ဝယ်ပေးရင် ကောင်းမလားလို့ စဉ်းစားနေတာ..."

"ကောင်းပါတယ်... ဒါပေမယ့် နင်က အရမ်းချမ်းသာနေတာကို  အမေ့ချွေးမလေးအတွက် ပိုကောင်းတဲ့ တစ်စီးဝယ်ပေးလိုက်လေ... "

"ဒါပေမယ့် ခုအင်တာနက်ပေါ်မှာ ပျံ့နေတဲ့ ကိစ္စကြောင့် မဝယ်ပေးဖြစ်သေးတာ.....ကျွန်တော်နဲ့ ဒါရိုက်တာလီ ရန်ချိန်သွားတဲ့ ကိစ္စကို လူတွေက ဘယ်လိုတွေ ရေးတင်နေကြမှန်းမသိဘူး... ကျွန်တော်ကပဲ လိုက်ပြီး ခြေရှုပ်နေတဲ့ ပုံစံကြီးနဲ့... စဉ်းစားလိုက်တာနဲ့ သောက်ရမ်း စိတ်ရှုပ်ဖို့ ကောင်းတယ်...."

"ဟင်.. အဲ့လိုကိစ္စမျိုးတွေလည်း ရှိသေးတာလား...."ဝမ်ချွေပင်း အံ့အားသင့်ဟန် ဆောင်လိုက်၏။

"အမှန်ပဲ.. ဒါပေမယ့် ကံကောင်းတာ ချင်းရန်က ကျွန်တော့်အကြောင်း ကောင်းကောင်းသိတယ်လေ.. သူမလို ကြင်နာလှပပြီး ချစ်စရာကောင်းတဲ့အမျိုးသမီးလေးက သေချာပေါက် အထင်လွဲမှာ မဟုတ်ဘူး... "

ကျီချင်းရန် တစ်ဖက်သို့ လှည့်လိုက်ပြီး ညင်သာစွာ နှာခေါင်းရှုံ့လိုက်၏။

ဟွန့် သူ့ဘာသူ စိတ်ကူးတွေ ယဉ်နေတယ်..

သူမ၏ အမူအရာမှာတော့ အလွန်တရာ ဝင့်ကြွားနေလေသည်။

"အင်း.. အမေ့ချွေးမလေးက အရမ်းထူးချွန်တာ...
ဒါပေမယ့် အဲ့လိုကိစ္စမျိုးကို အထင်လွဲမယ်ဆိုရင်လည်း
သာမန်ပဲလေ... သား.. နင် ချွေးမလေးကို သေချာပေါက်
ရှင်းပြပေးရမယ်နော်..."

"စိတ်ချစမ်းပါအမေရာ.. ချင်းရန်က သေချာပေါက်
အထင်လွဲမှာ မဟုတ်ဘူး.. ကျွန်တော်
အသက်ရှင်လာတာ အနှစ်နှစ်ဆယ်ကျော်နေပြီ..
ဒါပေမယ့် သူမလိုမျိုး အဆင်းရော
အချင်းရော  အစစအရာရာ ပြီးပြည့်စုံတဲ့
အမျိုးသမီးမျိုးကို မမြင်ဖူးသေးဘူး...
ကျွန်တော်ကလည်း ငတုံးမှ မဟုတ်တာ... ဖရဲသီးကြီး
လွှင့်ပစ်ပြီးတော့ နှမ်းစေ့လေးတွေ
လိုက်ကောက်နေမှာတဲ့လား... ဘာလို့ နောက်ထပ်
အမျိုးသမီးတစ်ယောက်နဲ့ ဇာတ်လမ်းရှုပ်နေရမှာ...."

"သားလေးပြောတာ အမှန်ပဲ......
ချွေးမလောင်းလေးထက် ထူးချွန်တဲ့ မိန်းကလေးမျိုးကို
အမေလည်း မမြင်ဖူးသေးဘူး... "

မည်သို့မှန်း မသိလိုက်ပဲ သားအမိနှစ်ယောက်လုံးမှာ
အတိုင်အဖောက် ညီသွားကြ၏။

နှစ်ယောက်သား ကျီချင်းရန်ကို မိုးပေါ်သို့
မြှောက်သည်အထိ အပြိုင်အဆိုင်
ချီးမွမ်းနေကြတော့သည်။

"ကောင်းပြီလေ.. နောက်လည်း ကျနေပြီဆိုတော့ အမေ
ထပ်မနှောင့်ယှက်တော့ဘူး.. စောစောအနားယူနော်..
ပင်ပန်းအောင်လည်း အလုပ်လုပ်မနေနဲ့ဦး..."

ဆိုရိုးများအတိုင်း စကားများများပြောလေ အမှားများများပါလေ ဖြစ်သောကြောင့် သူမ၏ ဇာတ်လမ်းထဲရှိ အမှားများကို မဖော်ထုတ်မိစေရန် ဝမ်ချွေ့ပင်း ဖုန်းကို ကောက်ကာငင်ကာ ချလိုက်တော့သည်။

ယင်းကလည်း စကားပြောသည်မှာ လုံလောက်နေသောကြောင့် ဖြစ်၏။

သူမဖုန်းကို အိတ်ထဲပြန်ထည့်လိုက်ပြီး ဝမ်ချွေ့ပင်း ကျီချင်းရန်ကို ကြည့်ကာ "ချွေးမလေး.. သမီးလည်း  ကြားတယ်နော်.... သူတို့ နှစ်ယောက်ကြားထဲမှာ ဘာမှ မဖြစ်ထားဘူး.. အင်တာနက်ပေါ်က သတင်းတွေက အလိမ်အညာတွေကြီးပဲ..."

"ပြီးတော့ သူ့ရင်ဘက်ထဲမှာ ချင်းရန်က အဲ့လောက်
နေရာယူထားတာကို ဘာလို့ တခြား အမျိုးသမီးတွေနဲ့
ပတ်သက်ပြီး စိတ်ပူနေဦးမှာ လဲ ...
ဟုတ်တယ်မလား..."

"သူလည်း မှားတာပဲလေ..သမီး သံသယ မများအောင်
ဘယ်လိုလုပ်ရမလဲဆိုတာ မသိဘူးလား
မသိဘူး..."ကျီချင်းရန် နှုတ်ခမ်းစူ၍ ပြောလိုက်၏။

အမှန်တော့ သူမ ဝမ်ချွေ့ပင်း၏ ချွေးမလောင်းဆိုတာကို
လင်းရီ လက်ခံလိုက်စဉ်ကတည်းက ကျီချင်းရန် ရင်ထဲရှိ
ကြိုးထုံးမှာ ပြေပျောက်သွားပြီးဖြစ်၏။

တစ်နည်းအားဖြင့်ဆိုသော် သူမတို့နှစ်ယောက်၏
ပတ်သက်ဆက်နွယ်မှုကို လင်းရီ
လက်ခံထားသော်လည်း ၎င်းကို ထုတ်မပြခြင်းသာ။

"ဟုတ်တယ်.. သေချာပေါက် သူ့အမှားပဲ... အန်တီ အချိန်ရရင် သူ့ကို ပြောပြထားလိုက်မယ်... မိသားစုလည်းရှိ အလုပ်လည်းရှိတဲ့လူက ဒီလိုကိစ္စမျိုးကိုလည်း သေချာပေါက် ဂရုစိုက်မှ ဖြစ်မယ်လေ..."ဝမ်ချွေ့ပင်း အလွန်အမင်း လေးနက်နေဟန်ဖြင့် ပြောဆိုလိုက်၏။

"ဟုတ်တယ်.. သမီးတို့ သူ့ကို သေသေချာချာလေး ပြောပြထားဖို့ လိုတယ်...."

ဝမ်ချွေ့ပင်း ကျီချင်းရန်၏ လက်ကို ဆုပ်ကိုင်လိုက်ပြီး ညင်သာသည့် လေသံဖြင့် "ချွေးမလေး... အန်တီတို့ ဒီကိစ္စကို သေချာလေး သိသွားပြီဆိုတော့ အထုပ်အပိုးတွေကို ပြန်မသယ်သွားတော့ဘူးလား...."

"အထုပ်အပိုးတွေက ပြန်မသယ်သွားလည်း ဖြစ်ပါတယ်.. ဒါပေမယ့် အန်တီလည်း ဒီရောက်နေတယ်ဆိုတော့ လင်းရီရဲ့အိမ်ကို တစ်နည်းမဟုတ် တစ်နည်းတော့ သွားရမှာပဲလေ.. ဒါကြောင့်မို့ သမီး အန်တို့ကို သူ့အိမ် ခေါ်သွားပေးမယ်...."

"အင်း ... အဲ့တာဆို အခုပဲ သွားကြစို့..."

သို့နှင့် ဝမ်ရွှေ့ပင်း ကျီချင်းရန်၏ ခရီးဆောင်အိတ်ကို သယ်ကာ အပြင်သို့ ထွက်လာခဲ့လေသည်။ ထို့နောက် ကျိုကျုံးဗီလာသို့ မောင်းထွက်သွားလိုက်တော့၏။

.......

လင်းရီ ဖုန်းချလိုက်သည်ကို မြင်တော့ လျန်ရှူရှယ် သူမ လင်းရီကို လက်မထောင်ပြလိုက်သည်။

လင်းရီ၏ မေမေဝမ်ကလည်း ခေသူတော့မဟုတ်ပေ။
လင်းရီမသိအောင် ကျိုးဟိုင်ရောက်လာပြီး
တစ်ဖက်လှည့်ဖြင့် သတင်းများ နှိုက်ယူသွားလေသည်။
ကံကောင်းစွာဖြင့် လင်းရီမှ အချိန်မှီ
သတင်းရထားသောကြောင့်ပင်။ထိုသို့ဆိုလျှင်တောင်
လင်းရီ၏ စကားပြောစွမ်းရည်မှာလည်း
အံ့သြချီးကျူးဖို့ကောင်း၏။ အကယ်၍
အခြားသူတစ်ဦးသာ ဆိုလျှင်တော့ ထိုမျှ ကြီးမားသည့်
မုန်တိုင်းကြောင့် အစိတ်စိတ်အမြွှာမြွှာ
ကွဲကြေလောက်ပြီး ဖြစ်လေသည်။

သို့သော်လည်း လင်းရီအတွက်တော့
ရေချိုးရုံမျှလောက်သာ ရှိပြီး  အဆိုပါ မုန်တိုင်းက
ရေတစ်စက်ပင် မကျသေးခင် ငြိမ်သက်အောင်
ထိန်းချုပ်ထားနိုင်လိုက်၏။

လင်းရီမှာ မကောင်းသည့်ကောင်ဖြစ်ရန် လုံလောက်သည်အထိ ခန့်ညားလှသော်လည်း သူ၏ တကယ့်အပြုအမူများကတော့ အမြဲတမ်း  အခြေအနေပေါ်တွင် မူတည် နေလေသည်။

အကယ်၍ သူမသာဆိုလျှင်တော့ ဘာမျှပင် မသိလိုက်ပဲ လင်းရီ၏ လှည့်စားခြင်း ခံလိုက်ရနိုင်သည်။

"ဟော့ ဘာလို့ အဲ့လိုကြီး လာကြည့်နေတာ..."လင်းရီ ပြောလိုက်ပြီး "မင်းကြည့်နေတာကြီးက ငါကပဲ မကောင်းတဲ့ကောင်လိုလို ဘာလိုလိုနဲ့....."

**အခန်း (၅၆၁)**

**ရှက်ရွံ့နေတဲ့ လစန္ဒာ**

"နင်ကကော မဟုတ်လို့လား...."လျှန်ရှူရှယ်
ပြောလိုက်ပြီး "ဥက္ကဌကြီးလို မိန်းကလေးမျိုးကတောင်
နင်လှည့်စားတာ ခံလိုက်ရတယ်ဆိုမှတော့
သာမန်သူတစ်ယောက်သာဆိုရင် နင့်ရဲ့
အရုပ်လေးတစ်ရုပ်လိုမျိုး
ဆော့ကစားခံရလောက်တယ်..."

"စစ်ပွဲမှာ အရာအားလုံးက မျှတပြီးသား..
ချင်းရန်ကြောင့်သာ မဟုတ်လို့ကတော့ မေမေဝမ်က
ငါ့ကို ဘာမှ မမေးပဲ
သေအောင်ရိုက်သတ်နေပြီးလောက်ပြီ.... "

"အန်တီက ဥက္ကဌကြီးကို အရမ်း
သဘောကျနေတဲ့ပုံပဲနော်..."

"ချွေးမလေးလို့ နှုတ်က မချတာပဲ ကြည့်တော့လေ.. သဘောမကျဘူးဆိုရင် အဲ့လိုမျိုး ခေါ်ပါ့မလား..."

စက္ကန့်အနည်းငယ်ကြာအောင် တုံ့ဆိုင်းနေပြီးနောက် လျှန်ရှုရှယ် ပြောလာခဲ့၏။ "ငါ့ကိုပြောပြ.. တကယ်လို့ နင်ပထမဆုံး ခေါ်သွားတဲ့ မိန်းကလေးကသာ ဥက္ကဌကျို မဟုတ်ခဲ့ဘူးဆိုရင် အခြေအနေက ကွဲပြားသွားလောက်လား...."

"အာ...."

အဆိုပါ မေးခွန်းကိုကြားတော့ လင်းရီ မည်ကဲ့သို့ တုံ့ပြန်ရမှန်းမသိ ဖြစ်သွားခဲ့၏။

မျက်နှာမြင် ချစ်ခင်ပါစေဆုနှင့် ပြည့်ထားသည့် ကျိုချင်းရန်ကို မြင်သူတိုင်းက သဘောကျမည်မှာ မုချကေန်ပင်။

သို့သော်လည်း သူ့ဘေးတွင် ရှိနေသည့်
အမျိုးသမီးတိုင်းကလည်း ကျီချင်းရန်အောက်
လျော့ကျမနေချေ။

အကယ်၍ သူ ဝမ်ရင်းကို ခေါ်သွားလျှင်တောင်မှ
မေမေဝမ် သူမကို နှစ်သက်လောက်၏။

သို့သော်လည်း ရှေးရိုးစွဲ
အမျိုးသမီးတစ်ယောက်အနေဖြင့် သူမ ဝမ်ရင်းကို
လွယ်လွယ်ကူကူ သဘောတူလိုက်လိမ့်မည်တော့
မဟုတ်ချေ။

ထို့ကြောင့် အကယ်၍များ ကျီချင်းရန်သာ ပထမဆုံးသူ
မဟုတ်ခဲ့လျှင် အခြေအနေမှာ
တစ်မျိုးပြောင်းသွားနိုင်လေသည်။

မေမေဝမ်အတွက်တော့ ပထမဆုံး ရင်းနှီးသည့် မိန်းကလေးကို သစ္စာရှိရန်က အရေးကြီး၏။ သူမ ပထမဆုံး အသိအမှတ်ပြုလိုက်သည့် မိန်းကလေးမှာ သူမ၏ ချွေးမလောင်းလေး ဖြစ်လာပေမည်။

အကယ်၍ လင်းရီသာ အခြားသူတစ်ယောက်ကို ပထမဆုံး ခေါ်သွားမည်ဆိုပါက သူမ ကျီချင်းရန်နှင့် အနာဂတ်တွင် ဆုံတွေ့ခဲ့လျှင်တောင် ချွေးမလောင်းအဖြစ် အသိအမှတ်ပြုလိမ့်မည် မဟုတ်ချေ။

သို့သော်လည်း ဖြစ်ပျက်သမျှ ကိစ္စအားလုံးမှာ အကြောင်းပါလာပြီးသားဖြစ်၏။ ထို့ကြောင့် ထွေထူး စဉ်းစားနေရန် မလိုချေ။

"အင်း... ဖြစ်နိုင်တယ်...."လင်းရီ ပြောလိုက်ပြီး

"မေမေဝမ်က အသက်လည်းကြီးနေပြီဆိုတော့ ငါမိန်းကလေး ခေါ်လာခဲ့ရင်ကို ပျော်နေတာလေ... ကျန်တာတွေက ဘာမှအရေးကြီးဘူး... တစ်ဖက်သူက မိန်းကလေးဖြစ်ပြီး အသက်ရှုနေသေးတယ်ဆိုရင် အားလုံးအဆင်ပြေတယ်..... "

"ပေါက်တတ်ကရတွေ ပြောနေပြန်ပြီ... ကြွင်ဘက်ရွေးရင် ဘယ်သူက ကောင်းကောင်းမရွေးလို့လဲ... နင်ပြောနေပုံကြီးက လောကကြီးထဲမှာ အသက်သုံးဆယ်ကျော် တစ်ကိုယ်တည်း အမျိုးသမီးတွေ မရှိတော့တဲ့ အတိုင်းပဲ....... "

"ကဲပါ.. အဲ့သောက်ရေးမပါတာတွေ ပြောမနေနဲ့တော့.... အလုပ်ကိစ္စ စကားပြောရအောင်..."

လင်းရီ သူ့အိတ်ထဲရှိ စာရွက်စာတမ်းများကို လျှန်ရှူရှယ်ထံ ကမ်းပေးလိုက်ပြီး "လက်မှတ်ထိုးလိုက်.. ပြီးရင် ကော်ပီတစ်စုံချန်ထား... ကျန်တာကို ငါ ကျောက်ဝန်ဆီ ပြန်ပို့လိုက်မယ်...."

စာချုပ်ထဲတွင် လင်းရီ၏ တောင်းဆိုချက်သုံးခုကို  ရှင်းလင်းစွာ ထည့်သွင်းထားပြီး လက်မှတ်ထိုးလိုက်သည်နှင့် ဟွာရှမ့ ပြည်သူများအားလုံး အဆိုပါ အခြေအနေများကို အကျိုးခံစားခွင့်ရှိနိုင်ပေမည်။

"နင်ဘာလို့ ဒီလိုမျိုးတွေ လုပ်နေတာ.. ဒီလိုလုပ်လို့ နင်လည်း ဘာမှ ရမှာ မဟုတ်ပဲနဲ့..."

"ငါ ငယ်ငယ်တုန်းက မေမေဝမ် ပြောဖူးတာ ဆင်းရဲပြီး နောက်ခံမတောင့်တဲ့ လူငယ်လေးတွေက တစ်ခုခု ....."

"ရပ် ရပ် ရပ် ရပ်လိုက်တော့....နင် ပေါက်တတ်ကရတွေ လျှောက်ပြောတော့မှာ ငါသိပြီးသား.. နင်အရှုးလုပ်တာ မခံတော့ဘူး..."

"ဒါဆိုလည်း မြန်မြန်လက်မှတ်ထိုးလိုက်လေ.. ပြီးရင် မြန်မြန် ရာထူးတိုးအောင်လုပ် ... အဲ့ခါကျရက် ကျိုးဟိုင်က ငါတို့ အပိုင်ပဲ.. တစ်ယောက်ယောက်ကများ ငါ့ကို လာအနိုင်ကျင့်လို့ကတော့ စကားတစ်ခွန်းတည်းနဲ့ ဖျက်ဆီးပစ်လိုက်မယ်... ကျိုးဟိုင်တစ်မြို့လုံးမှာ ငါ လင်းရီကို ဘယ်ကောင် ထိရဲသေးလဲ...."

"ခုကော နင့်ကို ဘယ်သူက ထိရဲနေလို့လဲ.."လျန်ရူရှယ် လက်ဖြင့်ကွယ်ရင်း ရယ်မောလိုက်လေသည်။

"ဒါဆိုလည်း မြန်မြန် လက်မှတ်ထိုးလိုက်တော့လေ... မင်းလက်မှတ်ထိုးပြီးတာနဲ့ ဒီရဲ့အကျိုးခံစားခွင့်တွေက ချက်ချင်း သက်ရောက်သွားမှာ..."လင်းရီပြောလိုက်၏။

"ဒီရဲ့လေးငါးမိနစ်အတွင်းမှာပဲ လူတွေက ဆေးကုဖို့ ပိုက်ဆံတွေ မတန်တဆ သုံးစရာ မလိုတော့ဘူး.... "လျန်ရှူရှယ် အသက်ပြင်းပြင်းရှူလိုက်ပြီး "လင်းရီ .. နင် ဒီလိုလုပ်ပေးတဲ့အတွက် ကျေးဇူးတင်တယ်... ကျန်တာတော့ ငါလည်း မပြောတတ်တော့ဘူး... ဒီလို အောင်မြင်မှုတွေနဲ့ဆိုရင် ငါက ပြည့်သူ့ကော်မတီ အဖွဲ့ဝင်တစ်ယောက် ဖြစ်လာဖို့ ပြဿနာ မရှိတော့ဘူး...."

"အဲ့တာတွေ ငါစိတ်မဝင်စားဘူး... မင်း သောက်ရမ်း အံ့ဩဖို့ကောင်းတဲ့ အချိန်ကျ ငါ့ကို ကာကွယ်ပေးဖို့သာ မမေ့နဲ့..."

လင်းရီ အညောင်းဆန့်လိုက်ပြီး "သွားပြီ.... ငါ သွားအိပ်တော့မယ်....စာချုပ် လက်မှတ်ထိုးပြီးရင် အိတ်ထဲ ပြန်ထည့်ထားလိုက်...."

"ချက်ချင်းကြီး မအိပ်လိုက်နဲ့ဦးနော်... နင့်ရဲ့ မကောင်းသတင်းတွေကို ဘယ်လိုကိုင်တွယ်မလဲ ဆိုတာလဲ စဉ်းစားထား..."

"အင်း.. အိပ်ရာထဲရောက်မှပဲ စဉ်းစားလိုက်တော့မယ်..."

"ဪ ဒါနဲ့ နင် နှုတ်ထွက်မယ်ဆိုတာ သေချာပြီလား..."လျှန်ရှုရှယ် မေးမြန်းလိုက်၏။

လင်းရီ ခေါင်းညိမ့်လိုက်သည်။"မနက်ဖြန် မနက် Muddy waters ကို ကိုင်တွယ်ပြီးတာနဲ့ ဆေးရုံကိုသွားပြီး နှုတ်ထွက်စာ တင်တော့မှာ..."

"အကူအညီ လိုသေးလား..."

"မလိုဘူး... ဒီတိုင်း အသေးမွှားလေးပါကွာ...
ကိုယ့်ဘာကိုယ်လုပ်လို့ရတယ်..."
ချလပ်မြည်သံနှင့်အတူ လင်းရီ
တံခါးပိတ်လိုက်ပြီး  အိပ်ရာဝင်ရန်
ဟန်ပြင်လိုက်လေသည်။

ဝှစ်....

စားပွဲပေါ် ရှိ စာရွက်စာတမ်းများကို ကြည့်ရင်း
လျှန်ရူရှယ် အသက်ပြင်းပြင်း ရှူလိုက်၏။

ဤ စာရွက်စာတမ်းများက
ဘာကိုဆိုလိုလဲဆိုတာကို  တခြားသူများထက် သူမ
ပိုနားလည်လေသည်။ ယခုကဲ့သို့

အောင်မြင်မှုများနှင့်ဆိုပါက သူမ ရာထူးတိုးရန် သေချာသလောက်ပင်။

လင်းရီ၏ အိပ်ခန်းဘက်သို့ တစ်ချက်လှမ်းကြည့်ရင်း လျန်ရှူရွယ် မျက်မှောင်ကြုတ်လိုက်သည်။ထိုအကောင် အဖြေစဉ်းစားပြီးပြီလားဆိုတာကို သူမ မသေချာပေ။

"ခလူး... ခလော...."

လျန်ရှူရွယ် "....."

ဘယ်နမိနစ်ပဲရှိသေးတာ... အဲ့တာကို ကောင်စုတ်က အိပ်ပျော်နေပြီတဲ့လား...

နင်က မနက်ဖြန်အတွက် စဉ်းစားပြီးပြီမို့လို့လား....

လျန်ရှူရွယ် တံခါးဆီသို့ ခြေသံငြိမ်ငြိမ်ဖြင့် ရောက်လာခဲ့၏။

ထို့နောက် တံခါးကို တိုးညင်းစွာ
ဖွင့်ကြည့်လိုက်သောအခါ အိပ်ရာပေါ်၌ လင်းရီ
အောက်ခံဘောင်းဘီတိုနှင့် အိပ်နေသည်ကို
မြင်နေရလေသည်။

ပြတင်းပေါက်မှ ဖြာကျနေသည့် လ၏ အေးမြသည့်
အလင်းရောင်နှင့်အတူ လင်းရီ၏ မျက်နှာမှာ
အထူးတလှယ် ဆွဲဆောင်မှု ရှိနေပြီး လျှန်ရူရှုယ်ပင်
ထိုပုံရိပ်၏ ညို့ငင်ခြင်းကို ခံလိုက်ရ၏။

ဖိုတိုလီတိုဂရပ်ဖီ ပရောဂျက်မှအစ Pfizer နှင့် ယခု
လက်ထဲရှိ စာချုပ်စာတမ်းများအထိ လင်းရီမှာ သူ၏
အကျိုးအတွက် ဘာတစ်ခုမျှ မပြုလုပ်ခဲ့ပေ။

သူ တတ်နိုင်သည့်ဘက်မှ သာမန်လူတန်းစားတို့အတွက်
အကျိုးပြုပေးနေလေသည်။

ဆိတ်ငြိမ်သည့် ညတစ်ညတွင် လျှန်ရှူရှယ် သူမ အမေ၏
ပြောစကားများကို ယခုတိုင် ကြားယောင်နေမိ၏။

လင်းရီ၏ ကံကြမ္မာမှာ ဖြစ်နိုင်ချေ
နှစ်ခုတည်းသာရှိသည်။

ကမ္ဘာကြီးကို သူ့ရဲ့ခြေထောက်နဲ့ နင်းခြေမှာလား..
ဒါမှမဟုတ် ကမ္ဘာကြီးရဲ့နင်းခြေခြင်းကိုပဲ ခံရမှာလား...

သို့သော်လည်း သူမ လင်းရီ ပြုခဲ့သည့် အမှုများကို
ပြန်လည် ဆင်ခြင်ပြီးနောက် ထိုအယူအဆကို
ခေါင်းထဲမှ ထုတ်ပစ်လိုက်တော့၏။

လင်းရီမှာ အတ္တဆန်သော်လည်း ကမ္ဘာကြီးကို
ပိုမိုကောင်းမွန်စေချင်ပြန်သည်။ သူမ အမေ
ပြောသည်က မှား၏။လင်းရီမှာ ယခု ပျက်ဆီးနေသည့်

ကမ္ဘာကြီးနှင့် ရှေးယခင်ကတည်းက ငြိမ်းချမ်းရေး ယူထားပြီးဖြစ်သည်။

ညမှာ ချမ်းအေးလှပြီး လျှန်ရှူရှယ် မနေနိုင်ပဲ ကုတင်အနားသို့ ရောက်လာကာ လင်းရီကို စောင်တစ်ထည် ခြုံလွှမ်းပေးလိုက်လေသည်။

သို့သော်လည်း သူမ ထွက်သွားတော့မည့် အချိန်တွင် အိပ်ရာထက်၌ အပြစ်ကင်းစင်သည့် ကလေးလေးကဲ့သို့ နှစ်ခြိုက်စွာ အိပ်မောကျနေသည့် လင်းရီကို မြင်တော့ ပါးပြင်ထက်သို့ အနမ်းပေးချင်စိတ်များ တားဆီးမရနိုင်အောင် ဖြစ်ပေါ်လာပြီး မနေနိုင်ပဲ ကိုယ်ကို ကိုင်း၍ ပါးပြင်ပေါ်သို့ နှုတ်ခမ်းနှင့် ထိလိုက်၏။

သို့သော်လည်း ထိုအချိန်တွင် လင်းရီမှာ ကိုယ်ကို တစ်ဖက်သို့ လှည့်လာခဲ့ပြီး သူမတို့ နှစ်ဦး၏ နှုတ်ခမ်းသားတို့မှာ အလိုလို ထိကပ်သွားကြလေသည်။

ဘုန်း..

လျှန်ရှုရှယ်၏ စိတ်မှာ ဗလာကျင်းသွားပြီး စိတ်ထဲတွင်လည်း တစ်ခုခု မကောင်းတာ ဖြစ်ပျက်တော့မည်ဟု အဆက်မပြတ် မြည်သံပေးနေတော့၏။

သူမ နောက်ပြန်ဆုတ်တော့မည့် အချိန်တွင် ရုတ်တရက် သူမ၏ ခါးကို သန်မာသည့် လက်မောင်းတစ်စုံက တင်းကျပ်စွာ ချုပ်နှောင်ထားလိုက်၏။

သူမ၏ ခါးကို လင်းရီမှ တင်းကြပ်စွာ ဖက်ထားပြီး သူမကို ခုခံရန် အခွင့်အရေးပင် မပေးပေ။ကုတင်ပေါ်သို့

အတင်းအဓမ္မ တင်ဆောင်ခံလိုက်ရပြီး
လင်းရီ၏ကိုယ်ဖြင့် ဖိနှိပ်ခြင်းခံလိုက်ရ၏။

ထို့ပြင် သူမတို့၏ နှုတ်ခမ်းချင်းမှာလည်း ထိကပ်လျက်
ရှိနေဆဲပင်။

လျှန်ရှူရှုယ်၏ မျက်ဝန်းများမှာ ကြောက်လန့်နေသည့်
သမင်ငယ်လေးကဲ့သို့ ပြူးကျယ်လာခဲ့လေသည်။

"ဝူးဝူး...."

"အလှလေးလျှန်.. ညမှာ မအိပ်ပဲ ဘာလို့
ကျုပ်အခန်းထဲရောက်လာခဲ့တာ... ကေန္တ ကျုပ်ကို
လုပ်ကြံမလို့များလား... "

"ဟွန့် ဘယ်သူက နင့်ကို လုပ်ကြံနေလို့လဲ..."

လရောင်၏ အလင်းပြန်မှုဖြင့် ရှက်ရွံ့စွာ နီရဲနေသည့် လျှန်ရှူရှယ်၏ မျက်နှာကို လင်းရီ ရှင်းလင်းစွာ မြင်နေရလေသည်။

"ငါ့ကို လာပြီးလည်း နမ်းသေးတယ်.. ပြီးတော့ လုပ်ကြံတာ မဟုတ်ဘူးလို့ ပြောနေသေးတယ်ပေါ့..."

"ဖယ်လို့.. နင်ငါ့ကို အကြမ်းကြီးဖိထားတာ အရမ်းနာတယ်..."လျှန်ရှူရှယ် လင်းရီကို အားကုန် တွန်းထုတ်လိုက်ပြီး ကပျာကယာဖြင့် ထွက်ပြေးသွားတော့၏။ သူမ မည်သူ့ကိုမျှ မျက်နှာချင်း မဆိုင်ဝံ့တော့ချေ။

.......

ရန်ကျင်း ရှန်ရီလာဟိုတယ်။

ကျောက်မို၊ ဂူချန်းချမ်၊ စွန်းချဲ့နှင့် လုရှမ်းတို့အားလုံး ပျော်ပါးစားသောက်နေကြ၏။

သို့သော်လည်း သူတို့ လေးယောက်အပြင် ဖုန်းကျူးလည်း သူတို့နှင့်အတူ ရှိနေလေသည်။

"မစ္စတာကျူး... ကျုပ် ဒီတစ်ခွက်နဲ့ ဂုဏ်ပြုပါရစေ..." ကျောက်မို သူ၏ ခွက်ကို ပင့်မြှောက်လိုက်ပြီး "ခင်များရဲ့ စုံစမ်းဖော်ထုတ်နိုင်စွမ်းက ကျုပ်မျှော်မှန်းထားတာထက်ကို ကျော်လွန်နေတာပဲ.. အဲ့လိုသတင်းမျိုး ရလာလိမ့်မယ်လို့ ကျုပ်တကယ်ကို ထင်မထားမိခဲ့တာ.... "

"ခုက အစပဲရှိသေးတယ်... ကျုပ် ခန့်မှန်းထားသလောက်တော့ နောက်သုံးလေးရက်လောက်နေရင် ဒီသတင်းရဲ့

ရေပန်းစားမှုက လျော့ကျသွားတော့မှာ... အဲ့ခါကျ နောက်တစ်ခု ထပ်လာမယ်... ကျုပ်ဘက်က Didiနဲ့ လင်းယွမ်အုပ်စုကို ပြန်တိုက်ခိုက်ဖို့ နည်းလမ်း ရှာမတွေ့လောက်တဲ့အထိ သေချာအောင် လုပ်ထားပြီးသား..."

၎င်းကိုကြားတော့ ကျောက်မိုနှင့် ကျန်သူများအားလုံး အံ့အားသင့်သွားကြလေသည်။

အဘယ်ကြောင့် ဆိုသော် လက်ရှိရလဒ်ကိုပင် သူတို့ဘက်မှ အလွန်အမင်း ကျေနပ်နေပြီးသောကြောင့် ဖြစ်၏။

တကယ်လို့ နောက်တစ်လှိုင်း ထပ်လာဦးမယ်ဆိုရင် လင်းရီကို သတ်လိုက်တာနဲ့ အတူတူပဲ မဟုတ်ဘူးလား...

"မစ္စတာကျူး.. ဒီနေ့တော့ ကျုပ်တို့တစ်တွေ ကောင်းကောင်းကြီး မူးအောင် သောက်ရမယ်..."

"ဟွာရှစကားအတိုင်းပဲလေ.. ကျုပ်တို့က ပိုက်ဆံယူပြီး တစ်ပါးသူရဲ့ပြဿနာကို ဖြေရှင်းပေးတယ်... ခုလိုမျိုး ရလဒ် ထွက်လာတယ်ဆိုတာ ကလည်း သာမန်ပါပဲ..."ဖုန်းကျူး သူ၏ ဝိုင်ခွက်ကို ကိုင်လိုက်ပြီး "ဒီရဲ့စတော့နည်းဗျူဟာ ကစားပွဲက မပြီးသေးဘူး...အဆုံးသတ်ကျ သူတို့ပဲ သေချာပေါက် ကြေမွတဲ့အထိ အနိုင်ယူခံရမှာ…"

## အခန်း (၅၆၂)
## လင်းရီ မင်းက မကောင်းဆိုးဝါးလား

"ကျုပ်တို့ဘက်ကလည်း Muddy waters နဲ့ မစ္စတာကျူးရဲ့စွမ်းရည်ကို ယုံကြည်ပြီးသားပါ...

ဒါပေမယ့် လင်းရီကလည်း လျော့တွက်လို့ရတဲ့ ပြိုင်ဘက်မဟုတ်ဘူး... ကျုပ်စိုးရိမ်မိတာ မနက်ဖြန် သတင်းစာရှင်းလင်းပွဲမှာ သူ့ဘက်က ပြန်တုံ့ပြန်ဖို့ နည်းလမ်း ရှိနေမှာကိုပဲ... "ကျောက်မို ပြောလိုက်၏။

"ငါတော့ မင်း အဲ့တာကို စိုးရိမ်ဖို့ မလိုဘူးလို့ ထင်တာပဲ..."ဂူချန်းချွမ် ပြောလိုက်ပြီး "မင်းစဉ်းစားကြည့်ကြည့်.... ခု သတင်းထွက်ပြီးတာက ၁၂ နာရီရှိနေပြီ.. PR ဌာနတွေဘက်က သတင်းထုတ်ပြန်ထားတယ်ဆိုတာကလည်း ဘာအနှစ်သာရမှ မရှိတဲ့ ကြေညာချက်တွေချည်းပဲ.. ခုဆို လင်းရီက ခေါင်းမဖော်ရဲတဲ့ လိပ်လိုဖြစ်နေပြီ... ငါ့အထင် ဒီကောင် သူ့ကံကြမ္မာသူ လက်ခံလိုက်ပြီလို့ ထင်တာပဲ...."

"ငါလည်း ဘော့စ်ဂူ ပြောတာကို သဘောတူတယ်..."စွန်းချဲ့ ပြောလိုက်ပြီး "ဒီလို မကောင်းတဲ့ သတင်းမျိုးက ထွက်လာတာနဲ့ ချက်ချင်း တုံ့ပြန် ဖြေရှင်းတာက အကောင်းဆုံးပဲ.. ကံဆိုးချင်တော့ ဒီကောင်တွေဘက်က အဲ့ဒီ အချိန်ကာလကို လက်လွတ်လိုက်ရပြီ... သူတို့ သတင်းစာရှင်းလင်းပွဲလုပ်ပြီးတော့မှ စားပွဲလှန်ချင်ရင်တောင် ဖြစ်နိုင်မှာ မဟုတ်တော့ဘူး... "

"ဟားဟား....."လုရှမ် ကျယ်လောင်စွာ ရယ်မောလိုက်ပြီး "အနောက်တုန်းက ငါတို့ကောင်တွေ တစ်ရာဘီလီယမ် သုံးပြီး စတော့ တန်ဖိုးတွေ ထိုးကျအောင် လုပ်တုန်းက ဘယ်လောက်မှ ပြန်ရမှာ မဟုတ်ဘူးလို့ ထင်ထားတာ.. ဒါပေမယ့် မစ္စတာကျူးလည်း ဝင်ပါလာရော ဒီကောင်တွေ တုံ့ပြန်ဖို့ အခွင့်အရေးလေးတောင် မရလိုက်ဘူး.. ငါ့စိတ်ထင်

ဒီတစ်ခေါက် ငါတို့တွေ အနည်းဆုံး ၅၀ ဘီလီယမ်လောက် ကျန်မယ် ထင်တာပဲ... "

ကျောက်မို ခေါင်းညိမ့်လိုက်ပြီး လုရှမ်ပြောသည်ကို သဘောတူလိုက်သည်။

သို့သော်လည်း သူတို့ အကျိုးအမြတ် မည်မျှ ရနိုင်မလဲ ဆိုတာကိုတော့ ဆုံးဖြတ်လို့ မရသေးချေ။ ယင်းက ကျူးဖုန်းပေါ်တွင် အများအပြား မူတည်နေလေသည်။

"အမှန်အတိုင်းပြောရရင် Didi လို အရွယ်အစားကြီးမားတဲ့ ကုမ္ပဏီတစ်ခုက PR ပြဿနာတွေနဲ့ ပတ်သက်ပြီးတော့ အခက်တွေ့မနေသင့်ဘူး....သူတို့ဘက်က သေချာပေါက် ဖြေရှင်းမယ့် နည်းလမ်းကိုတော့

စဉ်းစားပြီးလောက်ပြီ..."ကျူးဖုန်း အပြုံးလေးဖြင့် ပြောလိုက်သည်။

"ဒါပေမယ့်လည်း မစ္စတာလုပြောတာကို ကျုပ်လည်း သဘောတူတယ်... ဒီအခြေနေရောက်မှတော့ ဘာပဲလုပ်လုပ် အချည်းနှီးပဲ.. ဘာလို့လဲဆိုတော့ အဲ့ဒါက လင်းရီရဲ့ကိုယ်ရေးကိုယ်တာ ပြဿနာလေ... ပြီးတော့ သက်သေအထောက်အထား အပြည့်အစုံနဲ့ဆိုတော့ လင်းရီ စားပွဲပြန်လှန်နိုင်မယ့် အခွင့်အရေးက အနည်းအကျဉ်းလောက်ပဲ ရှိတာ... "

"နောက်ပြီး Didi က တခြား နယ်ပယ်တွေနဲ့ ကွဲပြားတယ်ဆိုတာလည်း မမေ့နဲ့ဦး.. အဲ့တာက ပြည်သူတွေကို ဝန်တောင်မှုပေးနေတဲ့ အက်ပ်တစ်ခု... ဒါကြောင့်မို့ ဟွာရှရဲ့ပြည်သူတစ်ရပ်လုံးက ဒီရဲ့ ဖြစ်ရပ်ကို စောင့်ကြည့်နေကြမှာ.. သူတို့ အသုံးပြုနေတဲ့

အကပ်ပိုင်ရှင်က ဒီလိုမျိုး ဂုဏ်သတင်းမကောင်းတဲ့သူဖြစ်နေမယ်ဆိုရင် စက်ဆုပ် အထင်အမြင်သေးသွားပြီး သေချာပေါက် ဘွိုင်းကော့ကြမှာပဲ...ဒါကြောင့်မို့ လင်းရီ သူ့ရဲ့ သတင်းတွေကို ဖြေရှင်းနိုင်ရင်တောင် လူအများရဲ့ စိတ်ထဲက Didi အပေါ် ဆန့်ကျင်ဘက် အမြင်သက်ရောက်မှုတွေကိုတော့ ဖယ်ရှားနိုင်မှာ မဟုတ်ဘူး.... အဲ့လိုမျိုး ဖြစ်လာပြီဆို မစ္စတာကျောက်တို့ဘက်က ရတဲ့ အမြတ်ငွေတွေနဲ့ အလားတူ အကပ်တစ်ခု တီထွင်ပြီးတော့ ဈေးကွက်နေရာယူခိုင်းလိုက်မယ်ဆိုရင် အဆုံးသတ်ကျ Didiကို သုံးမယ့်သူတွေ ရှိပါဦးမလား...."

"ဟားဟား...."

ကျူးဖုန်း၏ စကားလုံးများက ကျောက်မိုကို အားပါးတရ ရယ်မောသွားစေပြီး "မစ္စတာကျူး..

ခင်များနဲ့ ကျုပ်တို့က အကြံတူ ညဏ်တူတွေ လာဖြစ်နေတော့တာပဲ..... ကျုပ်တို့ ကနေဦး စီစဉ်ထားတာလည်း Didi ရှုံးနိမ့်သွားတာနဲ့ တစ်ခါတည်း အလားတူအကပ်ကို တီထွင်ဖို့ စဉ်းစားထားတာ... အဲ့လိုဆိုရင် ကျုပ်တို့ဘက်က ဈေးကွက်ကိုတစ်ခါတည်း သိမ်းပိုက်လိုက်နိုင်မယ်... ပိုပြီးတော့ အဆင်ချောသွားတာက ကျုပ်တို့ စတော့နည်းဗျူဟာ ကစားပွဲကနေ ရတဲ့ ငွေတွေက ရန်ပုံငွေတည်ဖို့ လုံလောက်နေတာပဲ.... "

“ အတိအကျပဲ…” ကျူးဖုန်း ပြောလိုက်ပြီး “ ဒါကြောင့်မို့ ကျုပ်အကြံပြုချင်တာ မနက်ဖြန် သတင်းထောက်တစ်ချို့ရှာပြီး DiDi ရဲ့ မကောင်းသတင်းတွေကို ရေးခိုင်းလိုက်… ကျုပ်တို့ ခုကာလအတွင်းမှာ ဒီကောင်တွေကို အသက်ရှူချိန်လေးတောင် ပေးလိုက်လို့ မဖြစ်ဘူး…”

“ သူတို့ အတော်လေး အထိနာနေပြီဆိုတာနဲ့ ကျုပ် ဒုတိယအစီအစဉ်ကို ထုတ်သုံးလိုက်မယ်...ဒါဆိုရင် သူတို့ကို လုံးဝအမှုန့်ခြေသွားနိုင်ပြီ... တတိယ အစီအစဉ်ကတော့ မစ္စတာကျောက်တို့ဘက်က စလှုပ်ရှားလာတဲ့ အချိန်ပဲ...”

“ ပြောတာကောင်းတယ်... ဒီရဲ့စတော့ နည်းဗျူဟာ ကစားပွဲက လုံးဝကို ပြီးပြည့်စုံမှုကြီးပဲ... နှောင်းလူတွေ လေ့လာမှတ်သားလို့ရအောင် ဂန္တဝင်စာအုပ်တွေထဲမှာတောင် မှတ်တမ်းတင်ဖို့ ထိုက်တန်လွန်းသွားပြီ...”

“ ဟားဟား... ဆုံးဖြတ်ပြီးသွားပြီ..” ကျောက်မို သူ့ဖုန်ခွက်ကို ပင့်မြှောက်လိုက်ပြီး “ ငါတို့ ဒီနေ့ မမူးမချင်း အိမ်မပြန်ရဘူး....”

ကျောက်မိုနှင့် ကျန်သူများ၏ ညစာစားပွဲမှာ
သန်းခေါင်ယံအချိန်၌ အဆုံးသတ်သွားခဲ့လေသည်။

မူလက ကျောက်မို ကျူးဖုန်းကို ရန်ကျင်း၏
နိုက်ကလပ်အတွေ့အကြုံ ခံစားနိုင်စေရန်
စီစဉ်ထားသော်လည်း တစ်ဖက်သူမှာ ယဉ်ကျေးစွာ
ငြင်းဆန်လိုက်၏။ အဘယ်ကြောင့်ဆိုသော်
ဒုတိယအစီအစဉ်အတွက် အသေးစိတ် ပြင်ဆင်ရဦးမည်
ဖြစ်သောကြောင့်ပင်။

တက္ကစီထဲတွင် ကျူးဖုန်း အပြင်ဘက်ရှိ
အမြဲနိုးကြားနေသော မြို့ကို ကြည့်လိုက်၏။
လမ်းမီးအလင်းရောင်များအောက်တွင်
လူတိုင်းမှာ  အကြောင်းပြချက် ကိုယ်စီဖြင့်
သွားလာလှုပ်ရှားနေကြလေသည်။

“ လင်းရီ လင်းရီ … ငါက မင်းကို အများကြီး မျှော်လင့်ထားခဲ့တာ…. ဒါပေမယ့် ငါ့ဘက်က ဒုတိယ အကျော့တောင် မစရသေးဘူး…မင်းက အရှုံးပေးနေပြီဆိုတော့ ဘယ်လောက်တောင် ပျင်းဖို့ကောင်းလိုက်လဲ….”

ကလင် ကလင်…..

ထိုအခိုက်အတန့်တွင် ကျူးဖုန်း၏ ဖုန်းသံမြည်လာခဲ့၏။ ထုတ်ကြည့်လိုက်သောအခါ ရုံးချုပ်မှ ဖုန်းဆက်လာခဲ့ခြင်းပင်။

ဖုန်းကိုင်လိုက်ပြီး ကျူးဖုန်း ဘာမှ မပြောနိုင်သေးခင် သူ၏ အမူအရာမှာ ရုပ်ဆိုးအကျည်းတန်သွားလေသည်။

တစ်မိနစ်မျှကြာပြီးနောက် တစ်ဖက်မှ ဖုန်းချသွားခဲ့၏။ ကျူးဖုန်း၏ မျက်နှာမှာတော့ ဖြူလျော်နေသည်။

" ကားဆရာ... လေးရာသီ ဟိုတယ်ကို မသွားတော့ဘူး.... လေဆိပ်ကိုပဲ မောင်းလိုက်တော့..."

" အိုကေ အာစိ.." ဒရိုင်ဘာမှ စိတ်အားထက်သန်စွာဖြင့် ပြောလိုက်၏။ လေဆိပ်သို့ မောင်းနှင်ရမည်ဆိုပါက ခရီးမှာ ပိုမို ဝေးလံသောကြောင့် သူလည်း ပိုက်ဆံ ပိုရနိုင်ပေမည်။

ကျူးဖုန်း နောက်ခုံကို မှီ၍ မျက်လုံးမှိတ်ထားသည်။ ရုံးချုပ်နှင့် ဖုန်းပြောပြီးနောက် အပြင်ဘက်ရှိ မြင်ကွင်းများကို ဆက်လက်ကြည့်ရှုခံစားချင်စိတ်များ ကြက်ပျောက်ငှက်ပျောက် ပျောက်သွားခဲ့တော့၏။

“ လင်းရီ မင်းက ဘယ်လို
မကောင်းဆိုးဝါးမျိုးလဲကွာ....”

.........

နောက်တစ်နေ့နံနက် လင်းရီ အိပ်စုံမှုန်မွှားဖြင့်
ထလာခဲ့သောအခါ လျန်ရှုရွှယ်မှာ ထွက်သွားခဲ့လေပြီ။

အာ...ဒီအမျိုးသမီးက ဘယ်အချိန်တုန်းကတည်းက
ထွက်သွားခဲ့တာလဲဟ....

လင်းရီ ပတ်ဝန်းကျင်ကို တစ်ချက်
ကြည့်ရှုလိုက်သောအခါ ထမင်းစား စားပွဲပေါ်တွင်
လျန်ရှုရွှယ်ချန်ထားရစ်ခဲ့သည့် မှတ်စုကို
ရှာတွေ့သွားသည်။

“ ငါ အလုပ်သွားပြီ... ကိုယ်ဘာကိုယ်
ရှာကြံစားလိုက်တော့...”

လင်းရီ တစ်ခဏမျှ ကြက်သေသေသွားခဲ့၏။
 “ သွားခဲ့ပြီလားဟ… မနေ့ညကလည်း ဘာမှ မလုပ်လိုက်ပဲနဲ့ကို အဲ့လောက်တောင် မျက်နှာချင်းဆိုင်ဖို့ ရှက်နေတာလား….”

လျှန်ရှူရှယ် ထွက်ခွာသွားခဲ့ပြီးနောက် လင်းရီလည်း လျှန်ရှူရှယ်၏ အိမ်၌ အကြာကြီး မနေပေ။  စာချုပ်ကို ယူပြီးနောက် ပန်နီဆူလာဟိုတယ်သို့ ထွက်လာခဲ့လိုက်၏။

သူ၏ ကိုယ်ပိုင် ဟိုတယ်ဖြစ်သောကြောင့် သတင်းစာရှင်းလင်းပွဲကို ဤနေရာ၌ ကျင်းပမည်မှာ သဘာဝပင်။

လင်းရီ ပန်နီဆူလာဟိုတယ်ဟို့ ရောက်လာသောအခါ အပြင်ဘက်၌ သတင်းထားအများအပြား

ရောက်နေကြောင်း သတိထားမိလိုက်သည်။
သို့သော်လည်း သူတို့ အားလုံး ဝမ်ထျန်းလုံ၏
တားမြစ်ခြင်းကို ခံထားရလေသည်။

ဟော်ယွမ်ယွမ်၏ စည်းမျဉ်းကြောင့်
ဖိတ်ကြားခံထားရခြင်း မရှိသည့် သတင်းထောက်များမှာ
ပွဲကျင်းပသည့် နေရာထဲသို့ ခြေတစ်လှမ်း ချပိုင်ခွင့်
မရှိပေ။

လင်းရှီ ရောက်လာသည်ကို မြင်တော့ များပြားသည့်
သတင်းထောက်တို့မှာ ဝတ်ရည်အနံ့ရသည့်
ပျားများအလား စုဝေးရောက်လာကြလေသည်။

"မစ္စတာလင်း... ရှင့်ကို တစ်စုံတစ်ယောက်က
မစ္စတာလင်းကို မိန်းကလေးတွေအများကြီးနဲ့

ခြေရှုပ်ထားတယ်လို့ ဖော်ထုတ်ထားတယ်... အဲ့ကိစ္စကို မစ္စတာလင်း ဘယ်လိုသဘောရလဲ..."

"ကျုပ်နဲ့ အတူအိပ်ချင်နေတဲ့ အမျိုးသမီးတွေကမှ အများကြီးပဲ.. မင်းက ဘယ်တစ်ယောက်ကို ပြောနေတာ...."

လင်းရှိ၏ ပုံမှန်မဟုတ်သည့် အဖြေက မေးမြန်းလာသည့် အမျိုးသမီး သတင်းထောက်ကို ကြောင်အမ်းအမ်း ဖြစ်သွားစေသည်။

နင်က ဥစ္စာပေါ ရုပ်ချောဆိုရင်တောင်မှ အဲ့လောက်ကြီး မောက်မာနေတာက မဖြစ်သင့်ဘူးလေ.. ဟုတ်တယ်မလား...

"မစ္စတာလင်း... အင်တာနက်ပေါ်မှာ ပြောထားတာတော့ ခင်များ ထျန်းဟုန်နဲ့ တုန်းဟန် ဆေးဝါးကုမ္ပဏီတွေရဲ့

ဆက်ခံသူတွေကို ဓားနဲ့ထိုးလိုက်တယ်ဆိုတာ တကယ်များလား...မစ္စတာလင်းဘက်ကကော အဲ့လိုသတင်းတွေနဲ့ ပတ်သက်ပြီး ဘယ်လိုတုံ့ပြန်ချင်လဲ မသိဘူး..."

"ကျုပ်လည်း ခုလေးတင် အင်တာနက်ပေါ်မှာ ဒီကောင်တွေ ကိုယ့်အမေနဲ့ မသင့်လျော်တဲ့ ဆက်ဆံရေးတွေ ရှိနေတယ်လို့ ဖတ်လိုက်ရတယ်.. အဲ့တာကမှ သတင်းဖြစ်လောက်တာ မဟုတ်ဘူးလား...."

လူတိုင်း ဆွံ့အသွားကြတော့၏။

ငါ-ိုးမ မင်းဘာတွေ လျှောက်ပြောနေတာတုန်းကွ...

ခရိခ်

ခရိခ်

ခရိခ်

ကားဘရိတ်သံများနှင့်အတူ ဟိုတယ်၏ ဝင်ပေါက်ဝသို့ ပြိုင်ကား သုံးစင်း ရောက်ချလာသည်။

ချင်းဟာန် ၊လျှန်ကျင်းမင်နှင့် ကောင်းကျုံးယွမ်တို့ ၎င်းတို့၏ ကိုယ်ရံတော်များနှင့်တကွ ကားထဲမှ ထွက်လာခဲ့သည်ကို မြင်တွေ့လိုက်ရ၏။

"ချင်းဟာန်ပဲဟ...."

ချင်းဟာန်ကို မြင်တော့ သတင်းထောက်များမှာ နောက်သို့ လမ်းဖယ်ပေးလိုက်ကြ၏။ မဖယ်ပေးလျှင်လည်း ကိုယ်ရံတော်များ လက်ချက်နှင့် ဇက်ပိုးကျိုးသွားနိုင်လေသည်။

"ငိုးပဲ... မင်းတို့ သုံးကောင်က ဘာတွေတုန်းကွ..
ဘောလိဝုဒ်မင်းသားစတိုင်တွေနဲ့..."

"ဒီလို ပွဲမျိုးမှာ မိမိုက်သလို လုပ်ရမယ့် အခွင့်အရေးကို
လက်လွှတ်ခံလိုက်လို့
ဘယ်ဖြစ်မှာ....ဟုတ်တယ်မလား..."

"ဟားဟား... ငါဒီနေ့ မင်းတို့ကို အဲ့ကိစ္စ
သေချာသင်ပြပေးမယ်... လစ်စို့.. လေပေါ်မှာ
လွင့်လိုက်ကြစို့..."လင်းရီ ရယ်မောလိုက်၏။

"ဒါဆိုလည်း ဘာစောင့်နေတာ.. ငါတို့လည်း
ထပ်မစောင့်နိုင်တော့ဘူး...."

"ဖယ်စမ်း... ဖယ်စမ်း..."

ဘော်ဒီဂတ်များမှ သုံးယောက် လမ်းပြိုင်လျှောက်ရန် နေရာကျယ်ကျယ်လွင့်လွင့် လုပ်ပေးလိုက်ပြီး သတင်းထောက်များကို ငဲ့ညာနေခြင်းမရှိ အင်အားသုံး၍ တွန်းဖယ်လိုက်ကြသည်။
သို့နှင့် လင်းရီတို့ သုံးယောက်သား ဟိုတယ်ထဲသို့ ရောက်ရှိသွားလေသည်။ ထိုအခါ ဘော်ဒီဂတ်များမှ ဟိုတယ်တံခါးဝကို စောင့်ကြပ်ရင်း ပိတ်ထားလိုက်ကြ၏။

ဟိုတယ်ခန်းမထဲတွင်တော့  လင်းရီ ရင်းနှီးနေသည့် မျက်နှာ အများအပြားကို တွေ့ရှိလိုက်ရသည်။

ချီရှန်းကျောက်၊ ဟော်ယွမ်ယွမ် ၊ ချိန်ရှမ်းနှင့် ထျန်းရန်တို့လည်း အသီးသီး ရောက်ရှိနေကြ၏။

အလားတူ ကျောက်ဝန်နှင့် ကျန်သူများလည်း စားပွဲဝိုင်းများတွင် အသီးသီး နေရာယူထားကြလေသည်။

“ လူစုံတက်စုံနဲ့ပါလား… ဘာလို့ အားလုံးရောက်နေကြတာ…. မနက်စာကော စားပြီးကြပြီလား…”

“ ဘော့စ်.. ခုက မနက်စာအကြောင်း ပြောရမယ့် အချိန်မဟုတ်ဘူးလေ….” ဟော်ယွမ်ယွမ် သောကရောက်စွာဖြင့် ပြောလိုက်ပြီး “ ခဏနေ သတင်းစာရှင်းလင်းပွဲက စတော့မှာဆိုတော့ ဘော့စ်.. ဖြေရှင်းမယ့် နည်းလမ်းကို စဉ်းစားပြီပြီလား…”

“ ဘာတွေလောနေတာ… ငါ မနက်စာတောင် မစားရသေးဘူး…. အရင်ဆုံး စားလိုက်ဦးမယ်…”

ဟော်ယွမ်ယွမ် “ …… “

ဘော့စ်အစုတ်ပလုတ်… ခုက ထမင်းစားနေရမယ့်
အချိန် မဟုတ်သေးဘူးလေ….

**အခန်း (၅၆၃)**
**မင်း တစ်ယောက်ချင်း ယှဉ်ရဲလား**

လင်းရှီ တစ်ခုခုစားရန် ဒုတိယထပ်သို့ တက်လာခဲ့ပြီး
ဟော်ယွမ်ယွမ်၊ ကျောက်ဝန်နှင့် ကျန်သူများက နောက်မှ
လိုက်လာကြသည်။

“ ခု ငါတို့ ဘဏ်စာအုပ်ထဲမှာ ပိုက်ဆံ
ဘယ်လောက်ကျန်သေးလဲ…” လင်းရှီ
စားသောက်ဆိုင်ထဲတွင် မေးမြန်းလိုက်၏။

“ ကျွန်မ တွက်ကြည့်ပြီးသွားပြီ…
ကုမ္ပဏီအကောင့်ထဲမှာ ယွမ် ၂၀
ဘီလီယမ်လောက်တော့ ရှိသေးတယ်…”
ဟော်ယွမ်ယွမ်ပြောလိုက်ပြီး “ ဒါပေမယ့်
အဲ့တာအပြင်ကို စီနိုဟန်ကုမ္ပဏီရယ် ရှင်းဟွာ
လေကြောင်းလိုင်းရယ် လုံထန်း စက်မှုလုပ်ငန်းဘက်က
စုစုပေါင်း ၁၃ ဘီလီယမ် ရင်းနှီးမြှုပ်နှံလာခဲ့သေးတယ်…
နောက်ပြီး အစ်မကျိုကလည်း ယွမ် ၃ ဘီလီယမ်
ရင်းနှီးမြှုပ်နှံလာသေးတယ်ဆိုတော့ အားလုံး
စုပေါင်းလိုက်ရင် ကျွန်မတို့ စာအုပ်ထဲမှာ ၃၆
ဘီလီယမ်အထိ ရှိတယ်….”

လင်းရီ တစ်ခဏမျှ စဉ်းစားလိုက်ပြီး “ အခု မင်းနဲ့
ချီကြီးတို့က စတော့ဈေးကွက်ကို ဖွင့်ပြီးတော့ ထရိတ်ဒါ
အသေးစားလေးတွေ ထုတ်ရောင်းသမျှ
ရှယ်ယာတွေအားလုံးကို ဝယ်ထားလိုက်.. စတော့

ဈေးကွက်ထဲမှာ လှည့်ပတ်နေတဲ့ ငါတို့ရဲ့ ရှယ်ယာတွေကို ရှော့ချပြီးတော့ ကုမ္ပဏီရဲ့ မူလရန်ပုံငွေ ၂၀ ဘီလီယမ်ကိုပဲ အသုံးပြုထားဦး… တကယ်လို့ ပိုက်ဆံ မလောက်တော့ဘူးဆိုတော့မှ ကျန်တဲ့ ၁၆ ဘီလီယမ်ကို သုံးလိုက်….”

ယခု 1v4 ကစားပွဲတွင် လင်းရီ ကျန်သူများ၏ အကူအညီကို အားမကိုးချင်ပေ။ သို့သော်လည်း ကစားပွဲကို ပို ပျော်ဖို့ကောင်းသွားစေရန် မတတ်နိုင်ပဲ ကျန်သူများ၏ အကူအညီကို ယူလိုက်ရလေသည်။

“ ပိုက်ဆံတွေ အကုန်လုံး သုံးမယ်ဆိုတာ သေချာပြီလား…”

လင်းရီ ခေါင်းညိမ့်လိုက်ပြီး “ ငါပြောတဲ့အတိုင်းသာ လုပ်လိုက်…”

“ နားလည်ပါပြီ…”

ဟော်ယွမ်ယွမ်နှင့် ချီရှန်းကျောက်တို့ အရင်ဆုံးထွက်သွားခဲ့ပြီး လင်းရီ ပေးထားသည့် တာဝန်ကို ထမ်းဆောင်ရန် သွားရောက်စီစဉ်လေသည်။

ထိုအခိုက်အတန့်တွင် ကျောက်ဝန် လမ်းလျှောက်လာခဲ့၏။ လင်းရီ လက်မှတ်ထိုးထားသည့် စာချုပ်ခုနစ်ခုကို သူမထံ ကမ်းပေးလိုက်သည်။

“ အားလုံး ပြီးသွားပြီ… စာချုပ်က ဒီမှာပဲ…”

ကျောက်ဝန် စာချုပ်ကို ယူလိုက်ပြီး လင်းရီကို ကြည့်၍ “ မစ္စတာလင်း ရှင့်ကို တစ်ယောက်ယောက်က တွေ့ချင်နေတယ်…”

“ ဘယ်သူကလဲ…”

ကျောက်ဝန် တစ်ဖက်သို့ လှည့်လိုက်ပြီး ကျူးဖုန်းကို အကြည့်တစ်ချက်ပေးလိုက်သည်။

ထိုအခါ တစ်ဖက်သူမှာ ကုပ်ကုပ်လေး လမ်းလျှောက်လာပြီး သူ၏ စီးပွားရေးကတ်ကို လင်းရီထံ လက်နှစ်ဖက်ဖြင့် ကမ်းပေးလိုက်၏၊

“ ဟယ်လို မစ္စတာလင်း.. ကျုပ် ကိုယ့်ဘာကိုယ် မိတ်ဆက်ပေးပါရစေ… ကျုပ်က အာရှပစိဖိတ် ဒေသရဲ့ Muddy waters research အော်ပရေးရှင်းတွေရဲ့ တာဝန်ရှိသူ ကျူးဖုန်းပါဗျ….”

ကျူးဖုန်း ဘယ်သူလဲဆိုတာကို သိတော့ လင်းရီ စားနေတာကို ခေတ္တရပ်တန့်လိုက်ပြီး သူ့ရှေ့ရှိ လိပ်စာကတ် ကမ်းပေးနေသည့် သူကို အံ့အားသင့်စွာဖြင့် ကြည့်လိုက်လေသည်။

ယခုလို အချိန်မျိုးတွင် သူ Muddy Waters မှ လူတစ်ယောက်နှင့် တွေ့ရလိမ့်မည်လို့ လင်းရီ မျှော်လင့်မထားချေ။

“ မင်းက ဒီကို ပွဲကြည့်ဖို့ လာခဲ့တာလား… ဒါဆို ရှေ့ဆုံးတန်းမှာ အထူးသီးသန့်ခုံတစ်ခုံ ပြင်ထားပေးမယ်…”

“ မဟုတ်တာ မစ္စတာလင်းကလည်း .. အထင်တွေ လွဲနေပါပြီ..” ကျူးဖုန်း ယဉ်ကျေးစွာ ဆိုလိုက်ပြီး “ ကျုပ်က မဟုတ်မမှန်တဲ့ သတင်းအများတွေကို ရေးသားပြီးတော့ မစ္စတာလင်းရဲ့ နာမည်ကို ထိခိုက်စေခဲ့လို့ သတင်းစာရှင်းလင်းပွဲမှာ လူသိရှင်ကြား တောင်းပန်မလို့ပါ…”

“ ဟမ်… မင်းက တောင်းပန်ချင်နေတယ်….”

ယခု တစ်ကြိမ်တွင်တော့ လင်းရီ ပို၍ပင် ရှုပ်ထွေးသွားရတော့၏။

သူတို့ဘက်ကပဲ ကိစ္စတွေကို ဒီလိုဖြစ်အောင် စလုပ်ပြီးတော့ ခု ငါ့ကို ပြန်တောင်းပန်ချင်နေတယ်ဆိုတော့ ဘာလား.. ဒီကောင်တွေ ဘာလာစားနေတာတုန်းဟ… ဘယ်လိုတောင် ထူးဆန်းတဲ့ နည်းလမ်းပါလိမ့်….

ငါကမှ အပြီ ကိုင်တွယ်ဖို့ နည်းလမ်းထုတ်ပြီးခါရှိသေး… မင်းတို့က အရှုံးပေးနေပြီဆိုတော့…. ကိုယ့်လူ ဒါကြီးက ပျင်းဖို့ကောင်းလွန်းသွားပြီ….

“ ဟုတ်ပါတယ်ခင်ဗျ… အွန်လိုင်းပေါ်က သတင်းတွေအကုန်လုံးက အတုတွေပါ… ပြီးတော့ ကျုပ်တို့က လင်းယွမ်အုပ်စုနဲ့ Didi ကို ဦးတည်ပြီး

ရည်ရွယ်ချက်ရှိရှိ လုပ်ခဲ့တယ်ဆိုတာကို ခနနေ သတင်းစာရှင်းလင်းပွဲမှာ ဖွင့်ဟဝန်ခံသွားမှာပါ… မစ္စတာလင်းဘက်က ဆုံးရှုံးမှုတွေကို တတ်နိုင်သမျှ ပြန်ရရှိဖို့လည်း မျှော်လင့်ပါတယ်…”

လင်းရီ ရှုပ်ထွေးနေဆဲပင်။ Muddy Waters က အဘယ်ကြောင့် ယခုလိုလုပ်လာလဲဆိုတာကို သူ နားမည်နိုင် ဖြစ်နေလေသည်။ သို့သော်လည်း လင်းရီ၏ ဦးခေါင်းက ကျောက်ဝန်ကို အလိုအလျောက် ကြည့်မိလိုက်သည်။

ကျူးဖုန်းဆိုသူကို သူမ ခေါ်လာခဲ့သောကြောင့် ယခုကိစ္စမှာလည်း သူမနှင့် သေချာပေါက် ဆက်စပ်နေရပေမည်။

“ ဘာတွေ ဖြစ်နေလဲဆိုတာကို ငါ့ကို ရှင်းပြလို့ရလား…”

"Pfizer နဲ့ အဓိက ဆေးကုမ္ပဏီကြီး ခြောက်ခုက Muddy Waterကို ပေါင်းပြီး ဖိအားပေးထားတာလေ... ဒါကြောင့်မို့ သူတို့လုပ်ရပ်အတွက် ပြန်ပြီး တောင်းပန်နေတာ..."
ကျောက်ဝန် ပြောလိုက်သည်။

လင်းရီ ရုတ်ချည်း သဘောပေါက်သွားပြီး "ဒီဖြစ်ရပ်က ငါတို့ရဲ့ ပူးပေါင်းမှုအပေါ် ဆိုးရွားတဲ့ အကျိုးသက်ရောက်မှုတွေ ရှိလာမှာကို မင်း စိုးရိမ်နေတာလား..."

"အမှန်ပဲ.. "ကျောက်ဝန် ခေါင်းညိတ်လိုက်ပြီး "ကျွန်မတို့ နှစ်ဖက်က ပူးပေါင်းထားမှုတော့ ရှင် တစ်ခုခု ဖြစ်လာရင် အဓိက ကုမ္ပဏီကြီးတွေကလည်း သူတို့ရဲ့ အကျိုးအမြတ် ထိခိုက်လာမှာကိုအလိုမရှိကြဘူးလေ..."

"ငါ နားလည်ပြီ..."

Muddy waters မှာ ငွေကြေးနယ်ပယ်တွင် လွှမ်းမိုးမှုတစ်ချို့ရှိပါသော်လည်း Pfizer နှင့် အဓိက ဆေးဝါးကုမ္ပဏီကြီး ခြောက်ခုကဲ့သို့ ထိပ်တန်း ကုမ္ပဏီကြီးများနှင့် နှိုင်းယှဉ်လိုက်ရင် ပုရွက်ဆိတ်နှင့် ဆင်ကဲ့သို့ ခြားနားလှသည်။

ဖိအားနည်းနည်း ပေးလိုက်သည်နှင့် လက်နက်ချ၍ ချက်ချင်း အရှုံးပေးလာရ၏။

ထိုအကြောင်းတွေးမိသောအခါ လင်းရီ မနေနိုင်ပဲ အားပါးတရ ရယ်မောချင်သွားခဲ့သည်။

ယင်းက တိုက်ဆိုင်လွန်းလှ၏။ သူ၏ ဆေဘာကို ဆွဲထုတ်ပြီးဖြစ်သော်လည်း တစ်စုံတစ်ယောက်မှ သူ၏

သားကောင်ကို ကူညီ၍ ဝင်ခုတ်သွားပေးလေသည်။ ယင်းက စိတ်ဝင်စားဖို့ကောင်းလှ၏။

"မစ္စတာလင်း.. ကျုပ် လေးလေးနက်နက်ကို တောင်းပန်ပါတယ်... တကယ်လို့ တခြား တောင်းဆိုစရာ ရှိသေးတယ်ဆိုရင်လည်း အခုပဲ ပြောပါ.. ကျုပ်ရဲ့ စည်းကမ်းတွေကို ဖောက်ဖျက်စရာ မလိုဘူးဆိုလို့ကတော့ မစ္စတာလင်း ပြောတဲ့အတိုင်း ဆောင်ရွက်ပေးပါ့မယ်...."

လင်းရီ လက်ထဲတွင် စီးပွားရေးကတ်ကို ကစားရင်း စားပွဲပေါ်တင်ကာ ကျူးဖုန်းထံသို့ ပြန်တွန်းပေးလိုက်၏။

ယင်းအပြုအမူက ကျောက်ဝန်နှင့် ကျူးဖုန်းကို ရှုပ်ထွေးသွားစေသည်။ ၎င်းက ဘာကိုဆိုလိုလဲဆိုတာကို သူတို့ နားမလည်ပါချေ။

"ငါ့ဘက်က Pfizer နဲ့ အဓိက ဆေးကုမ္ပဏီကြီးခြောက်ခုကို မင်းတို့အပေါ် ပေးထားတဲ့ ဖိအားတွေ အကုန် ပြန်ရုပ်သိမ်းပေးဖို့ အာမခံနိုင်တယ်... မင်းဘက်က ဘာမှ စိတ်ပူစရာမလိုဘူး... ငါတို့ နှစ်ယောက် စီးချင်းယှဉ်ပြီးတော့ အဆုံးသတ်ကျ ဘယ်သူက မားမားမတ်မတ် ရပ်တည်နေနိုင်မလဲဆိုတာ ကြည့်ကြမယ်... "

လင်းရှီ ကျူးဖုန်းကို အေးစက်စက် ပြုံးပြလိုက်ပြီး "မင်း ဒါကို လက်ခံရဲလား..."

"ဒါက...."

ဖုန်းကျူး ကြက်သေသေသွားပြီး လင်းရီကို ပြန်အကဲဖြတ်လိုက်သည်။

သူအစက လင်းရီမှာ Pfizer နှင့် ဆေးကုမ္ပဏီ ခြောက်ခုကို တောင်းဆိုလိုက်သောကြောင့် ၎င်းတို့ဘက်မှ ဖိအားပေးလာခြင်း ဖြစ်သည်ဟု မှတ်ယူထား၏။

သို့သော်လည်း ယခုလေးတင် သူ၏ စကားပြောပုံအရ ဆိုပါက သူတွေးထင်ထားသည်နှင့် ကပ်ကပ်စင်အောင် လွဲချော်နေလေသည်။

လင်းရီက Pfizer နှင့် ဆေးကုမ္ပဏီခြောက်ခုကို မတောင်းဆိုထားပေ။ ၎င်းတို့ကသာ စိတ်လိုလက်ရနှင့် ကူညီပေးလာခဲ့ခြင်းဖြစ်၏။

လင်းရီ ယနေ့ သတင်းစာ ရှင်းလင်းပွဲ ကျင်းပရသည့်
ရည်ရွယ်ချက်မှာလည်း သူ့တွင် တုံ့ပြန်ရန်
နည်းလမ်းရှိပြီး ဖြစ်လောက်သည်။

အကယ်၍ လုံးဝ ယုံကြည်ချက်မရှိပါက ယခုလို
စကားမျိုး ပြောလာလိမ့်မည် မဟုတ်ချေ။

ယင်းကလည်း သူ့လက်ထဲရှိ
သတင်းအချက်အလက်များမှာ Didi ကို စက်ဝိုင်းပုံစံ
လည်ပတ်ရန် ပြီးပြည့်စုံနေသောကြောင့်ပင်။

ပြင်းထန်သည့် အရှိန်အဝါများ လွှတ်ထုတ်နေသည့်
အနီလင်းရီကို ကြည့်ရင်း ကျူးဖုန်း၏ ခန္ဓာကိုယ်မှာ
ထိန်းချုပ်မရစွာဖြင့် တုန်ယင်လာလေသည်။

လူတစ်ယောက်ထံမှ ယခုလို ဖိအားမျိုး ခံစားရသည်မှာ ပထမဆုံးအကြိမ်ပင်။

အလားတူစွာ သူ၏ စွမ်းရည်များကို သံသယဝင်မိသည်မှာလည်း ပထမဆုံးအကြိမ်ဖြစ်၏။

အကယ်၍ ပြင်ပ ပရောဂများ မပါဝင်ပဲ သူတို့နှစ်ယောက်ချည်း သီးသန့် ယှဉ်ပြိုင်မည်ဆိုလျှင် သူက လင်းရှီ၏ ပြိုင်ဘက် ဖြစ်နိုင်ပါမည်လော။

ကျူးဖုန်း မစဉ်းစားဝံ့သလို ယုံကြည်မှုလည်း မလွှန်ကဲဝံ့ချေ။

"မင်း လက်ခံရဲလား..."လင်းရှီ နောက်တစ်ကြိမ် ထပ်မေးလိုက်သည်။

"မစ္စတာလင်း… ခင်များ နောက်နေတာပဲဖြစ်ရမယ်… ကျုပ်ရဲ့ ပါမွှားစွမ်းရည်လေးက မစ္စတာလင်းကို ဘယ်လိုယှဉ်နိုင်မှာ…ကျုပ် ခဏနေကျရင် မီဒီယာတွေရှေ့မှာ တောင်းပန်ဖို့ ဆုံးဖြတ်ပြီးသားပါ…."

"ပျင်းဖို့ကောင်းတယ်…"

လင်းရီ မတ်တပ်ရပ်လိုက်ပြီး "ခဏနေ သတင်းစာရှင်းလင်းပွဲကို ငါမတက်တော့ဘူး.. လင်းယွမ် PR ဌာနက တာဝန်ရှိသူတစ်ယောက်ကို သွားရှာပြီးတော့ ဒီကိစ္စ ကိုင်တွယ်လိုက်……"

"နားလည်ပါပြီ မစ္စတာလင်း…"ဖုန်းကျူး ကိုယ်ကို အနည်းငယ် ကိုင်း၍ အရိုအသေ ပေးလိုက်သည်။

လင်းရီ ထွက်ခွာသွားသည်ကို မြင်တော့ ချင်းဟန်တို့ သုံးယောက်လည်း လိုက်လာကြလေသည်။

"မင်း ဒီတိုင်းပဲ ထွက်သွားတော့မလို့လား..."

"တစ်ဖက်က ကိုယ်တိုင်ကိုယ်ကျ ဝန်ခံနေမှတော့ ငါက ဒီမှာ ထိုင်နေပြီး ဘာလုပ်ရမှာ... ကုမ္ပဏီပြန်သွားပြီး အခြေအနေဘယ်လိုရှိလဲ တစ်ချက်သွားကြည့်လိုက်ဦးမယ်လေ... ငါလက်ထဲမှာ လုပ်စရာတွေမှ အများကြီးပဲ.. အချိန်ဖြုန်းနေလို့ မရဘူး...."

"ဒါပေမယ့် မင်း ဒီမှာနေပြီးတော့ မီဒီယာတွေရှေ့မှာ  မကောင်းသတင်းတွေကို ကိုင်တွယ်လိုက်မယ်ဆိုရင် Muddy waters ရဲ့ ဘေးကနေ ပံ့ပိုးပေးမှုနဲ့ဆိုတော့ ပိုပြီး ထိရောက်မှု ရှိမယ် မဟုတ်ဘူးလား... ဒီလိုဆိုရင် စတော့ဈေးနှုန်းတွေ

ပြန်တက်လာပြီးတော့မှ ငွေကြေး ကစားပွဲမှာလည်း မင်း
အနိုင်ရဖို့ သေချာသွားပြီလေ...."
ချင်းဟာန် အကြံပြုလိုက်၏။

"ဟွာရှမှာ စကားတစ်ခွန်းရှိတယ်... နှုတ်ဆိတ်နေတာက
စကားလုံးပေါင်း ထောင်ချီ ပြောကြားတာထက်
ပိုကောင်းတယ်... တကယ်လို့ ငါသာ ခုချိန် လူလုံး
ထွက်မပြလိုက်ဘူးဆိုရင် လူတွေရဲ့စိတ်ထဲမှာ
အဆုံးအစမဲ့တဲ့ သံသယတွေကို ဖြစ်ပွားသွားစေမယ်...
ဒီရဲ့အကျိုးသက်ရောက်မှုက
ပိုလို့တောင်ကောင်းသေးတယ်... "

ချင်းဟာန် မျက်လုံးလှိမ့်လိုက်ပြီး "မင်းက မိမိုက်သလို
လုပ်ချင်လို့ ဒီလိုလုပ်နေတယ်လို့ ငါဘာလို့
ခံစားနေရပါလိမ့်…”

## အခန်း (၅၆၄)
## စတော့နည်းဗျူဟာဂိမ်း တုံ့ပြန်တိုက်ခိုက်ခြင်း စတင်ပြီ

"ဒါက မိမိုက်သလို လုပ်တာနဲ့ ဘာမှ မဆိုင်ဘူး..."လင်းရီ ပြောလိုက်ပြီး "ဒီလိုကိစ္စမျိုးက ဖြစ်ပြီးမှတော့ မင်းရှင်းပြရင်တောင် အလကားပဲ.. မင်းကို မယုံကြည်ရုံတင် မကသေးဘူး.. မီဒီယာတွေက သူတို့လိုချင်တဲ့ဘက်ဆွဲခေါ်ရင်း လူတိုင်းရဲ့အမြင်ကို ဆိုးရွားအောင် လုပ်ပစ်တော့မှာ...."

"သေချာလို့လား..."

"လာ လာ .. မင်းတို့ ဖုန်းထဲက မှတ်စုတွေမှာ ငါ ခုပြောမယ့် စကားတွေကို သေချာမှတ်ထားကြ.. အနာဂတ်ကျရင် မင်းတို့ သုံးကောင် အသုံးလိုရင်လိုမှာ..."လင်းရီ သူ၏ အမူအရာကို

တည်တံ့လိုက်ပြီး "ဒီလို ပြောရအောင်ကွာ .. တစ်နေ့
မင်းတို့ကောင်တွေ လက်ထပ်ပြီးတော့ တစ်ခြား
မိန်းကလေး တစ်ယောက်နဲ့ ဖောက်ပြန်နေတာကို
မိသွားပြီဆိုပါတော့... အဲ့လိုဆို
မြဲမြဲမှတ်ထား...ဘယ်တော့မှ မတောင်းပန်နဲ့...
တကယ်လို့ တောင်းပန်လိုက်မယ်ဆိုရင် အဲ့တာက မင်း
ဝန်ခံလိုက်တာနဲ့ အဓိပ္ပာယ် အတူတူပဲ... မင်းဘက်က
မဖောက်ပြန်ဘူးဆိုရင်တောင်မှ သံသယတွေကို
ရှင်းပြပေးနေစရာ မလိုဘူး... ဒါက
ဘာလို့လည်းဆိုတော့ အမျိုးသမီးတစ်ယောက်ရဲ့
စိတ်ထဲမှာ ရှင်းပြတယ်ဆိုတာ ရှောင်လွှဲတာပဲ..
ရှောင်လွှဲတယ်ဆိုတာ လုပ်ထားလို့ ဝန်ခံတာနဲ့
အတူတူပဲ... ဒီသီအိုရီက နည်းနည်းလေး
ဟောင်းနေပြီဆိုပေမယ့် ဒီနေ့ခေတ်ရဲ့ အမှန်တရားပဲ..."

"ဒါလည်း ဟုတ်သားပဲ..."ကောင်းကျုံးယွမ် ပြောလိုက်သည်။

"ငိုးပဲ.. မင်းကလည်း ယုံတယ်ပေါ့..."ချင်းဟန် ပြောလိုက်၏။

"အစ်ကိုကြီးလင်း ဘေးနားက မိန်းကလေးတွေကို ကြည့်လိုက်လေ... အကုန်လုံးက အလှနတ်သမီးလေးတွေချည်းပဲ မဟုတ်ဘူးလား.. သူ နောက်တစ်ယောက်နဲ့ ဇာတ်လမ်းရှုပ်နေပါတယ်လို့ သတင်းထွက်ထားတာတောင်မှ မရီးက လက်ဦးမှုရယူပြီး  အစ်ကိုကြီးလင်းအတွက် ကြေညာထားပေးလိုက်သေးတယ်လေ... အစ်ကိုကြီးချင်း.. ဒါတွေက နည်းလမ်းကျတဲ့ ကိုင်တွယ်ပုံတွေပဲ.. သေချာပေါက် တတ်ကျွမ်းထားရမယ့် ပညာရပ်တွေ...."

"ငါလခွမ်း... ဒီလိုကျတော့လည်း ဟုတ်သလိုတော့ ရှိသားဟ..."

"ဒါကြောင့်မို့ ဒီလိုမျိုး ပြဿနာတွေနဲ့ ကြုံလာပြီဆိုရင် မင်းဘက်က ရှင်းပြနေလည်း အလကားဖြစ်မယ့် တူတူ စကားတစ်လုံးတောင် လေကုန်ခံမနေနဲ့..."

"အဲ့လိုပြောကြေးဆို မင်းကကော ဒီဘာလာလုပ်တာ...."ချင်းဟန် မေးလိုက်၏။

"ငါ ဒီရောက်လာတာ အဲ့ကိစ္စ ရှင်းပြဖို့ မဟုတ်ဘူး..."လင်းရီ ပြောလိုက်ပြီး "ဒီကိစ္စအပေါ် သက်ရောက်နေတဲ့ တခြားကိစ္စတွေကို ပြန်ထေဖို့ ရောက်လာခဲ့တာ...."

"အစ်ကိုကြီးလင်း.. ခင်များပြောတာတွေ နားထောင်ပြီးတော့ ကျုပ်ရဲ့ စိတ်တွေကကောင်းမွန်ပြီးတော့ ပိုပြီး ယုံကြည်ချက် ရှိလာသလိုပဲ.. "လျှန်ကျင်းမင် ပြောလိုက်ပြီး "အနာဂတ်ကျရင် ဒီလိုကိစ္စမျိုးတွေကို ကြောက်စရာ မလိုတော့ဘူး..."

"ယုံကြည်ချက် အပြည့်နဲ့နေ.. ဘာမှ မကြောက်နဲ့... မင်းတို့ သုံးကောင်ကို ကြည့်လိုက်တာနဲ့ သေချာပေါက် ဖောက်ပြန်မယ့်ရုပ်တွေဆိုတာ သိသာတယ်...."

"မင်းလည်း အတူတူပဲ.."ချင်းဟန် ထေ့ငေါ့လိုက်ပြီး "ငါတို့နဲ့ ပေါင်းပြီးမှတော့ မင်းကိုယ်မင်း ဘာငှက် အမျိုးအစားလို့ ထင်နေတာ......"

"မင်းတို့ကောင်တွေက သာမန် ကျေးတောင်ငှက်လေးတွေလေ.. ငါကျတော့ သိန်းငှက်ပေါ့..."

"ငိုးပဲ.. ငါ့ သေနတ် ဘယ်ရောက်သွားတုန်း..."

နောက်ပိုင်း လေးယောက်လုံး လင်းယွမ် အုပ်စုသို့ ပြန်လာကြလေသည်။

မုန်တိုင်းမှာ ပြီးမြောက်သွားသော်လည်း စတော့နည်းဗျူဟာ ကစားပွဲကတော့ ယခုထက်တိုင် မပြီးဆုံးသေးချေ။

ယခု Didi ၏ ရှယ်ယာများမှာ ကျောက်တောင်စွန်းမှ အောက်သို့ ထိုးကျနေပြီး အကယ်၍ ကျောက်မိုနှင့် ကျန်သူများမှ ယခု အချိန်တွင်သာ ဝယ်ပြီးပွဲစားများထံ

ပြန်ပေးလိုက်မည်ဆိုပါက အမြတ်အကြီးစား ရရှိသွားနိုင်သည်။

ထို့ကြောင့် လင်းရီ နောက်ထပ် ဆက်လုပ်ရမည့် ကိစ္စနှစ်ခု ရှိသေး၏။
ပထမဆုံးအနေဖြင့်  စတော့များ၏ တန်ဖိုးကို တတ်နိုင်သလောက် ပြန်ဆွဲတင်ရမည်။
ဈေးမြင့်သည်နှင့်အမျှ ကျောက်မိုနှင့် ကျန်သူများမှ ရမည့် အမြတ်များမှာလည်း လျော့နည်းသွားပေမည်။

ဒုတိယအနေဖြင့် သူ စတော့ရှယ်ယာများကို တတ်နိုင်သလောက် ပြန်လည် ဝယ်ယူရမည်။

ယင်းက ဈေးကွက်တွင် လှည့်ပတ်နေသည့် ရှယ်ယာ အရေအတွက်များကို လျော့ကျသွားစေနိုင်ပြီး ကျောက်မိုနှင့် ကျန်သူများမှ ရှယ်ယာများကို ဝယ်ယူ၍

ပွဲစားများထံ ပြန်ပေးနိုင်မည့် ပမာဏကို လျော့ပါးသွားစေနိုင်သည်။

ထိုအခါကျ ကျောက်မိုလည်း မြင့်မားနေသည့် ရှယ်ယာဈေးနှုန်းများဖြင့် ဝယ်ယူရန် တွန်းအားပေးခံရတော့မည်။ သို့သော်လည်း သူ မည်မျှ ဆုံးရှုံးမလဲဆိုတာကိုတော့ ခန့်မှန်းဖို့ရာ မဖြစ်နိုင်သေးချေ။

"အိုး ဒါနဲ့ မင်းတို့ကောင်တွေ သုံးဖို့ ငွေလိုသေးလား..."လင်းရီ လမ်းတွင် မေးမြန်းလိုက်၏။

"မလိုပါဘူး.. ကျွန်တော်တို့ကောင်တွေက ပိုက်ဆံ ပြတ်လပ်နေတဲ့ ကောင်တွေမှ မဟုတ်တာ..."ကောင်းကျိုးယွမ် ပြောလိုက်ပြီး " ရင်းနှီးမြှုပ်နှံထားတဲ့ ပိုက်ဆံတွေကိုလည်း

အစ်ကိုကြီးလင်းပေးဖို့ အလျှင်လိုစရာ မလိုပါဘူး... ဘာမှစိတ်ပူမနေနဲ့..."

"ငတုံး ... မင်းက တကယ့် ကျောက်တုံးခေါင်းပဲကွ...."လျှန်ကျင်းမင် ပြောလိုက်ပြီး "အစ်ကိုကြီးလင်း ပြောတဲ့ အဓိပ္ပာယ်က ငါတို့ ပိုက်ဆံ ပြန်ပေးဖို့ အဟုတ်ဘူး... ငါတို့ကို ငွေရမယ့် နည်းလမ်း ပေးမလို့...."

"ငါလခွမ်း အဲ့တာဆို ငါလည်း သေချာပေါက် ငွေလိုတာပေါ့ဟ...."

လင်းရီ ရယ်မောလိုက်ပြီး "မင်းတို့ကောင်တွေကတော့ ဒီကိစ္စ သေချာပေါက် ကိုင်တွယ်နိုင်မှာ မဟုတ်ဘူး.. ပြန်ပြီးတော့ မင်းတို့ရဲ့ အဘိုးကြီးတွေကို Didi ရဲ့ ရှယ်ယာတွေ အကုန်လုံး ဝယ်ထားဖို့ ပြောလိုက်...

ဝယ်နိုင်သလောက်သာ ဝယ်ထား... ငါ အတိအကျတော့ အာမ မခံနိုင်ပေမယ့် အချိန်ကျလာရင် မင်းတို့ ရင်းနှီးတာထက်  ၃၀ ရာခိုင်နှုန်း ပြန်ရစေမှာတော့ သေချာတယ်..."

"မဖြစ်နိုင်တာ.. ကျွန်တော်တို့က အဲ့လောက်တောင် ရနိုင်မှာလား...."

"ဒါက ခန့်မှန်းချေပဲ.. တကယ်လို့ မင်းတို့ အဘိုးကြီးက မယုံကြည်သေးပဲ ငါက ကြွားနေတယ်လို့ထင်ရင် ရှုံးသလောက် ငါပြန်လျော်ပေးမယ်လို့ ပြောလိုက်ကွာ.... "

"အဲ့လိုလုပ်ဖို့တော့ မလိုပါဘူး...."ချင်းဟာန် သူ့ဖုန်းကို ကိုင်လိုက်ပြီး "Muddy water ကိုယ်တိုင်က လူသိရှင်ကြား တောင်းပန်မယ်ဆိုမှတော့ Didi ရဲ့ ရှယ်ယာတွေက သေချာပေါက် မြင့်တက်လာမှာပဲလေ..

ဒီအချိန်မှာ ငါတို့ ကုန်းကောက်စရာ မရှိတော့ဘူးဆိုရင်တောင် ရှယ်ယာတွေကို ဝယ်ထားရမှာပဲ..."

"ဟုတ်သားပဲ... ငါ ဘာလို့ ဒါကို မစဉ်းစားခဲ့မိပါလိမ့်..."လျှန်ကျင်းမင် ရေရွတ်လိုက်ကြီး "ခု ဒီသတင်းကို ဘယ်သူကမှ မသိဘူးဆိုတော့ ကျုပ်တို့က အရေးသာတဲ့ အခြေအနေမှာလေ... ဒီအခွင့်အရေးကို ကောင်းကောင်းကြီး အသုံးချပြီး ငွေရှာလို့ရပြီ..."

သို့နှင့် သုံးယောက်လုံး ဖုန်းထုတ်၍ သက်ဆိုင်ရာ မိသားစုများထံ ပြောပြလိုက်ကြသည်။

ပထမကတော့ မိသားစု သုံးခုလုံး၏ အရိုးအိုကြီးများမှာ သဘောမတူကြသေးချေ။ ယခု အခြေအနေတွင် Didi

၏ ရှယ်ယာ စျေးနှုန်းများမှာ ခန့်မှန်းမရအောင် ထိုးကျနေပြီး ဝယ်ယူသည့် မည်သူမဆို ဆုံးရှုံးမှု ခံစားရမည်မှာ သေချာပေါက်ပင်။ ရှုံးမည့် စီးပွားရေးကို မည်သူကမျှ မလုပ်ချင်သည်မှာ သဘာဝပင်။

သို့သော်လည်း Muddy waters အကြောင်း သိရှိပြီးနောက် ၎င်းတို့၏ အမူအရာများမှာ တစ်မဟုတ်ချင်း ပြောင်းလဲသွားပြီး Didi ၏ ရှယ်ယာများကို ရေကုန်ရေခမ်း ဝယ်ယူလာကြတော့၏။

ယခုလုပ်ငန်းက လင်းရီအတွက် ဆုံးရှုံးသည်ဟု ထင်ရသော်လည်း နှစ်ဖက်လုံး အကျိုးအမြတ်ရှိသည့် လုပ်ငန်းပင်။

လင်းရီတွင်လည်း ရန်ပုံငွေက သိပ်မကျန်တော့ပဲ အကယ်၍ သူ ရှယ်ယာစျေးကွက်တွင်

လှည့်ပတ်နေသည့် ရှယ်ယာများကို လျော့ချချင်ပါက ယခုလိုနည်းလမ်းက အကောင်းဆုံးပင်။

ဤသို့ဖြင့် ကျောက်မိုလည်း သူ၏ အမေပင် သားအဖြစ်မှ စွန့်လွှတ်ရန် လုံလောက်သည့် ငွေပမာဏ များစွာ ဆုံးရှုံးသွားပေမည်။

........

တစ်ချိန်တည်းတွင် ပန်နီဆူလာဟိုတယ်၏ ပွဲကျင်းပရာနေရာတွင် အလှာပေါင်းစုံမှ သတင်းထောက်များ၊ ဝေ့ပေါ် ရှိ နာမည်ကြီး အကောင့်ပိုင်ရှင်များ၊ ကိုယ်ပိုင် တိုက်ရိုက် ထုတ်လွှင့်တင်ဆက်နေကြသည့် အနုပညာ ကြယ်ပွင့်များ အစရှိသဖြင့် အရောင်အဆင်းမျိုးစုံဖြင့် လှုပ်ရှားသက်ဝင်နေကြသည်။

၎င်းတို့အားလုံး မှတ်တမ်းတင်သည့် ပစ္စည်းကိရိယာများကို ကိုင်ထားရင်း သတင်းစာရှင်းလင်းပွဲ ကျင်းပမည့် အချိန်ကို စောင့်ဆိုင်းနေကြလေသည်။

ထိုအထဲမှ လူတစ်ဝက်လောက်ကိုတော့ ကျောက်မိုနှင့် ကျန်သူများမှ ငှားယမ်းထားခြင်းဖြစ်ပြီး ယင်းကလည်း သတင်းစာရှင်းလင်းပွဲ၏ အဟုန်ကို ပို၍ မြင့်မားစေရန်ပင်။ ၎င်းတို့၏ ရည်ရွယ်ချက်ကတော့ ရိုးစင်းသည်။ လင်းရီ သူ့ကိုယ်သူ အရှုးလုပ်နေသည်ကို ကြည့်ရှုရန်ပင်။ ထို့ပြင် ယခုလိုပွဲမျိုးတွင်လည်း ၎င်းတို့ဘက်မှ အသက်ရှူရန်ပင် အချိန်ပေးလိမ့်မည် မဟုတ်ချေ။

“ လူတော့ အတော်များသား … ငါဖြင့် ဒီလောက်များမယ်လို့တောင် ထင်မထားဘူး….”

ပြောလိုက်သူကတော့ ပွဲကျင်းပသည့် ထောင့်တစ်နေရာတွင် ထိုင်နေပြီး သာမန် ရှေးဟောင်းဟွာရှ ဝတ်စုံပြောင်ကို ဝတ်ဆင်ထားကာ အနည်းငယ်လည်း အိုစာနေပုံပေါက်၏။ ထိုသူကတော့ အနောက်တွင် လင်းရှီ၏ ပညာပြခြင်းကို ခံလိုက်ရသည့် ချောင်ကျားတုံးပင်။

ချောင်ကျင်းချိုးနှင့် ချောင်ရှန့်ယွီတို့ကလည်း ၎င်း၏ ဘေးတစ်ဖက်တစ်ချပ်ဆီတွင် ထိုင်နေကာ သတင်းစာရှင်းလင်းပွဲစတင်မည့် အချိန်ကို စတင်နေလေသည်။ ထိုအခိုက်အတန့်တွင်တော့ ချောင်ရှန့်ယွီ၏ သွင်ပြင်မှာ ယခင်နှင့် ခြားနားနေပြီး မျက်နှာမှာလည်း ပို၍ ချောင်ကျလာကာ သူ၏ အရှိန်အဝါတို့ကလည်း ယဉ်လာသည်။

လင်းရီ၏ ပညာပေးခြင်းကို ခံရပြီးနောက်ပိုင်း သူနှင့် လင်းရီကြားရှိ ခြားနားမှုကို နားလည်သဘောပေါက်သွားခဲ့၏။ ထိုအခိုက်အတန့်တွင်တော့ သူ နတ်ဘုရားမှ ပေးသနားသည့် ဂုက်ဖဲနှင့်ဆိုရင်တောင် လင်းရီ၏ ပြိုင်ဘက်ဖြစ်ဖို့ရာ အလှမ်းဝေးနေသေးလေသည်။

“ ဒီထဲက လူအများစုကို ကျောက်မိုက ဝယ်ထားတာဖြစ်မယ်…” ချောင်ကျင်းချိုးပြောလိုက်ပြီး

“ ဒီရဲ့စတော့နည်းပျူဟာ စစ်ပွဲမှာ အခု သတင်းစာရှင်းလင်းပွဲက တော်တော်လေး အရေးပါတယ်ဆိုတော့ သူ့ဘက်က အလွတ်ပေးမှာ မဟုတ်ဘူး…..”

“ Mudddy Waters က အတော်လေး အံ့အားဖို့ကောင်းတယ်… သူတို့ တကယ်ကြီး မကောင်းသတင်းတွေကို တူးဆွပြီးတော့ DiDi ကို ဖျက်ဆီးပစ်လိုက်နိုင်တာပဲ..” ချောင်ကျားတုံး ပြောလိုက်ပြီး “ ဒါက တကယ်လို့ အနာဂတ်ကျ လင်းယွမ်အုပ်စု စာရင်းဝင်မယ့်အချိန်ကျရင် ခလုတ်ကန်သင်း ဖြစ်လာနိုင်တယ်…”

“ မကောင်းဘူးလား… သူတို့က ကျွန်တော်တို့ကိုယ်စား လက်စားချေပေးလိုက်တာပဲလေ….” ချောင်ရှန့်ယွီ ပြောလိုက်ပြီး “ ကျွန်တော်တို့က လင်းရီရဲ့ ပြိုင်ဘက်တော့ မဟုတ်ဘူး… ဒါပေမယ့် ဒါရိုက်တာကျောက်ဘက်က လှုပ်ရှားရင်လည်း လင်းရီ သေချာပေါက် ရှင်သန်နိုင်မှာ မဟုတ်ဘူး…”

“ အဲ့လိုပြောလို့တော့ ဘယ်ရမှာ…” ချောင်ကျင်းချိုးမှ
နေ၍ “ ဒီအရင် မတိုင်ခင်တုန်းက ကျောက်မို DIDI ရဲ့
ရှယ်ယာ တစ်ရာဘီလီယမ်တောင် သုံးထားတာနော်..
သာမန်လူဆို ဒီလိုတိုက်ခိုက်မှုမျိုးကို
တောင့်ခံနိုင်မှာတဲ့လား…. အဲ့ကိစ္စ တစ်ခုတည်းနဲ့တင်
လင်းရိက သမီးတို့ ထင်ထားတာထက်ကို ပိုပြီးတော့
ထူးချွန်တယ်ဆိုတာ သက်သေပြပြီးသားပဲ…”

“ ကျင်းချိုး ပြောတာမှန်တယ်…” ချောင်ကျားတုံး
သက်ပြင်းချလိုက်ပြီး “ အဲ့တာက
တစ်ရာဘီလီယမ်ယွမ်… ဟွာယင်းအုပ်စုလို
ဒိတ်ဒိတ်ကျဲကြီးကပဲ ဒီလိုမျိုး ကြေးကြီးကြီး
ကစားဝံ့တာ….”

ထိုသို့ပြောပြီးနောက် ချောင်ကျားတုံး ခေတ္တ ရပ်တန့်၍
“ ပြီးတော့ လင်းရီလို လူစားမျိုးကပဲ အဲ့တာကို
စိန်ခေါ် ဝံ့တာ…”

**အခန်း (၅၆၅)**
**လင်းရီက အရမ်းကြောက်ဖို့ ကောင်းတယ်**

"လင်းရီက အတော်လေး သန်မာတယ်..."ချောင်ရှန့်ယွီ
ပြောလိုက်၏။

"ဒါပေမယ့် Muddy waters ဘက်က ဒီလိုမျိုး သူ့ရဲ့
မကောင်းသတင်းတွေကို ကြေညာလာလိမ့်မယ်လို့တော့
မျှော်လင့်ထားမှာ မဟုတ်လောက်ဘူး..."

"မှန်တယ်..."ချောင်ကျားတုံး ခေါင်းညိမ့်လိုက်၏။

"တစ်နေ့နဲ့ တစ်ညတောင် ရှိသွားပြီ... PR
ပို့စ်တွေကလွဲရင် လင်းရီဘက်က ဘာမှ
တုံ့ပြန်လာတာတွေ မရှိသေးဘူး..ဒီကောင်
လက်လျှော့လိုက်တာလည်း ဖြစ်နိုင်တယ်... တကယ်လို့
သူ လူလုံးထွက်ပြလာပြီး ကိုယ်တိုင်ကိုယ်ကျ
ရှင်းပြရင်တောင် သံကို ပူတုန်း
ထုနှက်တာလောက်တော့ အကျိုးရှိမှာ မဟုတ်ဘူး... "

ချောင်ကျားတုံး၏ အတွေးများကို ကြားပြီးနောက်
ချောင်ရှန့်ယွီ ခေါင်းတဆတ်ဆတ် ငြိမ့်လိုက်သည်။

သူ၏ အတွေးများကလည်း ထိုအတိုင်းပင်။

ယခု အချိန်ရောက်နေမှတော့ လင်းရီဘက်က မည်သို့
ဖြေရှင်းချက်မျိုး ပေးနေစေကာမူ အခြေအနေကို
ထိန်းချုပ်ဖို့ရာ ခက်ခဲပေလိမ့်မည်။

Muddy waters က တကယ့်ကို သွားရှုပ်လို့ မရတာပဲ..

ထိုအကြောင်း စဉ်းစားရင်း ချောင်ရှန့်ယွီ ခေါင်းငုံ့၍ ချောင်ကျင်းချိုးကို ကြည့်လိုက်သည်။

သူ၏ ညီမငယ်မှ သူမ၏ အတွေးများကို ထုတ်မပြောလာသေးတာကို သတိထားမိတော့ ချောင်ရှန့်ယွီ ကူကယ်ရာမဲ့သွားခဲ့၏။ သို့သော်လည်း စိတ်ထဲတွင် အနည်းငယ် သက်ာမကင်း ဖြစ်နေသေးလေသည်။

"ကျင်းချိုး.. မင်းကော ဒီကိစ္စ ဘယ်လိုထင်လဲ..."

"ညီမလည်း မသိဘူး..."ချောင်ကျင်းချိုး ရှေ့တည့်တည့်ကို ငေးကြည့်ရင်း မိန်းမောတွေဝေနေသည့် အမူအရာဖြင့် ပြောလိုက်သည်။

သူမ ဘာတွေးတောနေလဲဆိုတာကိုတော့ မည်သူကမျှ မသိပါချေ။

သို့သော်လည်း သူမ၏ အဖြေက သားအဖ နှစ်ယောက်ကို ရှုပ်ထွေးသွားစေသည်။

အခြေအနေက လယ်ပြင် ဆင်နင်းသလိုမျိုးထင်ရှားနေတာကို ဘာစဉ်းစားဖို့ ကျန်သေးလို့တုန်း...

"ကျင်းချိုး... သမီးထင်တာ နောက်ထပ် ထင်မှတ်မထားတဲ့ အခြေအနေတစ်ခု ပေါ်ပေါက်လာမယ်လို့ ထင်နေတာလား... "

"ဖြစ်ကောင်းဖြစ်နိုင်ပါတယ်..."ချောင်ကျင်းချိုး ပြောလိုက်ပြီး "ဒီတိုင်း စိတ်ခံစားချက် သပ်သပ်ပါ... ရေရေရာရာတော့ မရှိပါဘူး..."

"အဲ့တာဆို သမီးထင်နေတာကို
ပြောလေ..."ချောင်ကျားတုံး မေးမြန်းလိုက်၏။

"လူတွေက လင်းရီကို တအား လျှော့တွက်နေကြတာ...
သမီးတို့ ဖြစ်ခဲ့သလိုမျိုးပဲပေါ့...သူ Cisco ကို ဒေဝါလီ
ခံသွားအောင် လုပ်နိုင်လိမ့်မယ်လို့ဘယ်သူက
ထင်ထားလို့လဲ...ဒီလူရဲ့အတွေးတွေက
ထင်ထားတာထက်ကို ရှုပ်ထွေးတယ်.. ဒါကြောင့်မို့
သမီးစိတ်ထင် ခု ဖြစ်နေတာတွေ အားလုံးကလည်း
သူခန့်မှန်းထားတဲ့ အတိုင်းအတာအတွင်း
ရှိနေမှာကိုပဲ..."ချောင်ကျင်းချိုး သူမ၏ အတွေးများကို
ထုတ်ပြောလိုက်သည်။

"လင်းရီက ၂၄ နာရီလုံးလုံး ဘာတုံ့ပြန်ချက်
တစ်စုံတစ်ရာမှ မလုပ်တော့ အဖေတို့က သူ့ကို

လက်လျှော့လိုက်ပြီးလို့ ထင်ကောင်း
ထင်နေကြလိမ့်မယ်.. ဒါပေမယ့် သူက စားပွဲလှန်ဖို့
အခွင့်အရေးကို စောင့်နေတယ်ဆိုရင်ကော..."

"ဒီလို အခြေအနေမျိုးမှာ သူက
စားပွဲလှန်ချင်နေတယ်ဆိုတော့.... ဘယ်လိုလုပ်ပြီး
ဖြစ်နိုင်မှာလဲ.... "ချောင်ရှန့်ယွီ ပြောလိုက်သည်။

"Cisco ကလည်း ဟွာရှရဲ့ကောင်းကင်မှာ
နေတစ်စင်းလိုမျိုး တောက်ပခဲ့တာပဲ မဟုတ်ဘူးလား...
ဘယ်သူကကော တစ်ညတည်းနဲ့ ဒီလိုအခြေအနေမျိုး
ဖြစ်လာလိမ့်မယ်လို့ တွေးထားလို့လဲ..."ချောင်ကျင်းချိုး
မေးမြန်းလိုက်ပြီး "ဘယ်သူကကော သူ ချစ်ပ် ၂.၀ ကို
ကြိတ်ပြီး တီထွင်နေလိမ့်မယ်ဆိုတာကော
စဉ်းစားဖူးလို့လား..."

ချောင်ကျားတုံးနှင့် ချောင်ရှန့်ယွီတို့
တိတ်ဆိတ်သွားကြ၏။

လင်းရီ၏ အပြုအမူများကို သူတို့ လုံးဝ ခန့်မှန်း၍
မရချေ။ အမြဲတစေ လူတို့ စိတ်ကူးထားသည်ထက်
ကျော်လွန်ပြီး လုပ်ပြသွားတတ်၏။

"ကျင်းချိုး ပြောသလိုမျိုးလည်း ဖြစ်နိုင်တယ်..
ဒါပေမယ့် ဒီအခိုက်အတန့်မှာ သူလည်း သေတဲ့အထိ
အမှန့်ကြိတ်ခံရနိုင်ချေ များတာပဲလေ...."ချောင်ရှန့်ယွီ
ပြောလိုက်ပြီး "လင်းရီက လှည့်ကွက်ပေါင်း
သောင်းခြောက်ထောင်နဲ့ ဉာဏ်များရင် များမယ်...
ဒါပေမယ့် ကျောက်မိုက ဘယ်လိုလူစားမျိုးလဲဆိုတာ
ကျွန်တော်တို့အားလုံး သိနေကြတာပဲ မဟုတ်ဘူးလား...
ခု ဒီကိစ္စမှာ သူက ဟွာယင်းအုပ်စုရဲ့ခွန်အားကို
အကုန်လောင်းထည့်ထားတာ... ထိပ်တန်း

ကုမ္ပဏီကြီးတစ်ခုရဲ့ ရှေ့မှောက်မှာ လင်းရီရဲ့ ရှင်သန်နိုင်ဖို့ အခွင့်အရေးက လက်သန်းလောက်လေးပဲ ရှိမှာ... "

"ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်...."

ချောင်ကျင်းချိုး ထွေထူး စကားပြန်မပြောခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် သူမ ဘာပြောရမှန်း မသိသောကြောင့်ပင်။

ဟွာယင်းအုပ်စု၏ အရှိန်အဝါ ရှိနေလျှင်တောင်မှ ယခုကိစ္စမှာ မည်သူက အကြွယ်ဝဆုံးလဲဆိုတာ မှုတည်နေပါသေးသည်။

လင်းရီမှာလည်း သူမတို့ ထင်မှတ်မထားလောက်အောင် ဘီလီယမ် ရာကျော် စုဆောင်းထားသေး၏။ ထို့ကြောင့် ကျရှုံးသွားခဲ့လျှင်တောင် လျော်ရယ်ရန် အခွင့်အရေး မရှိချေ။

မည်သို့ပင်ဆိုစေ မိနစ် အနည်းငယ်အတွင်း
အမှန်တရားမှာ ထွက်ပေါ်လာတော့မည် ဖြစ်၏။

ဆယ်မိနစ်ကြာပြီးနောက် စတိတ်စင်ပေါ် ရှိ မီးများမှအပ
ကျန်သည့် မီးအလင်းရောင်တို့ မှိန်ပျသွားခဲ့ကြသည်။

သတင်းစာ ရှင်းလင်းပွဲ စတင်ပြီဖြစ်ကြောင်း
တစ်မျိုးတစ်ဖုံဖြင့် ကြေညာလိုက်ခြင်း ဖြစ်လေသည်။

တစ်ချိန်တည်းတွင် ထျန်းရန်တစ်ယောက် အဖြူရောင်
အမျိုးသမီး ဝတ်စုံနှင့် အနက်ရောင် ဒေါက်မြင့်ဖိနပ်ကို
စီးနင်း၍ စင်ပေါ်သို့ တက်လာပြီး လူတိုင်းကို ပြုံးပြ၍
“ အားလုံးပဲ...လတ်တလော အင်တာနက်ပေါ်မှာ
ကျွန်မတို့ရဲ့ DIDI နဲ့ လင်းယွမ်အုပ်စုရဲ့ မကောင်းတဲ့
သတင်းပါးတွေ တော်တော်များများ
ရေပန်းစားနေတာကို လူကြီးမင်းတို့အားလုံး သတိပြုပြီး

ဖြစ်မှာပါ… ဒါပေမယ့် ကျွန်မတို့ဘက်က အဲ့ဒီ သတင်းဆောင်းပါးတွေ အကုန်လုံးက အတုအယောင်တွေဆိုတာ ကြေညာပါရစေ… အဲ့ဒီအတွက်လည်း Muddy Waters ရဲ့တာဝန်ရှိသူ မစ္စတာကျူးဖုန်းကို ဒီကိစ္စ ရှင်းပြပေးဖို့ရာ စင်ပေါ်ကို ဖိတ်ခေါ်ပါရစေ…”

ရိုးရှင်းသည့် အဖွင့်မိန့်ခွန်း ပြောပြီးနောက် ထျန်းရန် အောက်ဆင်းလာခဲ့ပြီး သားနားစွာ ဝတ်ဆင်ထားသည့် ကျူးဖုန်းမှာ ချက်ချင်းလက်ငင်း သူမ၏ နေရာတွင် နေရာယူလိုက်လေသည်။

လင်းရီနှင့် ခေါင်းချင်းဆိုင်၍ ထိပ်တိုက် မရင်ဆိုင်ရသေးသော်လည်း မနက်ခင်းတုန်းက ပြောခဲ့သည့် စကားဝိုင်းကပင် သူက လင်းရီ၏ ပြိုင်ဘက်မဟုတ်ကြောင်း သိသာလေသည်။

စင်ပေါ်သို့ ရောက်ရှိလာသည့် ကျူးဖုန်းကိုမြင်တော့ စင်အောက်ရှိ မီဒီယာသမားများမှာ အကြီးအကျယ် ရှော့ခ်ရသွားခဲ့ကြသည်။

ယင်းကလည်း ကျူးဖုန်း၏ အထောက်အထားကြောင့်ဖြစ်၏။

အဘယ်ကြောင့်ဆိုသော် ယခုကိစ္စကို အစပျိုးသူမှာလည်း အမေရိကန် အခြေစိုက် Muddy Waters ကုမ္ပဏီမှ ဖြစ်ကြောင်း သိထားကြသောကြောင့်ပင်။ ယခု လင်းယွမ်အုပ်စုမှ အဆိုပါ Muddy Waters ၏ တာဝန်ရှိသူကို သတင်းစာရှင်းလင်းပွဲသို့ ဖိတ်ခေါ်လာလေသည်။

ဘာတွေ ဖြစ်နေကြတာတုန်းဟ….

စင်ပေါ်တွင် မတ်မတ်ရပ်နေရင်း ကျူးဖုန်း သူ၏
အမူအရာကို တည်တံ့လိုက်ကာ “ ရောက်ရှိလာကြတဲ့
သတင်းထောက်တွေနဲ့ ကျုပ်ရဲ့မီဒီယာမိတ်ဆွေတို့…
မင်္ဂလာနံနက်ခင်းလေးပါ…”

“ မနေ့တုန်းက လင်းယွမ်အုပ်စုနဲ့ DIDI
ရဲ့ မကောင်းသတင်းတွေက အင်တာနက်ပေါ်မှာ
ဗိုင်းရပ်စ်လို အသွင်နဲ့ မနားတမ်း ပျံ့နှံ့နေတာကို
အားလုံးလည်း သိပြီးဖြစ်မှာပါ…. ဒီသတင်းကို
ဘယ်သူတွေက အစဖော်လိုက်တယ် ဆိုတာကိုလည်း
အားလုံး သိရှိပြီး ဖြစ်လောက်ပြီလို့
ကျုပ်ယုံကြည်ပါတယ်… ဒါကြောင့်မို့လည်း ကျုပ်
ကျူးဖုန်းက ဒီနေ့ ဒီလိုနေရာမျိုးမှာ မတ်တပ်ရပ်ပြီး
ဒီရဲ့ကိစ္စကို ဖြေရှင်းချက်ပေးချင်လို့ပါ…”

“ ဦးစွာအနေနဲ့ ကျုပ် လင်းယွမ်နဲ့ DIDI ရဲ့ဥက္ကဌ မစ္စတာလင်းရီကို အနူးအညွတ်နဲ့ တောင်းပန်ပါရစေ.....”

“ အင်တာနက်ပေါ်မှာ ပျံ့နှံ့နေတဲ့ မကောင်းသတင်းတွေ အကုန်လုံးက ကျုပ်တို့ လုပ်ကြံပြောဆိုထားတာပါ… တစ်ခုမှ မမှန်ကန်ပါဘူး..”

“ ကျွန်တော့်ရဲ့ အုပ်ချုပ်မှု ညံ့ဖျင်းတာကြောင့် လင်းယွမ်နဲ့ DIDI ကို စီးပွားရေး ဆုံးရှုံးမှုတွေ အများအပြား ဖြစ်ပေါ်စေခဲ့ပါတယ်…. အဲ့ဒီအတွက်လည်း ကျွန်တော်ကိုယ်၌က အားလုံးကို တာဝန်ယူသွားပေးပြီးတော့ မစ္စတာလင်းနဲ့ ကုမ္ပဏီ နှစ်ခုရဲ့ တာဝန်ရှိသူတွေအားလုံးရဲ့ ခွင့်လွှတ်မှုကို တောင်းခံပါတယ်…”

“ ပြီးတော့ အားလုံးကလည်း လင်းယွမ်အုပ်စုနဲ့ DiDi ကို ဆက်လက် ပံ့ပိုးပေးလိမ့်မယ်လို့ မျှော်လင့်ပါတယ်.... အင်တာနက်ပေါ်က အတုအယောင် သတင်းအမှားတွေကြောင့် ပြည်သူတွေအပေါ် စေတနာနဲ့ အလုပ်အကျွေးပြုနေကြတဲ့ ကုမ္ပဏီနှစ်ခုကို မျက်နှာပျက်ရအောင် မလုပ်ကြဖို့လည်း ဒီနေရာကနေ တိုက်တွန်းပါရစေ....”

သို့နှင့် ကျူးဖုန်း လင်းယွမ်အုပ်စုနှင့် DIDI ၏အထက်ကြီးပိုင်း အရာရှိများ ရှိရာဘက်သို့ လေးနက်စွာ ဦးညွတ်၍ ဘေးတံခါးမှ ထွက်ခွာသွားခဲ့တော့သည်။

အစမှ အဆုံးထိတိုင်အောင် ကုန်ဆုံးသွားသည့် အချိန်ကာလမှာ မိနစ်ပိုင်းလေးမျှသာ ကြာမြင့်သော်လည်း လက်ရှိ ရောက်နေကြသည့်

လူများအတွက်တော့ ထိုခဏတာအတွင်း ကမ္ဘာကို လွှပ်ခါသွားသည့် ဆူနာမီလှိုင်းဒဏ်ကို အလူးအလဲ ခံစားနေရသကဲ့သို့ စိတ်ခံစားချက်များဖြစ်ပေါ်နေလေသည်။

'Muddy Waters က ဒီလောက် သတင်းတွေအများကြီး တူးဆွထားခဲ့ရတာကို အဆုံးသတ်ကျတော့ အဲ့ဒီသတင်းတွေက အတုအယောင်တွေပါဆိုပြီးတော့ ဝန်ခံလိုက်ရတယ်တဲ့လား… ဒါဆို သူတို့ သေတွင်း သူတို့တူးနေတာနဲ့ အတူတူပဲ မဟုတ်ဘူးလား….'

" ဒါ… ဒါ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ…" ချောင်ရှန့်ယွီ မျက်ဝန်းတို့ မယုံကြည်နိုင်စွာဖြင့် ပြူးကျယ်နေပြီး " သူတို့လင်းရီကို အဆုံးသတ်လို့ ရနေပြီလေ… ဘာလို့ ဒီလိုမျိုး ဝန်ခံလိုက်တာလဲ… ငါတို့ကို လာနောက်နေတာလားဟ…"

“ ဘာပဲလုပ်ခဲ့လုပ်ခဲ့ DIDI ရဲ့ စတော့တန်ဖိုးကတော့ သေချာပေါက် ထောင်တက်လာတော့မှာပဲ… အချိန်တိုလေးနဲ့ မူလရှယ်ယာတန်ဖိုးကိုတောင် ပြန်ရောက်သွားနိုင်တယ်… ဒီလင်းရီက ဘယ်လိုလုပ်လိုက်တာတုန်းဟ….” ချောင်ကျားတုံး ရှော့ခ်ရနေသည့် လေသံဖြင့် ပြောလိုက်သည်။

ချောင်ကျင်းချိုး၏ နှလုံးသားကတော့ အရူးအမူး ခုန်ပေါက်နေလေသည်။ သူမ လင်းရီ အခြေအနေကို ပြောင်းပြန်လှန်နိုင်လိမ့်မည်ဖြစ်ကြောင်း တွေးထားသော်လည်း ယခုလို ရှင်းလင်းစွာ ဖော်ထုတ်လိုက်လိမ့်မည်လို့တော့ ထင်မထားခဲ့ချေ။

ဒီလို ရလဒ်မျိုးထွက်လာအောင်လုပ်ဖို့ ဖိအားတွေ ဘယ်လောက်တောင် လိုအပ်လိုက်မလဲ…

ဖြစ်နိုင်ချေရှိသည့် ဖြေရှင်းနည်းလမ်းများနှင့်
နှိုင်းယှဉ်လိုက်လျှင် ယခုလို နည်းလမ်းက
အကောင်းဆုံးနှင့် အထိရောက်ဆုံး နည်းလမ်းဆိုတာကို
သံသယဖြစ်ရန် မလိုပေ။

လင်းရီက အရမ်းကြောက်ဖို့ ကောင်းတာပဲ.....

ဖုန်းကျူး၏ မိန့်ခွန်းပြီးနောက် လင်းယွမ်နှင့် DIDI ၏
စီနီယာခေါင်းဆောင်များ တစ်ယောက်ပြီး တစ်ယောက်
စင်ပေါ်တက်လာ၍ အသီးသီး ပြောကြားလေသည်။
သို့သော်လည်း အောက်ဘက်ရှိ
ညှော့ပရိသတ်များကတော့ ၎င်းတို့၏ ပြောစကားများကို
အာရုံမထားနိုင်တော့ချေ။

လင်းယွမ်နှင့် DIDI က အဆိုပါ ငွေကြေးကစားပွဲတွင်
အနိုင်ရရှိသွားပြီ မဟုတ်ပါလော။

ထို့ပြင် အစမှ အဆုံးထိတိုင်အောင် ဥက္ကဋ္ဌ ဖြစ်သူမှာ မျက်နှာတစ်ချက်ထွက်မပြသွားပဲ သာမန်ကာလျှံကာ ကိုင်တွယ်ပြသွားခဲ့သည်။

ဖက်ခ် ဒါကြီးက သောက်ရမ်းကြမ်းလွန်းသွားပြီ။

“ ဒီသတင်းက မကြာခင် ကျောက်မိုနားထဲ ရောက်သွားမယ်ဆိုတာ သေချာတယ်....”

“ ဒီသတင်းကြားပြီရင် သူရုပ်ဘယ်လိုဖြစ်သွားမလဲဆိုတာကို သိချင်လိုက်တာနော်....”

**အခန်း (၅၆၆)**

**ရှယ်ယာတွေက အကန့်အသတ်ရောက်တဲ့ထိကို မြင့်တက်နေပြီ**

ရန်ကျင်း၊ ဟွာယင်းအုပ်စု၊ အထွေထွေမန်နေဂျာရုံးခန်း။

သင်းပျံ့သည့် လက်ဖက်ခြောက်နံ့က ရုံးခန်းထဲတွင် ထုံသင်းနေလေသည်။ ကျောက်မိုနှင့် ကျန်သူများမှာ ဆိုဖာထက်တွင် ပျင်းရိစွာဖြင့် ရယ်မောရင်း စကားပြောနေကြ၏။

သူတို့ လေးယောက်၏ ရှေ့တွင်တော့ ၆၀ လက်မ တီဗွီတစ်လုံးရှိနေပြီး ၎င်းကိုလည်း ကျောက်မို အစည်းအဝေးခန်းထဲမှ တကူးတက ရွှေ့ခိုင်းထားခြင်းပင်။

ယခုလို သတင်းစာရှင်းလင်းပွဲမျိုးမှာ တီဗွီချာနယ်များပေါ်တွင် တရားဝင်ထုတ်လွှင့်တင်ဆက်ခြင်း မရှိပါသော်လည်း အင်တာနက်ပေါ်တွင်

ရေပန်းစားမှုက  အထွတ်အထိပ်သို့ ရောက်ရှိနေသောကြောင့် ရှာဖွေရန် လွယ်ကူသွားသည်။

သူ ကြိုက်နှစ်သက်ရာ တိုက်ရိုက်ထုတ်လွှင့်သည့် ပလက်ဖောင်းတစ်ခုကို ဖွင့်လိုက်သည်နှင့် စထွင်မာအများအပြားမှ သတင်းစာရှင်းလင်းပွဲအကြောင်း တိုက်ရိုက်ထုတ်လွှင့်နေသည်ကို အခန့်သား ကြည့်ရှုနိုင်သည်။

“ ငါတော့ မစောင့်နိုင်တော့ဘူးကွာ… ငါလခွီးမို့လို့ အဲ့သတင်းစာရှင်းလင်းပွဲကလည်း မစနိုင်သေးတာလားဟ….” လု႐ှမ် ထိုင်နေရင်း စောဒကတက်လိုက်၏။

“ စကားပုံဟောင်းတွေအတိုင်းပဲ ဟင်းကောင်းက နောက်ကျမှာကြောက်စရာ မလိုဘူး…
နောက်ဆယ်မိနစ်လောက်ဆို စတော့မှာပါ.. ခဏလေးပဲ စောင့်လိုက်….” ကျောက်မို ခြေတင်ချိတ်ထားပြီး ဆေးလိပ်တစ်ဖွာဖွာကာ ဘာကိုမျှ အလေးအနက်မထားသည့် ဟန်ပန်ဖြင့် ပြောလိုက်သည်။

“ လင်းရီ စင်ပေါ်တက်ပြီးရင် အဲ့ကောင်ဘာပြောမယ်လို့ မင်းတို့ထင်လဲ….” စွန်းချဲ့ အပြုံးလေးဖြင့် မေးမြန်းလိုက်၏။

“ ငါတော့ ဒီကောင် မျက်ရည်ချူပြီး တောင်းပန်မယ် ထင်တာပဲ…”
ဂူချန်းချွမ်မှ ပြောလိုက်ပြီး “ ဖြစ်ရပ်တွေက သက်သေအထောက်အထား အပြည့်အစုံနဲ့

ရှိပြီးသားလေ… သူ့ဘက်က ဘာမှမပြောပြ ဒီတိုင်းဝန်ခံလိုက်တာက အကောင်းဆုံးနည်းလမ်းပဲ… ငြင်းနေရင် အခြေအနေက ပိုပြီးဆိုးရွားတဲ့ဘက်ကို ဦးတည်သွားတော့မှာ….”

“ ငါခုလေးတင် တွက်ချက်ကြည့်လိုက်တာ ကျူးဖုန်းရဲ့ ဒုတိယအစီအစဉ် စတင်တာနဲ့ DIDI ရဲ့ရှယ်ယာတွေက မူလတန်ဖိုးရဲ့၂၀ ရာခိုင်နှုန်းလောက်အထိ ထိုးကျသွားနိုင်တယ်…. အဲ့ခါကျရင် ငါတို့က အခွင့်ကောင်းယူပြီးတော့ နောက်ထပ် တက္ကစီငှားတဲ့ အက်ပ်တစ်ခု တီထွင်လိုက်မယ်ဆိုရင် ကုလားအုတ်နောက်ကျောကို ကျိုးစေမယ့် မြက်တစ်ပင်ဖြစ်သွားပြီ….” စွန်းချဲ့ပြောလိုက်ပြီး “ အဲ့လိုဆို ငါတို့ကောင်တွေ ဒီကစားပွဲကနေပြီးတော့ အနည်းဆုံး ဘီလီယမ် ၈၀ ကနေ ၉၀ လောက်အထိ

အသာလေးရနိုင်တယ်…. ငါ့ငိုးပဲ ဒီပမာဏကြီးက ရှုးလောက်စရာကြီးဟ….”

“ စွန်းကြီး ပြောတာမှန်တယ်…” လူရှမ် ပြောလိုက်ပြီး “ ညီကိုကျော် … ငါတော့ မင်းရဲ့လုပ်ရပ်တွေက Soros နဲ့ မခြားတော့ဘူးလို့ ထင်တာပဲ… ဒီသတင်းသာ အပြင်ပျံ့သွားရင်တော့ ငွေကြေးနယ်ပယ်ကြီးတစ်ခုလုံး ရှော့ခ်ရသွားလောက်တယ်…”

“ ငါကတော့ မလိုဘူးထင်တာပဲ… ငွေကြေးနယ်ပယ်တစ်ခုလုံးက ဒီကောင်ကြီးရဲ့ ခွန်အားကို အသိအမှတ်ပြုပြီးသားလေ…” ဂူချန်းချွမ် ပြောလိုက်ပြီး “ ဟွာယင်းအုပ်စုရဲ့ရှယ်ယာဈေးနှုန်းတွေ မြင့်နေတာကိုပဲ ကြည့်လိုက်.. အဲ့တာက အကောင်းဆုံး သက်သေပဲ…”

“ တိုက်ပွဲ အသေးစားလေးပါကွာ… သူများကြားရင် ရယ်နေပါဦးမယ်..” ကျောက်မို ရယ်မောလိုက်ပြီး “ ဒါပေမယ့် ဒီတစ်ခေါက်တော့ ငါတို့ကောင်တွေ အချိုကြီးပွသွားတယ်လို့ဆိုရမယ်…. ဒီကိစ္စပြီးတာနဲ့ မင်းတို့တစ်ယောက်ချင်းစီကို ငါ Gulfstream G650 (လေယာဉ်)လက်ဆောင်ပေးမယ်….”

“ ငိုးပဲ မင်းနောက်နေတာလားကွ….” လုရှမ် ကျိန်ဆဲလိုက်ပြီး “ အဲ့တာက တစ်စီးကို ဒေါ်လာ 70 မီလီယမ်လောက်ရှိတာနော်… ညီကိုကျောက်က ဒီလိုမျိုး ပြောလာမှတော့ ငါလည်း အားမနာတော့ဘူး…”

“ ဘာပဲပြောပြော လင်းရီရဲ့ပိုက်ဆံတွေနဲ့ ဝယ်မှာပဲလေ… ယဉ်ကျေးနေစရာမလိုပါဘူး…”

“ ဟားဟား… ဒါဆိုလည်း မင်းပေးမယ့် လက်ဆောင်ကို စောင့်နေတယ် ဟျောင့်ရေ…..”

“ အိုကေ အိုကေ … မင်းတို့ကောင်တွေ အသံတိုးကြဦးဟ….. ဒီမှာ ပွဲက စနေပြီ….” စွန်းချဲ့ သတိပေးလိုက်ပြီး “ ဒီလို စိတ်ဝင်စားဖို့ကောင်းတဲ့ပွဲကို တစ်စက္ကန့်လေးကအစ လွတ်သွားလို့မဖြစ်ဘူး…”

လေးယောက်သား ဟန်ပန်ကိုယ်စီဖြင့် တိုက်ရိုက်ထုတ်လွှင့်နေသည့် သတင်းစာရှင်းလင်းပွဲကို လှောင်ပြောင် အထင်သေးသည့် အမူအရာအပြည့်ဖြင့် ကြည့်လိုက်ကြသည်။

“ လန်းလိုက်တဲ့ စကီလေးပါလားဟ….”

ထျန်းရန် စင်ပေါ်တက်လာသည်ကိုမြင်တော့ လူရွှမ်
ယခုလို မှတ်ချက်ပြုလိုက်သည်။ “ ဒီလိုမျိုး
လုံးဝန်းပြည့်တင်းနေတဲ့ ဇနီးမျိုးကိုကြိုက်တာ…”

“ ငါ့ဖင်ကြီးကိုပဲ ဇနီးနေလိုက်လေ….” စွန်းချဲ့
ပြုံးလိုက်ပြီး “ ဒီအမျိုးသမီးရဲ့နာမည်က ထျန်းရန်တဲ့…
သူက DIDI ရဲ့ဒုဥက္ကဌပဲ … တော်တော်လေး
စွမ်းဆောင်နိုင်စွမ်းရှိပြီးတော့ ခုထိ တစ်ကိုယ်တည်း…
နှမြောစရာကောင်းလိုက်တာကွာ..
အဲ့လောက်ကောင်းတဲ့ အိုးကြီးက ခွဲသူမရှိသေးဘူး…”

“ မင်းတို့ ပါးစပ်က သားရည်တွေကို သုတ်လိုက်စမ်း..
မြင်လို့ကို မကောင်းဘူး… ငါ DIDI ကို
အဆုံးသတ်ပြီးတဲ့ အချိန်ကျရင် မင်းတို့အတွက်
ခေါ်လာပေးမယ်ကွာ .. ဟုတ်ပြီလား….”

“ မြေနိုးလေးတွေ… လေပေါမနေကြနဲ့… စင်ဘေးမှာ ရပ်နေတဲ့သူက ကျူးဖုန်း မဟုတ်ဘူးလား…”

ဂူချန်းချွမ်၏ စကားကိုကြားတော့ သုံးယောက်လုံး အေးခဲသွားကြ၏။

သူတို့အားလုံး သတင်းစာရှင်းလင်းပွဲတွင် ကျူးဖုန်းရောက်နေသည်ကို ရှင်းလင်းစွာ မြင်တွေ့လိုက်ရလေသည်။

ဒီကျူးဖုန်းက ဘာသွားလုပ်တာတုန်းဟ… သူက ဒီ စတော့နည်းဗျူဟာ ကစားပွဲရဲ့နောက်ကွယ်က အဓိက လက်သည်လေ… လင်းယွမ်အုပ်စုက ကျင်းပတဲ့ သတင်းစာရှင်းလင်းပွဲမှာ ပေါ်လာစရာ အကြောင်းမရှိဘူး မဟုတ်လား….

လေးယောက်သား အကြည့်ချင်း ဖလှယ်လိုက်ကြပြီး အံ့အားသင့်မှုနှင့် မသိစိတ်မှ ကြောက်ရွံ့မှုတို့က တစ်ပြိုင်တည်း ဖြစ်ပေါ်လာသည်။

မရှင်းလင်းသေးသော်လည်း စင်နံ့ဘေးတွင် မတ်တပ်ရပ်နေသူမှာ ကျူးဖုန်းဖြစ်ကြောင်းတော့ သေချာလေသည်။

“ မပူနဲ့.. ငါခုပဲ ဖုန်းဆက်ပြီး ဘာသွားလုပ်နေလဲဆိုတာ မေးလိုက်မယ်…” စွန်းချဲ့ ဖုန်းထုတ်ရင်း ပြောလိုက်၏။

“ မေးမနေနဲ့တော့… မင်းပထွေးက စင်ပေါ်တောင် တက်တော့မှာ….” လှုရွှမ် ကျိန်ဆဲလိုက်သည်။

“ ငါ-ိုုး ဒီကောင်က စင်ပေါ်ဘာတက်လုပ်မလို့တုန်းကွ…” လှုရွှမ်း အကြီးအကျယ် အံ့အားသင့်နေလေသည်။

လင်းယွမ်အုပ်စု၏ သတင်းစာ ရှင်းလင်းပွဲတွင် ကျူးဖုန်း ပေါ်ပေါက်လာသည်က သေချာပေါက် ပုံမှန်မဟုတ်ပေ။ ယခုလို ပုံမှန်မဟုတ်ခြင်းအတွက် သေချာသည့် အကြောင်းပြချက်တစ်ခုတော့ ရှိရပေမည်။

သတင်းစာရှင်းလင်းပွဲမှာ ဆက်လက်ကျင်းပနေပြီး ဖုန်းကျူး၏ မိန့်ခွန်းမှာ စတင်လာခဲ့တော့၏။

“ ဦးစွာအနေနဲ့ ကျုပ် လင်းယွမ်အုပ်စုနဲ့ DIDI ရဲ့ဥက္ကဌ မစ္စတာလင်းရီကို အနူးအညွတ် တောင်းပန်ချင်ပါတယ်…..”

မိနစ်အနည်းငယ်ကြာအောင် ကျောက်မိုနှင့် ကျန်သူများမှာ ကျူးဖုန်းပြောကြားသည်များကို တိတ်ဆိတ်စွာဖြင့် နားထောင်နေလေသည်။

ရုံးခန်းထဲတွင် တိတ်ဆိတ်ခြင်းက ကြီးစိုးနေပြီး
သုံးယောက်လုံး အိပ်မက်မက်နေသည့်အလား
အယောင်ယောင် အမှားမှား ဖြစ်နေကြ၏။

ယခုလိုအချိန်မျိုးတွင် ဖုန်းကျူးဘက်မှ
သစ္စာဖောက်လာလိမ့်မည်လို့ ထင်မှတ်မထားချေ။

“ ဒါ… ဒါက ဘယ်လိုအခြေအနေကြီးတုန်းဟ…
မနေ့ညတုန်းကမှ ငါတို့နဲ့
သောက်စားနေပြီးတော့လင်းရီကို ဘယ်လိုတွေ
အမှုန့်ကြိတ်မယ်ဆိုတဲ့အကြောင်းတွေ
ပြောနေတာမဟုတ်ဘူးလား… ခုကျတော့
စင်ပေါ်တက်ပြီး -ီးစကားတွေ ပြောနေတာလားဟ…
ငါ့ -ီးကိုပဲ တောင်းပန်နေလိုက်…”

“ သေစမ်း… ဒီရဲ့ Muddy Waters က ဘာတွေလာကြောင်နေတာ… “ ကျောက်မို သူ့ဖုန်းကို ကိုင်လိုက်ပြီး “  ငါခုပဲ သူတို့ ရုံးချုပ်ကို ဖုန်းဆက်ကြည့်လိုက်မယ်…”

U.S တွင် ညဆယ်နာရီ အချိန် ဖြစ်နေသော်လည်း တစ်ဖက်မှ ကျောက်မို၏ ဖုန်းကို ကိုင်လိုက်ဆဲပင်။

“ မစ္စတာ ကာဆင်… ခု ဘာတွေဖြစ်နေလဲဆိုတာ ကျုပ်ကို ရှင်းပြစမ်းပါဦး… ကျုပ်တို့ဘက်က အခြေအနေတွေကို သဘောတူပြီးသား မဟုတ်ဘူးလား… ဘာလို့ ကျုပ်ကို သစ္စာဖောက်တာ….”

ကျောက်မို ဖုန်းကျူး၏ လုပ်ရပ်များမှာ သူ၏ ကိုယ်ပိုင် သဘောဆန္ဒကြောင့် မဟုတ်ပဲ ကုမ္ပဏီ

အထက်ကြီးပိုင်းများ၏ ဆုံးဖြတ်ချက်ကြောင့်ဟု ယူဆလိုက်သည်။

“ ကျုပ် တကယ်ကို စိတ်မကောင်းပါဘူး မစ္စတာကျောက်... ဒီကိစ္စက လျှို့ဝှက်ထားရမယ့် ကိစ္စဖြစ်နေတော့ ကျုပ်လည်း အကြောင်းပြချက်ကို ထုတ်ပြောလို့မရဘူး...”

“ လျှို့ဝှက်ထားရမယ့် ကိစ္စ... “ ကျောက်မို၏ ဒေါသမှာ ရင်ထဲမှ တလိမ့်လိမ့် ဆောင့်တက်လာပြီး
“ ခင်များလုပ်ရပ်ကြောင့် ကျုပ်တို့ဘက်က ဘယ်လောက်တောင် နစ်နာသွားလဲဆိုတာ သိလား... အဲ့တာကိုတောင်မှ လျှို့ဝှက်ထားရမယ့် ကိစ္စလို့ ပြောလိုက်တာနဲ့ အားလုံး ဖြေရှင်းပြီးသားဖြစ်သွားပြီလို့ ထင်နေတာလား...”

“ ကျုပ်တကယ်ကို အနူးအညွတ်တောင်းပန်ပါတယ်....
ဒါက ကျုပ်တို့ ကုမ္ပဏီရဲ့ အတွင်းရေးကိစ္စဖြစ်နေတော့
မစ္စတာကျောက်ရဲ့ ဆုံးရှုံးမှုတွေအပေါ် ကျုပ်တကယ်ပဲ
စိတ်မကောင်းပါဘူး....” ကာဆင်ဘက်မှ
ပြောလာခဲ့ပြီး“ ပြီးတော့ စုံစမ်းဖော်ထုတ်တုန်းကလည်း
ဘာအမှားမှလည်း ရှာမတွေ့ခဲ့ဘူး.. သတင်းတွေ
အကုန်လုံးက အတုအယောင်တွေ.... ကျုပ်တို့ဘက်က
နတ်ဘုရားနဲ့ အလိုတော်ကို ဆန့်ကျင်လို့မရဘူး...
ဒါကြောင့်မို့ အမှန်အတိုင်း ဝန်ခံလိုက်တာပဲ...
ကျေးဇူးပြုပြီး ခွင့်လွှတ်ပေးပါ....”

သို့နှင့် ကာဆင်ဖုန်းချသွားခဲ့၏။ ကျောက်မိုကို
စကားပြောရန်ပင် အခွင့်အရေး ပေးမသွားခဲ့ချေ။

“ ငိုးပဲကွာ...”

ကျောက်မို ကော်ဖီစားပွဲကို ကန်ကျောက် ၊ ဖုန်းကို ရိုက်ခွဲလိုက်ပြီး သွေးများ နားထင်ထိ စောင့်တက်လာခဲ့၏။

“ ညီကိုကျောက်… ခုက ဒီလိုမျိုး ဝုန်းဒိုင်းကျဲနေရမယ့် အချိန် မဟုတ်သေးဘူး…” ဂူချန်းချွမ် တည်ငြိမ်သည့် လေသံဖြင့်ပြောလိုက်ပြီး “ မြန်မြန် ကုမ္ပဏီကို အကြောင်းကြားပြီးတော့ ဈေးကွက်ထဲက ရှယ်ယာတွေကို ဝယ်ခိုင်းလိုက်…. ဒီလိုလုပ်မှပဲ ငါတို့ အကျိုးအမြတ် ရနိုင်ဦးမှာ….”

သူတို့ လေးယောက်လုံး လက်ရှိ ဖြစ်နေသည့် အခြေအနေက ဘာကို ဆိုလိုလဲဆိုတာကို နားလည်ပေသည်။

Muddy Waters ၏ သစ္စာဖောက်မှုက DiDi ရှယ်ယာများကို ထိုးတက်သွားစေလိမ့်မည်။ ထို့ကြောင့် သူတို့ ယခင် ရောင်းချထားသည့် ရှယ်ယာများကို မူလတန်ဖိုး မရောက်ခင်အချိန်လေးတွင် ပြန်လည်ဝယ်ယူ၍  ပွဲစားများထံ ပြန်ပေးရပေမည်။

DIDI ၏ ရှယ်ယာများ မူရင်းတန်ဖိုးသို့ မြင့်တက်လာသည်နှင့်တစ်ပြိုင်နက် ၎င်းတို့လည်း မြင့်မားသည့် ဈေးနှုန်းဖြင့် ပြန်လည်ဝယ်ယူရလိမ့်မည်။

အကယ်၍ ထိုကဲ့သို့ မြင့်တက်လာမည်ဆိုပါက ဆုံးရှုံးမှုတန်ဖိုးမှာ ခန့်မှန်း၍ မရနိုင်အောင် ဖြစ်လာပေမည်။

ချလပ်

ရုံးခန်းတံခါးမှာ ပွင့်ဟလာပြီး ဖူကျိန်းရီ အရေးတကြီး ပြေးဝင်လာ၍ သူ၏ နဖူးထက်တွင်လည်း ချွေးတို့ မနည်းမနော စီးကျနေလေသည်။

“ ဒါရိုက်တာကျောက် မကောင်းတော့ဘူး.. DiDi ရဲ့ ရှယ်ယာတွေက အကန့်အသတ်ထိရောက်အောင် ထိုးတက်နေပြီ….”

## အခန်း (၅၆၇)
## အချင်းချင်း အထင်မြင်သေးနေကြတဲ့ သားအမိတွေ

“ မင်းဘာပြောလိုက်တယ်… အကန့်အသတ်ကို ရောက်နေပြီ….”

ကျောက်မို ရှော့ခ်ရသွားခဲ့ပြီး “ ခုမှ ဘယ်လောက်ကြာသေးလို့လဲ… ဘယ်လိုလုပ်ပြီး အကန့်အသတ်ကို ရောက်သွားတာ….”

“ သတင်းစာရှင်းလင်းပွဲ မစခင်တုန်းကရင် တစ်စုံတစ်ယောက်က DIDI ရဲ့ ရှယ်ယာတွေကို သိမ်းကျုံးဝယ်နေတာပါ.. အဲ့အချိန်ကနေစပြီးတော့ ဈေးကွက်က ပြန်တက်မယ့် လက္ခဏာတွေ ပြလာပါတယ်…”

“ ငါ -ိုးပဲကွာ…. လခွီးတွေဖြစ်ကုန်ပြီ…”

ကျောက်မို ကော်ဖီစားပွဲကို နောက်တစ်ကြိမ် ပိတ်ကန်လိုက်ပြီး “ ဒါ ပူးပေါင်းကြံစည်တာ.. သေချာပေါက် ပူးပေါင်းကြံစည်ထားတာပဲ….”

“ ငါတို့တော့ လှည့်စားခံလိုက်ရပြီ…” စွန်းချဲ့ ရှုံ့မဲ့နေသည့် မျက်နှာအမူအရာဖြင့် ပြောလာခဲ့သည်။

သူ ယခုပြဿနာ၏ လေးနက်နေမှုကိုလည်း သတိပြုပြီးဖြစ်လေသည်။ တစ်ချိန်တည်းတွင် လင်းရီဟုခေါ်တွင်သည့် အနီလူသားမှာ သူစိတ်ကူးယဥ်ထားသည်ထက် ပို၍ စွမ်းအားကြီးမားလှကြောင်း နားလည်သဘောပေါက်သွားတော့၏။

“ ဒါရိုက်တာကျောက် … ကျွန်တော်တို့အတွက် အရမ်းဆိုးတဲ့ သတင်းတစ်ခု ကျန်နေပါသေးတယ်…” ဖူကျိန်းရီမှ ချွေးအေးများကို သုတ်ရင်း ပြောလိုက်သည်။

“ ငိုးမသား မင်းပြောစရာရှိရင်
တစ်ခါတည်းပြီးပြတ်အောင်ပြောလေကွာ….”
ကျောက်မို သူ၏ ပုံမှန် တည်ငြိမ်နေမှုများကို
ဆုံးရှုံးနေပြီးဖြစ်၏။

“ ခု ဈေးကွက်ထဲမှာ ရှယ်ယာတွေက
သိပ်မကျန်တော့ပါဘူး… တကယ်လို့ မနက်ဖြန်
ဈေးကွက်ပြန်ဖွင့်တဲ့ အချိန်ထိ စောင့်မယ်ဆိုရင်တောင်
ကျွန်တော်တို့ လိုအပ်တဲ့ ရှယ်ယာပမာဏကို
ထောက်ပံ့ပေးနိုင်ဦးမှာ မဟုတ်ပါဘူး…”

ဘုန်း….

အဆိုပါ သတင်းဆိုးကြီးက လေးယောက်အတွက်တော့
မိုးကြိုးပစ်ခံလိုက်ရသည့်နှယ်ပင်။

အကယ်၍ ဈေးကွက်ထဲတွင် လှည့်ပတ်နေသည့် ရှယ်ယာများစွာ ရှိမနေပါက သူတို့ ဝယ်ချင်လျှင်တောင် ဝယ်ယူ၍ မဖြစ်နိုင်ချေ။ ထိုအချိန်တွင် သူတို့က မည်သည်ကို သုံး၍ ပွဲစားများထံ ပြန်ဆပ်ရပါမည်နည်း။

ထိုအကြောင်းကို စဉ်းစားမိတော့အခါ လေးယောက်လုံးမှာ ကြောချမ်းသွားခဲ့ပြီး စိတ်ထဲတွင် စကားလုံး သုံးလုံး ပေါ်ပေါက်လာခဲ့၏။

" ခု ဘယ်လိုလုပ်ကြမလဲ….. "
(怎么办)

………………

လျှန်ရူရှယ်၏ ရှုံးခန်း ။

ထိုအခိုက်အတန့်တွင် သူမ လင်းယွမ်အုပ်စု၏ သတင်းစာရှင်းလင်းပွဲကို ကွန်ပျူတာမှ တစ်ဆင့်

တိုက်ရိုက်ကြည့်ရှုနေပြီး ဘေးတွင် ဖုန်းချထားကာ ရှန်းရှူးရီနှင့် ဗွီဒီယိုကော ပြောနေလေသည်။

" စောစောစီးစီး အလုပ်ကျတော့ မလုပ်ပဲ ဘာလို့ ဖုန်းခေါ်လာတာ....." ရှန်းရှူးရီ အထင်မြင်သေးစွာဖြင့် ပြောလိုက်ပြီး " မြန်မြန်ပြော... နင့်အမေက ခဏနေ အစည်းအဝေးရှိသေးတယ်..."

" နေဦး ဖုန်းမချလိုက်နဲ့ဦး... သတင်းစာရှင်းလင်းပွဲက ခဏနေဆို စတော့မှာ... တူတူ ကြည့်ရအောင်လေနော်...."လျှန်ရူရွှယ် သူမအမေကို အရေးတကြီး ပြောလိုက်သည်။

" ဘာသတင်းစာရှင်းလင်းပွဲလဲ..."

“ လင်းယွမ်အုပ်စုရဲ့ သတင်းစာ ရှင်းလင်းပွဲပေါ့… သမီး အမေ့ကို ပြောဖူးတယ်လေ…. ဘယ်လိုလုပ်ပြီး မေ့သွားရတာ….”

“ နင့် အမေက အမြဲတမ်း အလုပ်များနေတာ… ပြီးတော့ အချိန်ရရင် နင့်အဖေကိုလည်း ပြုစုရသေး… အဲ့လို အသေးမွှားကိစ္စလေးတွေကို အာရုံပေးဖို့ အချိန်မရှိဘူး…”

“ ဒါက ယွမ်ဘီလီယမ် ရာချီတဲ့ ငွေကြေးတိုက်ပွဲနော်….အမေက အဲ့တာကိုတောင်မှ ဂရုမစိုက်ဘူးပေါ့…”

“ ငါ မနှစ်တုန်းက ရင်းနှီးမြှုပ်နှံထားတဲ့ ငွေချည်းသပ်သပ်နဲ့တင် ယွမ် ဘီလီယမ်ခြောက်ရာကျော်တယ်… နင့်အမေက

ဒီလိုကိစ္စလေးတွေကို ခေါင်းထဲထည့်လိမ့်မယ်လို့ ထင်လား... ဒါမှမဟုတ် နင်ကပဲ CITIC အုပ်စုကို အထင်သေးနေတာလား....."

ထိုသို့ပြောရင်း ရှန်းရှူးရီ သူမလက်ထဲရှိ စာရွက်စာတမ်းများကိုသာ အာရုံစိုက်နေပြီး လျန်ရှူရှယ်ကို လှည့်ပင်မကြည့်ချေ။

" တော်လောက်ပြီ... အမေက အရမ်းကို စွမ်းအားကြီးတယ်ဆိုတာ မပြောလည်း သိပါတယ်နော်...." လျန်ရှူရှယ် ပြောလိုက်ပြီး " ဘာပဲဆိုဆို မေမေက CITIC အုပ်စုရဲ့ဘော့စ်လေ... ခုတော့ အလုပ်ကို ခဏဘေးချိတ်ထားပြီး သမီးနဲ့အတူ သတင်းစာရှင်းလင်းပွဲ ကြည့်ရအောင်လေနော်..."

“ အစည်းအဝေးက ဆယ်နာရီစမှာ….. အဲ့တာက အာဖရိကမှာ ယွမ် ဘီလီယမ် ရာချီတဲ့ ပရောဂျက်…. နင် ဘယ်တစ်ခုက ပိုအရေးကြီးတယ်လို့ ထင်လဲ..”

“ လင်းယွမ်အုပ်စုက ပိုအရေးကြီးတယ်….”

“ ငါ့ကိုများ အဲ့လောက်အားယားနေတယ်လို့ ထင်နေတာလား….” ရှန်းရှူးရီ အထင်သေးစွာ ပြောလိုက်ပြီး “ ဒါပဲ ငါ အစည်းအဝေးသွားတော့မယ်… နင့်ဘာနင် တစ်ယောက်တည်း ကြည့်နေလိုက်တော့…”

“ မသွားနဲ့လို့… သမီးနဲ့အတူ ဒီရဲပွဲကိုကြည့်ပေး….. ကြည့်ပြီးလို့ရှိရင် သမီးအမေ့ကို တစ်ခုပြမယ်… သေချာပေါက် အံ့အားသင့်သွားစေရမယ်လို့ အာမခံတယ်…”

“နင့်ရဲ့ လှည့်ကွက်သေးသေးလေးတွေက နင့်အမေပေါ်
အလုပ်ဖြစ်မယ်လို့ ထင်နေတာလား… ပြီးတော့ နင့်ရဲ့
လှျို့ဝှက်ချက်သေးသေးလေးတွေကိုလည်း
ငါစိတ်မဝင်စားဘူး… ဒါပဲ…. သွားပြီ…”

“ ခဏ ….. အမေသွားရင် သမီး အဖိုးကို ခေါ် ပြီးတော့
လက်ချာပေးဖို့ တောင်းဆိုလိုက်မှာနော်….”

“ ခေါ်လေ… နင့်အဖိုးက ငါ့ကို ဆူမှာမဟုတ်ဘူး..”
ရှန်းရှူးရီ ပြောလိုက်ပြီး “ နင့်အဖိုးရင်ထဲက ငါ့ရဲ့
အရေးပါမှုကို နင်က လျော့တွက်ထားတာပဲ….”

“ ဒါဆို အဖွားကို ဖုန်းဆက်ပြီးတော့ အဖိုးကို ဆူခိုင်းဖို့
ပြောလိုက်မယ်….”

ရှန်းရှူးရီ ဆွံ့အစွာဖြင့် သူမထိုင်ခုံပေါ်သို့
ပြန်ထိုင်လိုက်ပြီး “ ငါဘာလို့ နင်လို

သစ္စာဖောက်မလေးကို မွေးထားမိပါလိမ့်…. ဒါတောင် ခုထိ လက်မထပ်ရသေးလို့တာပေါ့…
လက်ထပ်ပြီးသွားလို့ကတော့ CITIC တစ်ခုလုံးကို တခြား အမွေဆက်ခံသူတစ်ယောက်ဆီ လွှဲပြောင်းပေးလိုက်တာနဲ့ အတူတူပဲနေမှာ….”

“ အမေမှားတယ်…” လျန်ရူရှယ် ပြောလိုက်ပြီး “ လင်းရီ သမီးအတွက် လုပ်ပေးထားတာနဲ့ယှဉ်ရင် ခု သမီးသူ့အတွက် လုပ်ပေးနေတာတွေက ဘာမှ မပြောပလောက်ဘူး…”

“ ဒီတိုင်း ဖိုတိုလီတိုဂရပ်ဖီစက်လေးပဲ မဟုတ်ဘူးလား… အဲ့တာက ဘာမှတောင် အကောင်အထည်မပေါ်သေးတာကို နင်က ဘာတွေ လာကြွားနေတာ….”

“ အမေက ဘာသိလို့လဲ…. သမီးက ဖိုတိုလီတိုဂရပ်ဖီစက်အကြောင်း ပြောနေတာ မဟုတ်ဘူး…”

“ ဒါဆိုလည်း သူဘာလုပ်ပေးထားလဲဆိုတာ ငါ့ကို ပြောပြ….” ရှန်းရှူးရီ ထိုင်ခုံပေါ်တွင် ထိုင်ပြီး သူမ သမီး ပို့ပေးလာခဲ့သည့် လင့်ကိုဖွင့်၍ တိုက်ရိုက်ထုတ်လွှင့်နေသည်ကို ပျင်းတိပျင်းရွဲဖြင့် ထိုင်ကြည့်နေလေသည်။

“ ဒါပြီးရင် အမေ့ကို ပြောပြမယ်….”

ရှန်းရှူးရီကတော့ ရေအေးဖြင့် အပက်ခံလိုက်ရသည့် ခွေးမတစ်ယောက်ကဲ့သို့ ခံစားနေရ၏။

ဘာခန်းဝင်ပစ္စည်းမှ မရသေးတာကို ငါ့သမီးက အဲ့ကောင်စုတ်လေးကို တွယ်ကပ်နေပြီတဲ့လား…

ဖိုတိုလီတိုဂရပ်ဖီစက်ကလွဲရင် လင်းရီက ဘာများ ပေးနိုင်မှာမို့လို့...

လင်းရီ သူမသမီးကို ဘာများပေးနိုင်လာမလဲဆိုတာ ရှန်းရှူးရီ နားမလည်ပါချေ။ ထို့ပြင် သူမ လိုင်းပေါ်တွင် ပျံ့နှံ့နေသည့် သတင်းများနှင့် ပတ်သက်၍ အရမ်းကို သံသယ ဖြစ်နေခဲ့၏။

လင်းရီမှာ ချစ်သူရှိနေတယ်...

ဒါဆို သူမ သမီးကကော....

သို့သော်လည်း ရှန်းရှူးရီ ထိုအကြောင်းကို ထုတ်မပြောချေ။

သူမသမီး၏ စံနှုန်းက ပိုင်ရှင်ရှိပြီးသား အမျိုးသားတစ်ဦးနောက်သို့

ကပ်တွယ်နေလိမ့်မည်မဟုတ်ကြောင်း ယုံကြည်လေသည်။

“ စကားမစပ် ငါ နင့်အိမ်လာတုန်းက ကပ်တဲ့ mask က ဘာဘာရန်းလဲ… တော်တော်လေးကောင်းတယ်….” ရှန်းရှူးရီ ပြောလိုက်သည်။

“ သမီးကြည့်ပြီး ပြန်ပြောပြမယ်….
“ လျန်ရူရွှယ်ပြောလိုက်ပြီး “ ဒါပေမယ့် ခုတော့ လျန်မိသားစုရဲ့ ချွေးမအကြီးဆုံးလေး CITIC အုပ်စုရဲ့ ဥက္ကဌကြီးက ဒီရဲပွဲလေးကို နည်းနည်း အလေးအနက်ထားပေးပါနော်…”

“ အင်းပါ အင်းပါ… ငါ နင့်ကို ကူညီပြီးတော့ သူ့ကို အကြံဉာဏ်တစ်ချို့ပေးလိုက်မယ်… အဲ့တာကလည်း နင်ဖြစ်စေချင်နေတာပဲ မဟုတ်လား…”

ရှန်းရှူးရီ အထင်သေးစွာဖြင့် ပြောလိုက်ပြီး “ ငါလေ နင့်ကိုတော့ တကယ်လေးစားတယ်သိလား… နင့်အဖေငါ့ကို လိုက်ပိုးပန်းခဲ့တုန်းကဆိုရင် သုံးနှစ်သုံးမိုးတောင်မှနော်… အဲ့တာတောင်မှ ငါသူ့ကို အသိအမှတ် ပြုရုံလေးတင် ပြုတာ….ခုတော့ ငါ့သမီးဖြစ်တဲ့ နင်က တစ်ဖက်ကို ကောက်ကောက်ပါအောင် ဖြစ်နေပြီဆိုတော့ နင့်ရဲ့ အဖေနဲ့ အဖိုးကို နည်းနည်းပေး မျက်နှာသာပေးလို့မရဘူးလား…”

“ မပူနဲ့.. သမီး ဒီတစ်ခေါက် အမေဂုဏ်ယူရအောင် လုပ်ပြမယ်….” လျန်ရူရွှယ်ပြောလိုက်ပြီး “ အမေ.. အမေလည်း ခု လင်းယွမ်အုပ်စုရဲ့ အခြေအနေကို သိနေတာပဲ… ဒီလိုအချိန်မျိုးမှာ တည်ငြိမ်အောင် လင်းရီ ဘယ်လိုလုပ်သင့်တယ်လို့ ထင်လဲ….”

“ အာရုံစူးစိုက်ခံရတာကို လျော့ချတာပဲ…”ရှန်းရှူးရီ ပြောလိုက်ပြီး” ဒီလိုအချိန်မျိုးမှာ သူ့ဘက်က ဘာပဲ ပြောပြော မှားတယ်ပဲ ဖြစ်နေမှာ…
အကောင်းဆုံးကတော့ ဘာမှမရှင်းပြပဲနဲ့
အာရုံစူးစိုက်ခံရတာကို လျော့ချတာပဲ….”

“ အဲ့နည်းလမ်းက အလုပ်ဖြစ်ပါ့မလား….”

“ အသေးစိတ်ကျကျ လုပ်ဖို့တော့ လိုအပ်တာပေါ့…” ရှန်းရှူးရီ ပြောလိုက်ပြီး “ သူက ရှယ်ယာရှင်တွေရဲ့ ပိုက်ဆံကို ယူနေတာဆိုတော့ အရင်ဆုံး ရှယ်ယာရှင်တွေကို စိတ်ငြိမ်အောင် လုပ်ပေးဖို့ လိုမယ်… ဒါဆို ဈေးကွက်က တည်ငြိမ်သွားပြီးတော့ သူလည်း အန္တရာယ်ရှိတော့မှာ မဟုတ်ဘူး… ပြီးမှ ယွမ် လေးငါးမီလီယမ်လောက် သုံးပြီးတော့ ဒီကိစ္စ အနည်ထိုင်သွားအောင် အေးဆေးလုပ်လို့ရတယ်….”

“ ရင်းနှီးမြုပ်နှံသူတွေရဲ့ ခံစားချက်ကို တည်ငြိမ်အောင်
လုပ်ဖို့က မခက်ပါဘူး… ဒါပေမယ့် သူ့ရဲ့
ဂုဏ်သိက္ခာတွေကကော ပိုက်ဆံနဲ့ ပြန်ယူလို့
ရပါ့မလား…”

“ လူတွေက ချမ်းသာတဲ့သူတွေရဲ့ ဂုဏ်သိက္ခာကို
ဂရုစိုက်နေလိမ့်မယ်လို့ ထင်လား…” ရှန်းရှူးရီ
ပြောလိုက်ပြီး “ သူတို့ရဲ့ မျက်လုံးထဲမှာ
စက်မှုလုပ်ငန်းရှင်တိုင်းက မကောင်းတဲ့သူတွေကြီးပဲ…
နင့်ဘက်က ဘယ်လောက်ပဲ ကောင်းတာတွေ
လုပ်ပြနေပါစေ အမှောင်ထဲမှာ မကောင်းတာတွေ
လုပ်နေတယ်လို့ပဲ ထင်ကြမှာ… နင့်အမေ ဖြစ်တဲ့
ငါတောင်မှ ဒီနေ့ ဒီလိုနေရာမျိုးရောက်ဖို့ ငါ့ရဲ့
ခန္ဓာကိုယ်ကို ပေးဆပ်ခဲ့ရတယ်လို့ ထင်နေကြတဲ့သူတွေ
တစ်ပုံကြီး … ဒါကြောင့်မို့ သာမန်လူတွေရဲ့

မျက်လုံးထဲမှာ ချမ်းသာတဲ့သူတွေရဲ့ ဂုဏ်သိက္ခာဆိုတာ ဘာမှ အရေးမပါဘူး… သူတို့ ဂရုလည်းစိုက်မနေဘူး…”

“ ပြီးတော့ အင်တာနက်မှာ
မှတ်ဉာဏ်မရှိဘူးဆိုတာကိုလည်း
မှတ်ထား…  လေ့လာသူတွေရဲ့ သုံးသပ်ချက်အရ
အင်တာနက်ရဲ့ မှတ်ဉာဏ်က ခုနစ်ရက်ပဲ ခံတယ်….
ဘယ်လောက်ပဲကိစ္စကြီး ဖြစ်နေပါစေ
ခုနစ်ရက်ပြည့်တာနဲ့ မှတ်ဉာဏ်အားလုံးက
ပျောက်ကွယ်သွားမှာ …. ဒါကြောင့်မို့ ဒီကိစ္စက
ပြဿနာ မရှိဘူး… “

“ နောက်ပြီး လင်းရီရဲ့ သွင်ပြင်သဏ္ဍာန်နဲ့
အရည်အသွေးတွေက လုံးဝ ထိပ်တန်းပဲ…..
ဒီဖြစ်ရပ်ပြီးသွားတဲ့အချိန်ကျ သူ ကိုယ်တိုင်ကိုယ်ကျ
စင်ရှေ့ထွက်လာပြီးတော့ DIDI ကို

ကြေညာဝင်လိုက်တာနဲ့ နင့်လိုမျိုးအချစ်ရူးရူးနေတဲ့ ကောင်မလေးတွေက တက္ကစီငှားပြီးတော့ အားရပါးရကို ပွဲပိုးပေးပါလိမ့်မယ်.. ကြည့်ထားလိုက်..”

“ အမေပြောတာလည်း ဟုတ်တာပဲနော်…” လျှန်ရှုရှယ် ရေရွတ်ပြီးမှ တစ်ခုခုကို သတိထားမိသွားပြီး

“ ဟင် မဟုတ်သေးဘူးလေ… သမီးလိုမျိုး အချစ်ရူးရူးနေတဲ့အမျိုးသမီးဆိုတာက ဘာသဘောလဲ…စကားကို ရှင်းရှင်းလင်းလင်းပြောလေ…”

**အခန်း (၅၆၈)**
**တစ်စုံတစ်ခု ကြီးကြီးမားမား ဖြစ်ပျက်တော့မယ်**

“ ဘယ်သူဖြစ်ရဦးမှာ .. နင်ပဲလေ……” ရှန်းရှူးရီ ပြောလိုက်ပြီး “ နင် ရန်ကျင်းမှာ နေတုန်းကဆိုရင် နင့်နောက် လိုက်ပိုးပန်းတဲ့သူတွေကမှ အများကြီးပဲ… အားလုံးကလည်း လင်းရီထက်မသာရင်တောင် သူနဲ့ တန်းတူလောက်ရှိတယ် … ဒါတောင်မှ နင်က လျစ်လျူရှုပြီး ခုကျတော့ ကျိုးဟိုင်ရောက်တာ သုံးလကျောက်လောက်ပဲ ရှိသေးသာကို ဟိုကောင်နဲ့ အတူနေနေပြီ….ဆိုတော့ နင် ကျိုးဟိုင်ကို အလုပ်သွားလုပ်တာလား ရည်းစားချိန်းတွေ့ဖို့လားတောင် မပြောတတ်တော့ဘူး….”

“ အလုပ်လုပ်ဖို့ပေါ့ အမေရဲ့…”

“ မယုံပါဘူး…” ရှန်းရှူးရီ ပြောလိုက်ပြီး “ ဒါကလည်း ငါတစ်ယောက်တည်း မယုံတာမဟုတ်ဘူးနော်…

လျှန်မိသားစု တစ်ခုလုံးက မယုံတာ... ပြီးတော့
နင့်အဖေ မနေ့ညက နင်တို့နှစ်ယောက်ရဲ့အခြေအနေကို
သုံးသပ်ကြည့်တော့ သူပြောတာ အဓိပ္ပယ်ရှိတယ်လို့
ထင်တာပဲ...."

" ဘာကိုလဲ..."

" နင်နဲ့ လင်းရီက လိုင်းပေါ်မှာ တွေ့ဖူးပြီးသား...
ဟုတ်တယ်မလား... အဲ့လိုမှ မဟုတ်ရင် သူနဲ့တွေ့ဖို့
ကျိုးဟိုင်မှာ အလုပ်လုပ်မယ်ဆိုပြီး ဇွတ်ငြင်းနေမှာ
မဟုတ်ဘူးလေ...."

" ဒါကြီးက ဘယ်လိုတောင် အဓိပ္ပာယ်မရှိတာလဲ....
သမီးမှာ သူနဲ့ချိန်းဖို့ အချိန်တွေအားယားနေတယ်လို့များ
ထင်နေတာလား....." လျှန်ရှူရှယ်ပြေလိုက်ပြီး

“ အမေ့သမီးကို အဲ့လောက် အထင်မသေးစမ်းပါနဲ့ အမေရယ်…”

“ ကြည့် ကြည့် .. နင်ဒေါသထွက်နေပြီ… ဘာလို့လဲဆိုတော့ အနာပေါ် တုတ်ကျသွားမလို့လား… ဟားဟား….”

“ တော်ပြီ အမေနဲ့ မငြင်းတော့ဘူး.. လင်းရိကို အခုပဲ ဖုန်းခေါ် ပြီးတော့ ကိစ္စတွေကို မရှင်းပြဖို့ ပြောလိုက်တော့မယ်…”

သို့နှင့် လျှန်ရူရွှယ် အခြားဖုန်းတစ်လုံးကိုထုတ်၍ လင်းရိ၏ ဖုန်းနံပါတ်ကို ခေါ်လိုက်သည်။ သို့သော်လည်း အချိန်အတန်ကြာအောင် ဖုန်းဝင်သွားပြီးနောက် တစ်ဖက်မှ အလိုအလျောက် ဖုန်းချသွားခဲ့၏။

မည်သူမျှ ဖုန်းမကိုင်ပေ။

လျန်ရူရှယ် ထပ်မံ၍ ဖုန်းခေါ်ဆိုလိုက်၏။ သို့သော်လည်း အရင်တစ်ကြိမ်အတိုင်း ဖုန်းပြန်ကျသွားလေသည်။

“ ကောင်းပြီ… ခေါ်မနေနဲ့တော့… သတင်းစာရှင်းလင်းပွဲက စနေပြီ…” ရှန်းရှူးရီ သတိပေးလိုက်၏။

လျန်ရူရှယ် သူမဖုန်းကို ကူကယ်ရာမဲ့စွာဖြင့် ချလိုက်သည်။ ယခုမှ ပြောပြန်လျှင်လည်း အရာအားလုံးမှာ နောက်ကျနေချေပြီ။ လင်းရီမှာ ဉာဏ်ထက်မြက်ပြီး သူမအမေပြောသည့်အတိုင်း လုပ်လာခဲ့ဖို့သာ မျှော်လင့်နေမိတော့၏။

သတင်းစာရှင်းလင်းပွဲ စတင်သောအခါ လျန်ရူရှယ် စိတ်လှုပ်ရှားစွာဖြင့် လက်ကို အလိုအလျောက် ကျစ်ကျစ်ပါအောင် ဆုပ်ထားမိသည်။ လင်းရီမှာ

မနေ့ညက နှစ်ခြိုက်စွာ
အိပ်ပျော်နေခဲ့သည့်အတွက်ကြောင့်
ဖြေရှင်းမည့်နည်းလမ်းကို စဉ်းစားပြီးပြီလားဆိုတာ
သူမလည်း မတွေးတတ်တော့ပေ။

ထိုအခိုက်အတန့်တွင် ရှန်းရှူးရီလည်း
ကွန်ပျူတာစခရင်ကို စိတ်ဝင်တစားဖြင့်
ကြည့်ရှုနေလေသည်။ လင်းရီမှာ ယခုဖြစ်ပေါ်နေသည့်
အခြေအနေကို ကိုင်တွယ်ဖြေရှင်းသည့် နည်းလမ်းက
သူမအကြံပြုထားသည့် နည်းလမ်းနှင့်
ထပ်တူကျမလားဆိုတာကို အရမ်းသိချင်နေမိတော့၏။

အကယ်၍ သူမမျှော်လင့်ထားသည့်အတိုင်း
ဖြစ်ပျက်လာပါက လင်းရီမှာ အနာဂတ်တွင် သူ၏
နာမည်ကို သမိုင်းတွင် တွင်ကျန်ရစ်နိုင်မည့် အခွင့်အရေး
၉၀ ရာခိုင်နှုန်းရှိလေသည်။ အကယ်၍

ဖြစ်မလာလျှင်တော့ ၎င်း၏ လမ်းမှာ ကြမ်းတမ်းပေတော့မည်။ လူတစ်ယောက်မှာ အမြင့်သို့တက်သည်နှင့်အမျှ ဖြေရှင်းရမည့် ပြဿနာတို့မှာလည်း ပိုမိုရှုပ်ထွေးလာခဲ့၏။ လင်းရီတွင်သာ ပါးနပ်သည့် စွမ်းရည်တို့မရှိပါက အဆိုပါ ကိစ္စရပ်များကို ပိုင်နိုင်စွာ ဖြေရှင်းနိုင်လိမ့်မည် မဟုတ်ချေ။

“ အဲ့လူက Muddy Waters ကလား…..” သားအမိနှစ်ယောက်လုံး ကျူးဖုန်း၏ အထောက်အထားကို သိရှိပြီးနောက် အံ့အားသင့်သွားကြလေသည်။ Muddy Waters Research မှာ ယခုကစားပွဲ၏ နောက်ကွယ်တွင် ပါဝင်ပတ်သက်နေကြောင်းကိုလည်း သူမတို့နှစ်ယောက်လုံး သိထားကြ၏။

' ဘယ်လိုအကွက်မျိုး ရွှေ့လာပါစေ
လင်းယွမ်အုပ်စုကတော့ သူတို့ကို
သွားရှာမှာတော့မဟုတ်ဘူး… ဘာကိစ္စဒီရဲ့
ကျူးဖုန်းလို့ခေါ်တဲ့သူက ပေါ်လာရတာတုန်း….'

အမေနှင့် သမီးနှစ်ယောက်လုံး၏ အကြည့်များမှာ
သတင်းစာရှင်းလင်းပွဲအပေါ် အာရုံစူးစိုက်ထားကြပြီး
ယခင်က ပျင်းတိပျင်းရွဲ လုပ်နေသည့် ရှန်းရှူးရီပင်လျှင်
အခြေအနေများက သူမ မျှော်လင့်ထားသည်များကို
ကျော်လွန်နေသောကြောင့် ရှေ့ဆက်ဖြစ်မည့်
အကြောင်းအရာများကို ရင်တထိတ်ထိတ်နှင့်
ကြည့်ရှုနေတော့၏။

“ ဦးစွာအနေနဲ့ ကျုပ် လင်းယွမ်နဲ့ DIDI ရဲ့ဥက္ကဌ
မစ္စတာလင်းရီကို အနူးအညွတ်တောင်းပန်ပါရစေ…”

ထို့နောက် ကျူးဖုန်းမှာ ကျန်သည့်
အကြောင်းအရာများကို
ဆက်လက်ပြောကြားလေသည်။ကျူးဖုန်း၏ မိန့်ခွန်းမှာ
တိုတောင်းလှသော်လည်း မည်သည့်
ပေါ့ပြက်ပြက်နိုင်နေမှုတို့မျှ ရှိမနေချေ။
အခြေအနေတစ်ခုလုံး၏ အနှစ်သာရမှာ ၎င်းမိန့်ခွန်းတွင်
ပါသွားသည်ဟုတောင် ပြောနိုင်သည်။ လျှန်ရှူရွှယ်နှင့်
သူမအမေလည်း အလွန်အမင်း
အံ့အားသင့်နေကြတော့၏။ ဖြစ်ပျက်သွားခဲ့သည်များမှာ
သူမတို့ မျှော်လင့်ထားသည်ကို
ကျော်လွန်နေသောကြောင့် ထင်ယောင်ထင်မှား
ဖြစ်နေသည့်အလား ခံစားနေကြရတော့သည်။

Muddy Waters က လုပ်ကြံပြီး သတင်းအတုတွေ
ရေးသားထားပါတယ်လို့ ဝန်ခံလိုက်တယ်ပေါ့လေ…

ဒါကြီးက ကိုယ့်ကိုယ်ကို သေကြောင်းကြံတာနဲ့ မခြားဘူးလား....

“ အမေ.. ဒီရဲ့ရလဒ်ကကော အမေထင်ထားတဲ့အတိုင်းကောင်းရဲ့လား...”

“ ကောင်းရုံတင်ဘယ်ကမှာ... ဒါက ကျောက်မို အစီအစဉ်ရဲ့အဆုံးသတ်ပဲ... သူတို့ လင်းရီကို ဘယ်လိုမှ အနိုင်ယူဖို့ မဖြစ်နိုင်တော့ဘူး...”

ရှန်းရှူးရီ ပြုံးပြီး သူမခေါင်းကို ခါရမ်းလိုက်သည်။

အနီလင်းရီမှာ အထင်ကြီးဖို့ကောင်းလှ၏။ သူမကို လုံးဝ စိတ်မပျက်စေခဲ့ပေ။

‘ ငါသူ့ကို အထင်သေးခဲ့မိတာပဲ....’

“ သူက တော်တယ်ဆိုတာ အမေလည်း သိပြီးသားပါ.. ဒါကြောင့်မို့
လာလာကြွားမနေနဲ့တော့…ဟုတ်ပြီလား….” ရှန်းရှုံးရီ မှတ်ချက်ပြုလိုက်ပြီး “ စကားမစပ် နင် အမေ့ကို လင်းရီ ဘာလုပ်ပေးထားလဲ ဆိုတာ မပြောပြရသေးဘူးနော်… အစည်းအဝေးက ခနနေဆို စတော့မှာဆိုတော့ ပြော ဘာကိစ္စလဲ …”

လျှန်ရူရှယ် သူမအမေကို ဆန်းကြယ်စွာ ပြုံးပြလိုက်ပြီး စားပွဲအောက်မှ သူမလက်မှတ်ထိုးထားသည့် စာချုပ်စာတမ်းများကို ထုတ်ယူလိုက်သည်။ “ ဒါ ဘာလို့ထင်လဲ….”

“ စာဖိုင်… စာချုပ်… ဘာကြီးလဲ… ငါမှ သေချာမမြင်ရတာ..”

“ ဒါဆိုလည်း သမီးက အထဲမှာ ဘာပါလဲဆိုတာ အကြမ်းဖျင်းရှင်းပြပေးမယ်…” လျှန်ရှုရှယ် ဂုဏ်ယူစွာ ပြောလိုက်ပြီး “ ဒီစာချုပ်ထဲမှာ ပါတဲ့ အဓိကအချက်သုံးချက်ရှိတယ်…. ပထမတစ်ချက်က Pfizer နဲ့ အဓိက ဆေးကုမ္ပဏီခြောက်ခုက လင်းရီနဲ့ ပူးပေါင်းပြီးတော့ ကမ္ဘာ့ထိပ်တန်း ဆေးဝါးသုတေသနစင်တာကို တည်ထောင်တော့မှာ…”

“ ပြီးတော့…..”

မျှော်လင့်မထားစွာဖြင့် ရှန်းရှူးရီ၏ မျက်နှာမှာ မကောင်းသည့်ဖြစ်ရပ် တစ်စုံတစ်ခုကို တွေးမိသည့် အလား သိပ်ကြည့်ကောင်းမနေချေ။

“ အဲ့တာနဲ့ လင်းရီက တိုက်ခိုက်ပြီးတော့ ထိပ်တန်းသုတေသနစင်တာကို ကျိုးဟိုင်မှာ ဆောက်လုပ်ဖို့ သဘောတူညီချက်ရသွားတယ်လေ…”

အဆိုပါသတင်းကို ကြားတော့ ရှန်းရှူးရီ၏ အမူအရာမှာ အကြီးအကျယ် ရှော့ခ်ရသွားခဲ့လေသည်။ သူမ လျှန်ရူရွှယ်ထက် ထိုအချက်၏ အရေးပါပုံကို နားလည်ပေသည်။

“ ဆက်ပါဦး…”

“ ဒုတိယအချက်က အဲ့ဒီစင်တာက ထုတ်လုပ်လာတဲ့ ဆေးတွေရဲ့ဈေးနှုန်းက  ဟွာရှန့် ဈေးကွက်မှာ ကုန်ကျစရိတ်ရဲ့၅၀ ရာခိုင်နှုန်းကို ကျော်မှာ မဟုတ်ဘူး…”

“ အိုကေ..  ဆက်ပြောပါဦး….”

“ နောက်ဆုံး အချက်က လင်းရီ အန်ကယ်ချိန်နှင့်
ကျန်တဲ့သူတွေ နှစ်တွေအကြာကြီး
ဆွေးနွေးနေတဲ့   အထူးကုသဆေးတွေရဲ့ဈေးနှုန်းကို
သုံးပုံနှစ်ပုံတောင် လျှော့ချနိုင်လိုက်တယ်လေ… ဒါက
အရမ်းကောင်းတဲ့ အချက်မဟုတ်ဘူးလား….”

“ပြီးတော့ ပိုပြီး မယုံကြည်နိုင်ဖို့ကောင်းတာက လင်းရီက
သမီးကို ဒီစာချုပ်မှာ လက်မှတ်ထိုးခိုင်းလိုက်တာပဲ..
သူက သမီးကို အများကြီး ကူညီပေးထားတော့
သမီးကလည်း ပြန်ကူညီရမှာ ထုံးစံပဲ မဟုတ်လား…”

လျန်ရှူရှယ် ထိုသို့ ပြောပြီးနောက် သူမအမေမှာ
ချီးမွမ်းလိမ့်မည်ဟု မျှော်လင့်ထားခဲ့သော်လည်း သူမ
မျှော်မှန်းထားသည်နှင့် ကပ်ကပ်စင်အောင်
လွဲချော်နေလေသည်။ လျန်ရှူရှယ်၏ အမြင်မှာ

ရှန်းရှူးရီနှင့် မည်သို့မျှ ယှဉ်လို့မရချေ။ သာမန်လူများ၏ အမြင် ရှုထောင့်မှ ကြည့်လျှင်တော့ ဒုတိယနှင့် တတိယအချက်များမှာ ၎င်းတို့အတွက် ကြီးမားသောအကျိုးအမြတ်များကို ယူဆောင်လာခဲ့ပေးမည်ဖြစ်သောကြောင့် ယင်းနှစ်ချက်က သေချာပေါက် ကောင်းသည့် အချက်ပင်။

သို့သော်လည်း နိုင်ငံရေးရှုထောင့်မှ ကြည့်မည်ဆိုလျှင်တော့ ပထမ အချက်ကသာလျှင် အမှန်တကယ် ရှောင်ရှားခံရဖို့ကောင်းသည့်အချက်ဖြစ်၏။ ဟွာရှမှာ စဉ်ဆက်မပြတ်တိုးတက်ဖွံ့ဖြိုးနေဆဲ အခြေအနေဖြစ်နေပြီး အဓိက လိုအပ်သည်က ကမ္ဘာအနှံ့တွင် ၎င်းတို့၏ ဂုဏ်သတင်းကို တိုးပွားစေရန် ယခုလို ကမ္ဘာ့အဆင့်အဖွဲ့အစည်းကြီးများဖြစ်၏။

အကယ်၍ အဆိုပါ ဆေးဝါးသုတေသန စင်တာသာ ကျိုးဟိုင်တွင်ဆောက်လုပ်လာမည်ဆိုပါက မီလိလေးမှာ လက်အောက်ခံ အဆင့်များကို ကျော်လွှန်၍ ဗဟိုပါတီသို့ ပူးပေါင်းရန်ပင် ဖိတ်ခေါ် ခြင်း ခံရနိုင်လေသည်။

Muddy Waters ၏ နောက်ဆုတ်သွားမှုမှာလည်း လင်းရိက Pfizer နှင့် အဓိကဆေးကုမ္ပဏီကြီးခြောက်ခုတို့နှင့် ပူးပေါင်းလိုက်ခြင်းကြောင့်ဟု ရှန်းရှူးရိ အကြမ်းဖျင်းခန့်မှန်းလိုက်၏။

ဝေါစထရိရှိ ရင်းနှီးမြှုပ်နှံသူတို့မှာ ၎င်းတို့၏ အကျိုးစီးပွား ထိခိုက်လာမည့် မည်သည့်ကိစ္စကိုမျှ အလိုမရှိပေ။ ထို့ကြောင့် Muddy Waters ဘက်သို့

ဖိအားတစ်ချို့ပေးလိုက်ပြီး ယခုလို ရလဒ်မျိုး ထွက်လာခဲ့ခြင်း ဖြစ်ရပေမည်။

ယခုလို သေးငယ်သည့် အကြောင်းပြချက်လေးများကို ဆက်စပ်တွေးခေါ်ရင်း ဖြစ်စဉ်တစ်ရပ်လုံးကို ခန့်မှန်းနိုင်ခဲ့သည့် ရှန်းရှူးရီမှာလည်း သေချာပေါက် နတ်ဘုရားသဖွယ် ပါရမီရှင် တစ်ဦး ဖြစ်ကြောင်း သိသာလှလေသည်။

"အမ် အမေ… မျက်နှာလည်း မလှဘူးကော… တစ်ခုခု မှားနေလို့လား…" လျန်ရူရှယ် မေးမြန်းလိုက်၏။

ရှန်းရှူးရီ ပြန်မဖြေပေ။ ထိုအစား " လင်းရီက သမီးကို နောက်ထပ် ဘာဆက်ပြောသေးလဲ…"

“ သူပြောတာတော့ ဒီရဲ့စင်တာကို တည်ထောင်ပြီးတဲ့ အချိန်ကျရင် သမီးတို့လက်ထဲမှာ အပြည့်အဝထိန်းချုပ်လို့ရမယ်လို့ ပြောတာပဲ…”

“ ဒီကိစ္စကို သမီးရဲ့အန်ကယ်ချိန်ဆီ ပြောပြီးပြီလား…”

“ ပြောပြီးလေ… အန်ကယ်ချိန်ဆို အပျော်လွန်ပြီးတော့ ရယ်နေတာ အတောမသတ်နိုင်တော့ဘူး သိလား…”

“ မကောင်းတော့ဘူး… တစ်ခုခုတော့ ဖြစ်တော့မယ်…” ရှန်းရှူးရီ စိုးရိမ်သောကနေသည့် လေသံဖြင့် ပြောလိုက်သည်။

“ ဟင် ဘာလဲဖြစ်မှာ အရမ်း ကြီးမားတာမျိုးလား….”

“ သေချာပေါက် ကိစ္စကြီးပဲ…” ရှန်းရှူးရီ၏ မျက်နှာမှာ အမူအရာမျိုးစုံ ပြောင်းနေပြီး “ တကယ်လို့ ဒီကိစ္စသာ

တကယ်ကြီး မုန်တိုင်းထန်လာပြီဆိုရင် ငါတောင် သူ့ကို ထိန်းထားနိုင်မှာမဟုတ်တော့ဘူး...”

## အခန်း (၅၆၉)
## ပုန်းကွယ်နေသည့် အန္တရာယ်

လျှန်ရှူရွှယ် စခရင်ကို ရှော့ခ်ရစွာဖြင့် ငေးကြည့်နေမိသည်။ သူမ အမေ၏ ခံစားချက်များက အဘယ်ကြောင့် တက်လိုက်ကျလိုက် ဖြစ်နေလဲဆိုတာကို သူမ နားမလည်နိုင်တော့ချေ။

ယုတ္တိကျကျ ပြောရလျှင် လင်းရီမှာ ယခု ပြဿနာကို ဖြေရှင်းဖို့ရာအတွက် MUDDY WATERS ၏ တာဝန်ရှိသူကို ဖိတ်ခေါ်ထားသောကြောင့် ယခု ပြဿနာမှာ ပြီးပြည့်စုံစွာ ဖြေရှင်းပြီး မဟုတ်ပါလော။

ဒါဆို အမေပြောတဲ့ ကိစ္စကြီးဆိုတာက ဘာကို ပြောနေတာလဲ...

"အမေ.. ဘာတွေ ဖြစ်နေတာ.... သမီးကို အရင် ပြောပြလေ..."

"နောက်မှ ပြောပြမယ်... ခု အရင်ဆုံး သမီးရဲ့ အန်ကယ်ချိန်နဲ့ စကားပြောဖို့ လိုနေပြီ.. အိုး ဟုတ်သား... လင်းရီရဲ့ ဖုန်းနံပါတ်ကိုလည်း အမေ့ဆီ ပို့ပေးဖို့ မေ့မနေနဲ့ဦးနော်... အရေးကြီးတယ်...."

"ခုပဲ ပို့လိုက်မယ်..."

ရှန်းရှူးရီ ဖုန်းချလိုက်ပြီး ချိန်ရှင့်ကျယ်ကို ဖုန်းခေါ်လိုက်၏။

"မရီး..."

"မီလိလေး မနက်က  နင့်ဆီ Pfizer နဲ့ အဓိက ဆေးကုမ္ပဏီ ခြောက်ခုနဲ့ လက်မှတ်ထိုးထားတဲ့ စာချုပ် ပို့လာခဲ့သေးလား..."
ရှန်းရှူးရီ မေးမြန်းလိုက်၏။

"ပို့လာခဲ့တယ်လေ.. ကျွန်တော်လည်း ဖတ်ပြီးပြီးချင်းပဲ ရှော့ခ်ရသွားခဲ့တာ..."

သူ၏ လေသံ နားထောင်ရုံမျှဖြင့် ချိန်ရွှင့်ကျယ် မည်မျှ ပျော်ရွှင်နေလဲတိုတာကို ခံစားသိရှိနိုင်လေသည်။

ထိုအထဲမှ အချက်တစ်ခုချင်းစီတိုင်းက သာမန် လူသားတစ်ယောက် ဆွေးနွေးညှိနှိုင်းနိုင်သည့် ကိစ္စများ မဟုတ်ပါချေ။ အနည်းဆုံးတော့ သူပင် နှစ်ပေါင်းများစွာ အားထုတ်နေပါလျက်နှင့် အရာမထင်ခဲ့ချေ။
သို့သော်လည်း လင်းရီမှ လုပ်ပြသွားခဲ့လေသည်။

"ကျွန်တော် စဉ်းစားပြီးသွားပြီ.. မီလီလေးက လက်မှတ်ထိုးထားတဲ့သူဆိုပေမယ့် ဒီလိုမျိုး ဖြစ်အောင် ဖန်တီးပေးထားတဲ့သူက လင်းရီဆိုတာ မီလီလေးက ပြောပြထားပြီးသား... ကျွန်တော်တို့ သူ့ကို အလကား လုပ်ခိုင်းလို့ ဘယ်ဖြစ်မှာလဲ ဟုတ်တယ်မလား... ဒါကြောင့်မို့ သူ့ကို ဟွာရှဆေးဝါးအဖွဲ့အစည်းရဲ့ စီမံခန့်ခွဲမှုခေါင်းဆောင်ရာထူး ပေးဖို့ ပြင်ဆင်နေတာ... ဒီတိုင်း အမည်ခံ ရာထူးဆိုရင်တောင်မှ အနာဂတ်ကျရင် သူ့အတွက် အကျိုးအမြတ်တွေ အများကြီး ယူလာပေးနိုင်တယ်လေ..."

"ကောင်းပါတယ်.. ဒါပေမယ့် နင် အဲ့ကိစ္စကို ခဏ ရပ်ထားဦး...  ဒီရဲ့သတင်းကို အရင်ဆုံး ဖိနှိပ်ထားမှ ဖြစ်မှာ..."

"ဟမ်.. ဖိနှိပ်ထားရမယ်..."

ချိန်ရှင့်ကျယ် တစ်ခုခုမှားနေသည်ဟု အလိုအလျောက် ခံစားနေရ၏။

မဟုတ်ပါက ရှန်းရှူးရီမှာ သူ့ထံ တိုက်ရိုက် ဖုန်းခေါ်လာပြီး ယခု ကိစ္စ မေးမြန်းလာလိမ့်မည် မဟုတ်ချေ။

"ကောင်းပြီလေ.. ကျွန်တော့်အတွင်းရေးမှူးကို ကိစ္စတွေ ပြန်ရုပ်သိမ်းထားဖို့ ပြောလိုက်မယ်...."

"အင်း..ခုလောလောဆယ်  ဒီကိစ္စအကြောင်း ဘာတစ်ခွန်းမှ မဟသေးနဲ့ဦး.. လင်းရီရဲ့ပုံရိပ်ကို တိုးတက်စေမယ့် သတင်းအချက်အလက်တွေကို လည်း အချိန်တစ်ခုအထိ မထုတ်ပြန်သေးနဲ့ဦး."

"အိုကေပါ မရီး..."

ဖုန်းချပြီးနောက် ရှန်းရှူးရီ အတွင်းလိုင်းကို ဖုန်းခေါ်လိုက်သည်။ "ရှောင်ဝမ်.. ငါ့ရုံးခန်းထဲ ခနလာခဲ့...."

မိနစ်အနည်းငယ်ကြာပြီးနောက် မီးခိုးရောင် အမျိုးသမီးဝတ် စကတ်နှင့် အမျိုးသမီးတစ်ဦးမှာ ရှန်းရှူးရီ၏ ရုံးခန်းထဲသို့ ဝင်ရောက်လာလေသည်။

ထိုအမျိုးသမီး၏ နာမည်မှာ ဝမ်လီဖြစ်ပြီး PR နှင့် CITIC အုပ်စု မားကတ်တင်း ဌာန၏ ဒုဥက္ကဌ အဖွဲ့ဝင်လည်း ဖြစ်သည်။

"ဥက္ကဌရှန်း ကျွန်မကို ခိုင်းစရာရှိလို့လားရှင့်.."

"PR ဌာနကို အင်တာနက်ပေါ်က လင်းယွမ်အုပ်စုနဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်တွေ အကုန်လုံး

ဖယ်ရှားဖို့ အသိပေးလိုက်.. မမြင်ရလေ ကောင်းလေပဲ..."

ဝမ်လီ မှန်းဆနေဟန်ဖြင့် "ဉက္ကဋ္ဌရှန်း.. ရှင်က ဒီရဲ့ စတော့နည်းဗျူဟာ တိုက်ပွဲ သတင်းတွေအကြောင်းကို အဓိက ဖုံးကွယ်ထားစေချင်တာမလား..."

"အမှန်ပဲ..."ရှန်းရှူးရီ ပြောလိုက်ပြီး "အဲ့ သတင်းတွေရဲ့ အကျိုးသက်ရောက်မှုကို တတ်နိုင်သလောက် အကျဉ်းချုံ့နိုင်အောင်လုပ်လိုက်..."

"ကောင်းပါပြီ.. ခုပဲ စီစဉ်လိုက်ပါ့မယ်...."

ဝမ်လီ ရုံးခန်းထဲမှ ထွက်သွားခဲ့သည်။ ရှန်းရှူးရီ လက်ပိုက်ထားပြီး သူမ၏ တံတောင်များကတော့ စားပွဲပေါ်တွင် ရှိနေလေသည်။ သူမ၏ စိတ်ကိုတော့ အဆက်မပြတ် အလုပ်ပေးနေခဲ့၏။

ယခု သတင်းစာရှင်းလင်းပွဲတွင် ကျူးဖုန်း၏
ထွက်ပေါ်လာမှုကြောင့်  ယခု ကစားပွဲတွင် ကျောက်မို
ရှုံးနိမ့်သွားပြီဖြစ်ကြောင်း သိသာလေသည်။

ယခု လင်းရီဘက်မှ တုံ့ပြန်တိုက်ခိုက်လာရတော့မည့်
အချိန်ပင်။

လင်းကျင်ကျန့်၏ အပြုံးတေးကြီးပြီး
လက်စားချေလိုစိတ် ပြင်းပြသည့် ဗီဇနှင့်ဆိုပါက
လင်းရီ၏ နောက်ပိုင်း လှုပ်ရှားမည့် အကွက်များကို
ကြိုတင် မှန်းဆ၍ ရ၏။

သူ့ဘက်မှ အများပြည်သူ၏ Didi
အပေါ်အကောင်းမြင်စိတ်ကို တိုးပွားစေပြီး
ရှယ်ယာဈေးနှုန်းများကို မြင့်တင်ပေလိမ့်မည်။
သို့သော်လည်း ထိုအချက်က အရေးမကြီးသေးချေ။

တစ်နည်းအားဖြင့် ဆိုရသော် အဆိုပါ ရလဒ်များက ထိန်းချုပ်နိုင်သည့် အတိုင်းအတာအတွင်း၌ တည်ရှိလေသည်။

ကျောက်မိုနှင့် ကျန်သုံးယောက်မှာ တိတ်တဆိတ် ဆုံးရှုံးနေပြီး ဟွာယင်းအုပ်စုမှလည်း ကိုယ်တိုင်ကိုယ်ကျ ဝင်လာလိမ့်မည် မဟုတ်ချေ။

သို့သော်လည်း ယခုကိစ္စတွင် စစ်မှန်သည့် အရေးပါမှုက လင်းရှီနှင့် ဆေးဝါးကုမ္ပဏီ ခုနစ်ခု တို့ ချုပ်ဆိုထားသည့် သဘောတူစာချုပ်ဖြစ်၏။

အထူးသဖြင့် ပထမတစ်ချက်ပင်။ လင်းရှီနှင့် ပူးပေါင်း၍ ကမ္ဘာ့ထိပ်တန်း ဆေးဝါးစင်တာကို ကျိုးဟိုင်တွင် ဆောက်လုပ်မည်ဆိုသည့် သတင်းက Didi ၏ ရှယ်ယာများကို ထိပ်ဆုံးသို့ ထိုးတက်သွားစေလိမ့်မည်။

ထိုအခါ စတော့ စျေးကွက်ထဲတွင် မရေမတွက်နိုင်သည့်
လှုပ်ခတ်မှုများ ဖြစ်ပေါ်သွားပြီး ပမာဏ မည်မျှအထိ
ထိုးတက်လာမလဲဆိုတာကိုတော့
မည်သူကမျှ ခန့်မှန်း၍ မရနိုင်ချေ။

Pfizer နှင့် အဓိက ဆေးကုမ္ပဏီခြောက်ခုမှာလည်း
ယခုလို သတင်းမျိုးကို အမှားခံလိမ့်မည်
မဟုတ်သောကြောင့် အချိန်ကျလာသောအခါ
စတော့စျေးကွက်တွင် ဆူနာမီ ဖြစ်ပွားသွားသည့်အလား
အကျိုးသက်ရောက်မှုတို့ ဖြစ်ပေါ်လာပေမည်။

သို့သော်လည်း ယင်းက
ကြောက်ဖို့အကောင်းဆုံးအချက် မဟုတ်သေးချေ။

လင်းရီ၏ ခမ်းနားကြီးကျယ်သည့် နိုင်ပွဲနှင့် Didi ၏
ရှယ်ယာစျေးနှုန်းများ တဟုန်ထိုး မြင့်တက်နေသည်က

ဟွာယင်းအုပ်စုနှင့် ကျန်သည့် မိသားစုကြီး သုံးခုကို ရှောင်လွဲမရသည့် ဆုံးရှုံးမှုများကို ဖြစ်ပေါ်စေမည်။

လင်းရှီ၏ စွမ်းရည်နှင့်ဆိုပါက ဟွာယင်းအုပ်စုကို ဟန့်တားရန်မှာ ပြဿနာ မဟုတ်ပေ။ သို့သော်လည်း မိသားစု လေးခုလုံးမှ ပေါင်းစည်းလာလျှင်တော့ လင်းရှီလည်း ဘာမျှ တတ်နိုင်လိမ့်မည် မဟုတ်ချေ။ အကယ်၍ ထိုသို့ ဖြစ်ပွားလာမည်ဆိုပါက လင်းရှီမှာ သေသည်နှင့် ခြားနားလိမ့်မည် မဟုတ်တော့ချေ။

ထိုအကြောင်း တွေးမိသောအခါ ရှန်းရှူးရီ ကူကယ်ရာမဲ့စွာဖြင့် ခေါင်းရမ်းလိုက်၏။

ယခုလို ရလဒ်မျိုး ဖြစ်ပေါ်လာလိမ့်မည်လို့ သူမ ဘယ်တုန်းကမှ မျှော်လင့်မထားခဲ့ချေ။

လင်းရီက တော်တော်လေးကို လွန်လွန်ကြူးကြူး ကစားနေတာပဲ...

သူမ စတော့စျေးကွက်ကို ဖွင့်ကြည့်ပြီး ရေပန်းစားနေသည့် စတော့များကို ကြည့်ကြည့်လိုက်သောအခါ ထူးဆန်းသည့် အဖြစ်အပျက်တစ်ခုကို ရှာတွေ့သွားခဲ့၏။ Didi ၏ စတော့စျေးနှုန်းများမှာ ၁၀:၁၀ အကန့်အသတ်ကိုပင်ရောက်နှင့်နေပြီး ဖြစ်လေသည်။

ကြာချိန်ကို ဆန်းစစ်ကြည့်ရသလောက်တော့ သတင်းစာရှင်းလင်းပွဲမှာ ယခုလေးတင် စတင်ခြင်းဖြစ်ပြီး ကျူးဖုန်းမှာလည်း သူ၏ ရပ်တည်ချက်ကို ဖော်ပြသွားခဲ့သည်မှာ ဘယ်လောက်မျှ မကြာသေးချေ။ ယုတ္တိကျကျ ဆိုရလျှင် ယခုလို ရေပန်းစားနေရန်မှာ လုံး၀ မဖြစ်နိုင်ချေ။

သို့တိုင်အောင် သူမ မကြာမီ အဆိုပါ ဖြစ်ရပ်၏ အကြောင်းပြချက်ကို ရှာတွေ့သွားခဲ့၏။

လင်းရီက ဒီလိုမျိုး ဖြစ်အောင် တမင် စီစဉ်ထားတာပဲ ဖြစ်ရမယ်..

ယင်းက စတော့ဈေးကွက်တွင် လှည့်ပတ်နေသည့် ရှယ်ယာအရေအတွက်များကို လျော့ကျသွားစေပြီး ကျောက်မိုနှင့် ကျန်သူများမှ ရှယ်ယာများကို ဝယ်ယူ၍ ပွဲစားများထံ ပြန်လည်ပေးအပ်ခြင်းကို တားမြစ်ထားလေသည်။ အကယ်၍ ပြန်ပေးမည်ဆိုလျှင်တော့ မြင့်မားသည့် ဈေးနှုန်းဖြင့် ဝယ်ယူရတော့မည် ဖြစ်၏။

ယခုလို ဖြစ်လာပြီဆိုပါက လင်းရီ၏ ရည်မှန်းချက်မှာ ပြီးပြည့်စုံသွားလေပြီ။

ရှန်းရှူးရီ ကူကယ်ရာမဲ့စွာ သက်ပြင်းချရင်း တီးတိုးရေရွတ်လိုက်၏။ "ဒီချာတိတ်လေးကောင်ကတော့ လင်းရီ ကစားတာ ခံလိုက်ရတာပဲ... လင်းရီကလည်း ခေတော့ မခေဘူး..."

သို့နှင့် ရှန်းရှူးရီ လင်းရီထံ ဖုန်းခေါ်လိုက်၏။ သို့သော်လည်း တစ်ဖက်မှ ဖုန်းမကိုင်ချေ။

"ဒီသောက်ကလေးက ဘာတွေ လုပ်နေတာလဲ..."

......

လင်းယွမ် အုပ်စု၊ ချီရှန်းကျောက် ရုံးခန်း။

ထိုအခိုက်အတန့်တွင် လင်းရီ ၊ချင်းဟန် ၊ ချီရှန်းကျောက်နှင့် ကျန်သူများအားလုံး

နောက်ရှေ့ဆက်မည့် အစီအစဉ်များအကြောင်း ဆွေးနွေးနေကြလေသည်။

လင်းရီ၏ ဖုန်းကတော့ လေယာဉ်မုဒ်ချိန်းထားသောကြောင့် မည်သူကမျှ သူတို့၏ စကားဝိုင်းကို နှောင့်ယှက်နေခဲ့ခြင်း မရှိချေ။

"လင်းကြီး.. ခု Didi ရဲ့ ရှယ်ယာတန်ဖိုးတွေက တရိပ်ရိပ်နဲ့ ထိုးတက်နေတာနော်.. တကယ်လို့ ကျောက်မိုဘက်က ရှယ်ယာတွေ အကုန်လုံးကို ဝယ်နိုင်တဲ့ စွမ်းရည်ရှိတယ်ဆိုရင်တောင်မှ ပွဲစားတွေဆီ ပြန်ပေးရမယ့် ပမာဏက အသေးအမွှားလေးမဟုတ်ဘူး.. သေချာပေါက် ပိုက်ဆံ ဘီလီယမ်နဲ့ ချီပြီး ဆုံးရှုံးသွားတော့မှာ...." ချင်းဟန် ပြောလိုက်သည်။

"အဖြေက ပေါ်နေပြီသား.... သူတို့ဘက်က သချာပေါက် ပိုက်ဆံ ဆုံးရှုံးမှာပဲ.. ဒါပေမယ့် သူတို့ ဘယ်လောက်ထိ ဆုံးရှုံးသွားမလဲဆိုတာက ပြောရမယ့် ကိစ္စဖြစ်လာပြီ...."လင်းရီ ရယ်မောလိုက်ပြီး "ခု မင်းတို့ သုံးယောက်လုံးက ငါ့လက်ထဲမှာ ရှိတဲ့ ရှယ်ယာတွေ အကုန်လုံးကို ဝါးမြိုထားတယ်ဆိုတော့ ငါ့ဘက်က လုံလောက်တော့ ငွေကြေးစီးဆင်းမှု ရှိသွားပြီ... ဈေးကွက်ထဲမှာ လှည့်ပတ်နေတဲ့ ရှယ်ယာပမာဏကို အနည်းဆုံးဖြစ်အောင် ထိန်းထားနိုင်သရွေ့ ကျောက်မိုနဲ့ ကျန်တဲ့ သူတွေကို အကြီးကြီး ခံစားသွားရအောင် လုပ်လို့ရတယ်..."

"ဒါပေမယ့် အဲ့လောက်လေးနဲ့ လုံလောက်ပြီလို့တော့ မထင်ဘူး... "ချင်းဟာန် ပြောလိုက်ပြီး "ပိုပြီးစိတ်ဝင်စားဖို့ကောင်းအောင် ငါတို့ကောင်တွေ စတော့ဈေးနှုန်းကို ဒီထက်မြင့်အောင် လုပ်ရမယ်..."

လင်းရီ ရယ်သွမ်းလိုက်ပြီး " အဲ့ကိစ္စကိုလည်း ငါ စဉ်းစားပြီးသွားပြီ.. ခု ချက်ချင်း စတော့မှာ... "

"ဘော့စ်.. ရှင့်ရဲ့အကြံက ဘယ်လိုမျိုးလဲ..."ဟော်ယွမ်ယွမ် မေးလိုက်၏။

" သေချာပေါက် လူထုရဲ့ဖိအားနဲ့ပေါ့ မြင့်တင်ရမှာပေါ့..."လင်းရီ ပြောလိုက်ပြီး

"ငါခု Didi က ကျိုးဟိုင် နိုင်ငံတကာ ကားပြိုင်ပွဲကွင်းနဲ့ ပူးပေါင်းပြီးတော့ Didi ပြိုင်ကား ပရောဂျက်ကို အကောင်အထည်ဖော်တော့မယ် ဆိုပြီးကြေညာလိုက်မယ်... "

"ဒုတိယ အနေနဲ့ ဝမ်ကျန်း ဆိပ်ကမ်းနဲ့ ပူးပေါင်းပြီးတော့ Didi ပင်လယ်ရေကြောင်း စီးပွားရေးကို တည်ထောင်တော့မယ်လို့ ကြေညာလိုက်မယ်..."

"နောက်ပြီး ပန်နီဆူလာဟိုတယ်နဲ့ ပူးပေါင်းပြီးတော့ Didi ညစာဘွတ်ကင် စနစ်ကိုလည်း ကြေညာလိုက်မယ် ဆိုရင် Didi ရဲ့အရေးပါမှုက ဘယ်လောက်ထိ ထိုးတက်သွားလိမ့်မယ်လို့ ထင်လဲ..... လုပ်တာ မလုပ်တာ အပထား.. အရေးကြီးတာက ဟိတ်ဟန်ရှိဖို့ပဲ..."

"ဘော့စ်.. ရှင်က တကယ့်ဉာဏ်ကြီးရှင်ပဲနော်....ဒီလို အကြံအစည်မျိုးတောင် စဉ်းစားနိုင်တယ်... " ဟော်ယွမ်ယွမ်ပြောလိုက်ပြီး "ကျွန်မအထင် ကျွန်မတို့ ဖောင်ဒေးရှင်းရဲ့လှူဒါန်းမှုတွေကိုလည်း ခမ်းခမ်းနားနားနဲ့ ကြေညာပြသင့်တယ်လို့ ထင်တာပဲ.. အဲ့လိုလုပ်တာက

ကျွန်မတို့ ကုမ္ပဏီရဲ့ ပုံရိပ်ကို တိုးတက်စေပြီးတော့ အနာဂတ်မှာ လုပ်မယ့် ခြေလှမ်းတွေအတွက်လည်း အဆင်ပြေပြီးသား ဖြစ်တာပေါ့... "

"ကောင်းပြီလေ.. မင်း သင့်တော်မယ်ထင်သလိုသာ ကြည့်လုပ်လိုက်..."လင်းရီ ပြောလိုက်ပြီး "နောက်ဆုံး အနှစ်ချုပ်ရရင် ငါတို့ရဲ့အဓိက ရည်မှန်းချက်က နှစ်ခုတည်းပဲ.. ရှယ်ယာတွေရဲ့ငွေပေါ်လွယ်မှုကို လျော့ချပြီးတော့ ကျောက်မိသားစုဝင်တွေ ခြောက်ခြားသွားအောင် ရှယ်ယာဈေးနှုန်းတွေကို မြင့်နိုင်သမျှ မြင့်အောင် လုပ်ရမယ်...
ဒီအချိန်ကာလအတွင်းမှာ ဒီကောင်တွေ အိပ်ကောင်းခြင်းအိပ် စားကောင်းခြင်း မစားစေရဘူး...
“

**အခန်း (၅၇၀)**

**Didi နဗ္ဗာန်ပို့ဆောင်ရေး ပရောဂျက်**

လင်းရီ၏ အိုင်ဒီယာကို ကြားတော့ ချီရှန်းကျောက်နှင့် ဟော်ယွမ်ယွမ်တို့ ခေါင်းတဆတ်ဆတ် ငြိမ့်လိုက်ကြပြီး "တကယ်လို့ ဒီရဲ့ပူးပေါင်းမယ့် ပရောဂျက်တွေကိုသာ ကြေညာလိုက်မယ်ဆိုရင် စတော့ စျေးနှုန်းတွေ မြင့်တက်လာဖို့အတွက် အရမ်းကို အကျိုးသက်ရောက်မှု ရှိတယ်... တကယ်လို့ အဲ့လိုမျိုး မြင့်တက်လာပြီးဆိုရင် ကျောက်မိုတို့ကောင်တွေ ငိုဖို့ မျက်ရည်တောင် ကျန်တော့မှာ မဟုတ်လောက်ဘူး..."

"လင်းကြီး.. မင်း ဒီလိုပြောကြေးဆိုရင် ငါ့မှာလည်း အကြံတစ်ခု ရှိတယ်..."ချင်းဟန် ပြောလိုက်ပြီး "ငါတို့ကောင်တွေ ပူးပေါင်းပြီးတော့ Didi အပေါ်မှာ ရင်းနှီးမြှုပ်နှံလိုက်မယ်ကွာ... မင်းတို့ဘက်က ပလက်ဖောင်းရှိပြီးသားဆိုတော့ ငါတို့ဘက်က

နည်းပညာထောက်ပံ့ပေးမယ်...ဒါဆိုရင် ပမာဏအနေနဲ့ အသေးစား ရင်းနှီးမြှုပ်နှံမှုလေး ပြုလုပ်လို့ရပြီ.. အချိန်ကျလာတဲ့ အခါကျ ငါတို့ဘက်က ငွေအချို့ ထောက်ပံ့ပေးလိုက်မယ်ဆိုရင် အကျိုးသက်ရောက်မှုက ပိုပြီးကောင်းသွားတော့မယ်မဟုတ်ဘူးလား... "

"အင်း အကြံကောင်းပဲ..."

"ဒီလိုဆို ကျုပ်တို့တွေ ဒီအစီအစဉ်ကို ဆက်လုပ်လို့ ရတဲ့ပုံပဲ... "လျှန်ကျင်းမင် ပြောလိုက်ပြီး "ကျုပ်တို့ဘက်က Didi ပြိုင်ကားနဲ့ Didi ပင်လယ်ရေကြောင်း စီးပွားရေးရှိနေပြီဆိုတော့ ကုန်းလမ်း၊ ရေလမ်း ၊ လေကြောင်းလမ်း သုံးခုစုံသွားအောင် Didi လေကြောင်းလိုင်း တစ်ခု ဖွဲ့စည်းလိုက်မယ်ဆိုရင်ကော ... ဘယ်လို စလုပ်မလဲဆိုတာ မစဉ်းစားရသေးပေမယ့် အရင်ဆုံး

ကြော်ညာထားပြီးတော့ ဈေးကွက် လှုံ့ဆော်ထားရင် ကောင်းမယ် ထင်တာပဲ...  "

"မင်းတို့ကောင်တွေက ပူးပေါင်း ပါဝင်နေကြတယ်ဆိုတော့ ငါလည်း ငြိမ်ငြိမ် ထိုင်နေလို့ ဘယ်ဖြစ်မှာ..."ကောင်းကျုံးယွမ် ပြောလိုက်သည်။

"မင်းတို့မိသားစုက ကြိုးတွေ ထုတ်တာမဟုတ်ဘူးလား.. ဘယ်လိုကူညီမှာ... "ချင်းဟန် ပခုံးပုတ်ရင်း မေးလိုက်၏။

"ဆွဲကြိုးချဖို့ အရည်အသွေးမြင့်တဲ့ ကြိုးတွေ ရောင်းလို့ရတယ် မဟုတ်ဘူးလား...."

လင်းရှီ "....."

"မင်းက ဒီစီးပွားရေးကို ဘယ်လိုမျိုး လည်ပတ်မှာ...
Didi နိမ့်မှာန်ပို့ဆောင်ပေးတဲ့
ပရောဂျက်ဆိုပြီးလား...လူတွေကို ဆွဲကြိုးချဖို့
ကမ်းလှမ်းပြီး သုံးလေးခုလောက် ယူရင် ပြာအိုး တစ်အိုး
လက်ဆောင်ပေးမယ်.. အဲ့လိုလား.... "

"သောက်ကျိုးနည်း Didi နိမ့်မှာန် ပို့ဆောင်ရေး
ပရောဂျက်.. နာမည်ကတော့
နားထောင်ကောင်းသလိုတော့ ရှိသား...."

ချင်းဟာန်ရယ်မောလိုက်ပြီး လျန်ကျင်းမင်၏ ပခုံးကို
သိုင်းဖက်ကာ "လျန်ကြီးဟျောင့် မင်းတို့ မိသားစုလည်း
Didi နဲ့ ပေါင်းပြီးတော့ အဆင့်မြင့်မြင့်
လေကြောင်းလိုင်း အဆုံးစီရင်တဲ့ စီးပွားရေး
လုပ်လိုက်ပါလား.. "

အခန်းထဲရှိ လူတိုင်း ရယ်မောသံများ
ကျယ်လောင်သွားခဲ့ကြသည်။ ချီရှန်းကျောက်နှင့်
ပေါ်ယွမ်ယွမ်လည်း ထိန်းချုပ်မရနိုင်အောင်
ရယ်မောနေကြလေသည်။

သူတို့တွေ ဘောစ်နဲ့ သူငယ်ချင်း ဖြစ်လာတာ
မဆန်းတော့ပါဘူး... ဒီလိုမျိုး ပါတနာကျနေမှတော့
သူငယ်ချင်းမဖြစ်မှပဲ ထူးဆန်းနေမှာ...

လင်းရီ ဖုန်းကို ယူလိုက်ပြီး ကြည့်လိုက်သောအခါ
နေ့လည်သို့ ရောက်နေပြီးဖြစ်ကြောင်း
သတိထားမိလိုက်၏။ ထို့ကြောင့် သူလူတိုင်းကို
နေ့လည်စာ လိုက်ကျွေးရန် ဟန်ပြင်လိုက်သော်လည်း
ရုတ်တရက် ဆေးရုံတွင် နှုတ်ထွက်စာ
သွားတင်ရဦးမည်ဖြစ်ကြောင်း သတိပြုမိသွား၏။

ကလင် ကလင်

ထိုစဉ် လင်းရီ ဖုန်းသံမြည်လာလေသည်။ လျှန်ရှုရှယ်မှ ဖုန်းဆက်လာခဲ့ခြင်းပင်။

"အလုပ်ရှုပ်နေတာလား..."

"ခုလေးတင် အလုပ်တွေ ပြီးလို့ ထမင်းသွားစားမလို့လေ..."

"နင် ဒီနေ့လည် ဆေးရုံသွားပြီး နှုတ်ထွက်စာတင်မယ်လို့ ပြောဖူးတာ ငါမှတ်မိပါသေးတယ်.. ငါ လိုက်ခဲ့ပေးဖို့ လိုသေးလား..."

"ငါက ထမင်းစားတော့မှာဆိုတော့ မင်းနဲ့အတူ ထမင်းစားနိုင်မှာတော့ မဟုတ်ဘူးနော်..."

"ရပါတယ်..."လျှန်ရှုရှယ် ခဏ ရပ်တန့်လိုက်ပြီ "ဒါနဲ့ ငါ့အမေ နင့်ဆီ ဖုန်းဆက်လာခဲ့သေးလား..."

"အမ်.. မင်းအမေက ဘာဆိုင်လို့ ငါ့ဆီ ဖုန်းဆက်လာခဲ့ရမှာ..."လင်းရီ သက်ပြာမကင်းဖြစ်သွားပြီး "ငါ ဒီမနက်တုန်းက လေယာဉ်ထိုးထားတာလေ.. ဒါကြောင့်မို့ မသိလိုက်တာလားတော့ မသိဘူး..."

"ငါလည်း မသိပါဘူး.. ဒါပေမယ့် နင်နဲ့ အရေးကြီး ကိစ္စ ပြောစရာ ရှိနေတယ်နဲ့ တူတယ်.. ငါ နောက်ကျ အမေ့ဖုန်းနံပါတ် နင့်ဆီ ပို့ပေးလိုက်မယ်.. နင်အားရင် ဖုန်းခေါ်ပေးလိုက်ဦး..."

"ကောင်းပြီလေ.. ပို့ထားပေးလိုက်..."

ရိုးရှင်းစွာ စကားပြောပြီးနောက် လင်းရီ ဖုန်းပြန်ချလိုက်သည်။

"ထိုင်မနေကြနဲ့.. နေ့လည်တောင် ရောက်နေပြီ.. အရင်ဆုံး သွားစားကြစို့.. နေ့လည်ကျရင် ငါတခြား လုပ်စရာတွေ ရှိသေးတယ်..."

"အိုကေလေ.. ငါလည်း ဗိုက်ဆာနေတာနဲ့ အတော်ပဲ..."

ထိုနေ့လည်ခင်းတွင် လင်းရီ ချင်းဟာန်နှင့် ကျန်သူမျှယးကို ဟွိုက်ရန် စားသောက်ဆိုင်သို့ ခေါ်သွားပြီး ဧည့်ခံလိုက်လေသည်။

စားသောက်ပြီးနောက် လင်းရီ ဆေးရုံသို့ ဦးတည်လာခဲ့၏။

ဆေးရုံရှိ လေထုအခြေအနေကတော့ ပုံမှန်အတိုင်းပင်။ လူတိုင်းမှာ တာဝန်ကိုယ်စီနှင့် အလုပ်ရှုပ်နေကြ၏။

လင်းရီအတွက်တော့ ယခု နေရာမှာ နတ်ဗိမ္မာန်နှယ်ပင်။ အပြင်ဘက်တွင် ကမ္ဘာတုန်ဟီးသည့် ကိစ္စများ ဖြစ်ပွားနေစေကာမူ ယခုနေရာကတော့ ထုံးစံအတိုင်း လူနာများကို ကယ်တင်ရင်း အလုပ်ရှုပ်နေဆဲဖြစ်၏။

သို့သော်လည်း ယနေ့မှ စ၍ သူ ဤနေရာကို ခေတ္တယာယီ ခွဲခွာသွားရပေတော့မည်။

"ဟင်း..."

လင်းရီ သက်ပြင်းချလိုက်၏။

သူ ဤနေရာတွင် တစ်လ အတိတိ အလုပ်လုပ်ပြီးနောက် လူနာအချို့မှ ဝိုင်ပုလင်းများ၊ သစ်သီးများ ၊ ဟင်းသီးဟင်းရွက်များ၊ စီးကရက်များပါမကျန် လက်ဆောင်ပေးလာခဲ့ကြသော်လည်း

မည်သူတစ်ဦးတစ်ယောက်ကမျှ ပိုးထည်တံခွန်
ပေးမလာခဲ့ကြချေ။

ဘယ်လိုတောင် ဝမ်းနည်းဖို့ ကောင်းလိုက်လဲ...

သူဆေးရုံသို့ ရောက်သောအခါ နှလုံးအထူးကု ဌာနသို့
တန်းမသွားပဲ ထိုအစား HR ဌာနသို့ သွား၍ သူ၏
နှုတ်ထွက်စာအတွက် လိုအပ်သည်များကို
လုပ်ဆောင်လေသည်။

"အယ်.. ဒေါက်တာလင်းပါလား..."

လင်းရီ ဝင်ရောက်လာသည်ကိုမြင်တော့ HR ဌာန၏
ဒါရိုက်တာ ချန်ပင်းမှာ နွေးထွေးစွာဖြင့်
ကြိုဆိုလိုက်သည်။

လင်းရီမှာ ဒါရိုက်တာတစ်ဦးမျှသာ ဖြစ်သော်လည်း ယခု ဆေးရုံတွင် ကျော်ကြားရေပန်းစားသည့် ပုံရိပ်တစ်ခုဖြစ်နေလေပြီ။ ဒါရိုက်တာမြောင်ပင် သူနှင့် တွေ့ဆုံပါက ပြုံးပြ နှုတ်ဆက်ရ၏။ ထို့ကြောင့် သူမလည်း အားတက်သရောနှင့် လုပ်ဆောင်သင့်သည်။

"အစ်မချန် အလုပ်ရှုပ်နေလားမသိဘူး... ကျွန်တော် ဒီကို နှုတ်ထွက်စာလာယူတာ.. အခု လုပ်ပေးဖို့ အဆင်ပြေရဲ့လား.."

"ဟင်... နှုတ်ထွက်မယ်..."

ချန်ပင်း ကြက်သေသေသွားခဲ့ပြီး "ဒါရိုက်တာလင်း.. ဘာပြောလိုက်တယ်.. နှုတ်ထွက်တော့မလို့..."

လင်းရီ အဘယ်ကြောင့် နှုတ်ထွက်ချင်နေလဲဆိုတာကို ချန်ပင်း တကယ်စဉ်းစားလို့ မထွက်ချေ။

သူ၏ လက်ရှိ ဆေးပညာ အဆင့်အတန်းနှင့် ဆိုပါက
နောက်နှစ်နှစ် သုံးနှစ် နေလျှင် ဆေးရုံ၏
ခေါင်းဆောင်တစ်ယောက်ဖြစ်လာမည်မှာ သံသယ
ရှိနေရန် မလိုပေ။

ခု နှုတ်ထွက်တော့မယ်ဆိုတော့ သူ့ရဲ့အနာဂတ်ကို
ဖျက်ဆီးနေတာနဲ့ အတူတူပဲ မဟုတ်ဘူးလား...

"အင်း ကျွန်တော် အလုပ်ပြောင်းတော့မလို့လေ..
ဆေးရုံမှာ အလုပ်လုပ်ရတာ အရမ်း
ပင်ပန်းလွန်းတယ်."လင်းရီ ပြုံးလိုက်ပြီး "တကယ်လို့
အဆင်ပြေတယ်ဆိုရင် ကျွန်တော့်ကို
ကူညီပေးပါလား....."

"ရပါတယ်.. ဒါပေမယ့် နင်က ဒါရိုက်တာဖြစ်နေတာဆိုတော့ တခြား ဒါရိုက်တာတစ်ယောက်ရဲ့ လက်မှတ်လည်း လိုဦးမှာ..."

"အဆင်ပြေပါတယ်...ကျွန်တော် ဒါရိုက်တာမြောင်ဆီ သွားတွေ့လိုက်မယ်... အရင်ဆုံး နှုတ်ထွက်ဖို့ လိုအပ်တာတွေ စီစဉ်ပေးလို့ရလား...."

"ရတယ်လေ..ခဏစောင့်..."

ဆယ်မိနစ်ကြာပြီးနောက် လင်းရှီ နှုတ်ထွက်စာတွင် လက်မှတ်များ ထိုးပြီးဖြစ်၏။ ဥက္ကဋ္ဌ ဖြစ်သူ၏ လက်မှတ်ကို ယူရသည်ကတော့ ထုံးတမ်းစဉ်လာပင်။

HR ဌာနမှ ထွက်လာခဲ့ပြီးနောက် လင်းရှီ နှလုံးအထူးကု ဌာနသို့ ထွက်လာခဲ့လိုက်သည်။

သို့သော်လည်း ဌာနသို့ ရောက်သောအခါ မည်သူမျှ ရှိမနေကြောင်း သိလိုက်ရ၏။ ထို့ကြောင့် နာ့စ်များနေသည့် နေရာသို့ ဦးတည်လိုက်လေသည်။

"ဒါရိုက်တာလီနဲ့ ကျန်တဲ့သူတွေက ဘယ်လည်း သွားခဲ့ကြတာ... "

"အမ်... လူနာအခန်း ၈၁၂ ထဲမှာ ရှိမယ် ထင်တာပဲ..."

"အိုကေ.. ကျေးဇူးပါ..."

အခန်း ၈၁၂မှာ လျှိုဇီဟောက်၏ အခန်းဖြစ်ပြီး ယမန်နေ့က ခွဲစိတ်မှု ပြီးမြောက်ထားသည့် ကလေးလည်းဖြစ်၏။ သူ၏ ထူးခြားသည့် ရောဂါလက္ခဏာများကြောင့် အဆိုပါ ကလေးလေးကို အထူး ဂရုစိုက်ပေးရမည်မှာ သဘာဝပင်။

လင်းရီ ထိုနေရာသို့ ရောက်သောအခါ ဌာနထဲရှိ ဆရာဝန်အားလုံးနီးပါး ရောက်ရှိနေကြောင်း သိလိုက်ရသည်။

"အစ်ကိုရီ ရောက်လာပြီလား..."ချောင်ရှင်းမှ ဦးစွာ လင်းရီထံ ရောက်လာလေသည်။

"ကလေးအခြေအနေ ဘယ်လိုရှိလဲ..."

"အကုန်ကောင်းတယ်.. ခု နှလုံးအစိတ်အပိုင်းတွေက ပုံမှန်ပြန်ဖြစ်သွားပြီ..."ချောင်ရှင်းပြောလိုက်လေသည်။

"ကျေးဇူးတင်ပါတယ်
ဒါရိုက်တာလင်း.."လျိုဇီဟောက်၏ မိဘများမှ လင်းရီကို ကျေးဇူးတင်လာကြ၏။ "တကယ်လို့ အနောက်တုန်းက ကျွန်တော်တို့မိသားစုကိုသာ ဂရုမစိုက်ပေးခဲ့ဘူးဆိုရင် ခုဆို လျိုအာလေးက အဆုံးသတ်နေလောက်ပါပြီ..."

"အဲ့တာက ကျုပ်လုပ်ရမယ့်တာဝန်ပါ..."လင်းရီ ပြောလိုက်ပြီး "ကျုပ်က ကလေး အခြေအနေကို လာကြည့်တာ.. သူအဆင်ပြေတယ်ဆိုတာ သိရတော့ ကောင်းတာပေါ့..."

"ကောင်းပြီ.. စစ်ဆေးတာတွေလည်း ပြီးပြီဆိုတော့ လူတိုင်းပဲ သွားကြစို့.. ကလေး အနားယူတာကို မနှောင့်ယှက်မိစေနဲ့..."
လီချူးဟန် ပြောလိုက်သည်။

သို့သော်လည်း ထိုအချိန်တွင် မြောင်ကော်ဖုန်းရောက်လာပြီး လင်းရီထံသို့ တန်းတန်းမတ်မတ် သွားကာ "ဒါရိုက်တာလင်း.. အားလုံးက အဆင်ပြေနေတာပဲမဟုတ်လား.. ဘာလို့

ရုတ်တရက်ကြီး နှုတ်ထွက်မယ် လုပ်နေတာ.. တစ်ခုခု
အဆင်မပြေတာများ ရှိနေလို့လား...
မြောင်ကော်ဖုန်း ခါးသီးစွာ မေးလိုက်၏။

"တကယ်လို့ အဆင်မပြေတာ ရှိရင် ကျုပ်ကို
ပြောလိုက်.. ကျုပ် အားလုံး ကိုင်တွယ်ပေးမယ်..."

လင်းရီ နှုတ်ထွက်တော့မည့် သတင်းကို ကြားတော့
အခန်းထဲရှိ လူတိုင်း ရှော့ခ်ရသွားကြလေသည်။

မည်သူကမျှ လင်းရီ နှုတ်ထွက်လိမ့်မည်လို့
မျှော်လင့်မထားခဲ့ချေ။

သို့သော်လည်း လီချူးဟန်ကတော့ ဘာဖြစ်နေလဲဆိုတာ
ခန့်မှန်းနိုင်လေသည်။

လင်းရီမှာ ဘီလီယမ်နာ တစ်ယောက်ဖြစ်၏။ ဆရာဝန်အလုပ်ကို နှစ်သက်သည်မှာ မှန်သော်လည်း သူ၏ စီမံခန့်ခွဲမှုကို လိုအပ်နေသည့် အခြားသော အလုပ်များကလည်း ရှိနေသေးပြန်သည်။ ထို့ကြောင့် သူ၏ အချိန်များကို ယခုလို တစ်နေရာတည်း၌ ဖြုန်းတီးနေ၍ မသင့်တော်ပေ။

လင်းရီ နှုတ်ထွက်လိုက်သည်မှာ သာမန်ပင်။

"မဟုတ်ဘူး ဒါရိုက်တာမြောင် .. ကျုပ်မှာ တခြားလုပ်စရာလေးတွေကလည်း ရှိနေသေးတာလေ... ဒါကြောင့်မို့ ဆေးရုံအလုပ်ကို ခဏဘေးချိတ်ထားရဦးမှာ..."လင်းရီ ပြုံးလိုက်ပြီး "အစကတော့ ကျုပ်လည်း ရာထူးတစ်ခုလောက် ယူမလို့ပါပဲ.. ဒါပေမယ့် ရာထူးတစ်ခု ယူထားမှတော့ သူ့ရဲ့တာဝန်ကိုလည်း ကျေပွန်အောင် လုပ်ရမှာပဲလေ..

ကျုပ်က အလုပ်တအားများတဲ့ကောင်ဆိုတော့ မဖြစ်ချည်ဘူး.. ဒါကြောင့်မို့ နှုတ်ထွက်ဖို့ ဆုံးဖြတ်လိုက်တာ.. ဒါပေမယ့် ပြန်လာရင် ပြန်လာဦးမှာမို့လို့ ဝမ်းနည်းနေတဲ့ ပုံစံကြီး လုပ်မနေပါနဲ့..."

"အစ်ကိုရီ.. ဒီတိုင်းပဲ ထွက်သွားတော့မလို့လားဟင်.. ဒါကြီးက အရမ်း ရုတ်တရက် ဆန်လွန်းတာပဲ...."ချောင်ရှင်းမှ မျက်ရည်တို့ ခိုးသုတ်ရင်း ပြောလိုက်၏။

"ဟော့ ဟော့ ကိုယ့်ကိုယ်ကိုလည်း ထိန်းဦးလေ.. မသိရင် ငါက သေရွာပြန်တော့မှာ ကျနေတာပဲ..."လင်းရီ ငိုရကောင်းနိုး ရယ်ရကောင်းနိုး ဖြစ်နေပြီး "သိတဲ့သူတွေကတော့ ငါ့ကို နှုတ်ဆက်နေမှန်း  နားလည်တာပေါ့.. ဒါပေမယ့် မသိတဲ့

သူတွေအတွက်ကျ မင်းက ငါ့စျာပနာ ရောက်နေတဲ့ အတိုင်းပဲ..."

**စာစဉ် (၃၈)ပြီး၏။**